ကြေးမုံ
The Mirror Daily
၁၉၅၇ ဇူလိုင်လ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်၊ တနင်္လာနေ့။ Monday, 24 May 2021 ၁၀၃၈၃

ကြေးမုံ ယနေ့ ဖတ်စရာ




ဆရာကြီး ပန်းချီ ဦးစိန်၏ ရှေးသွေးတစ်ခေတ် ကာတွန်းလက်ရာများ

စာမျက်နှာ » ၁၁

အကြမ်းဖက်လုပ်ရပ်မှန်သမျှ ပူးပေါင်းတိုက်ဖျက်

စာမျက်နှာ » ၆

# အင်းဝရှေးဟောင်းယဉ်ကျေးမှုနယ်မြေအား တစ်ရက်ခရီးစဉ်အဖြစ် လည်ပတ်လေ့လာနိုင်သော ဒေသဖြစ်စေရန် တိုးချဲ့စီစဉ်ဆောင်ရွက်သွားမည်



မန္တလေး မေ ၂၃

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အင်းဝရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်းရှိ အမွေအနှစ်စေတီပုထိုး၊ အဆောက်အအုံများအား တိုးချဲ့ဖော်ထုတ်၍ နိုင်ငံတကာခရီးသွားများအတွက် တစ်ရက်ခရီးစဉ်အဖြစ် လည်ပတ်လေ့လာနိုင်သော ဒေသဖြစ်စေရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးနေနိုင်ထွန်းက ပြောကြားသည်။ စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖



ရိတ်သိမ်းချိန်လွန်နည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် နည်းပညာဖြန့်ဝေခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်

စာမျက်နှာ » ၄

ပြည်သူကို နမူနာကောင်းပြသူများသာ ဖြစ်သင့်ပါသည်

စာမျက်နှာ » ၈

နယ်စပ်ရေးရာဝန်ကြီးဌာန၏ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များသည် ခက်ခဲသည့်ဒေသများအတွက် ဝန်ထမ်းကောင်းများကို လေ့ကျင့်မွေးထုတ်



စာမျက်နှာ » ၅



ကဆုန်လပြည့်ဗုဒ္ဓနေ့ မျှဝေအပ်ရာ ဓမ္မဒေသနာ

စာမျက်နှာ » ၂၃

ကဆုန်လပြည့်ဗုဒ္ဓနေ့၌ တစ်ပြိုင်တည်း ဖြစ်ပေါ်မည့် စူပါမွန်းနှင့် လကြတ်မှုဖြစ်စဉ်ကို မြန်မာနိုင်ငံမှ မြင်တွေ့ရမည်

စာမျက်နှာ » ၇



# သဘာဝဘေးနှင့်အန္တရာယ်များ အထူးသတိပြု

ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်အားကောင်းလာကာ မေလ ၂၃ ရက်နေ့တွင် မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိခဲ့သည်။ အဆိုပါမုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ရွေ့လျားပြီး မေလ ၂၄ ရက်(ယနေ့)တွင် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိမည်ဟု ခန့်မှန်းထားသည်။

အဆိုပါဆိုင်ကလုန်းမုန်တိုင်းသည် ပင်လယ်ပြင်၏ အနောက်မြောက်ဘက်ဖြစ်သည့် အိန္ဒိယနိုင်ငံဘက်သို့ ရွေ့လျားသွားမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။ အဆိုပါမုန်တိုင်းသည် မြန်မာနိုင်ငံသို့ ဝင်ရောက်နိုင်ခြင်းမရှိသော်လည်း လက်ရှိရာသီဥတုအခြေအနေအရ မုန်တိုင်းအရှိန်နှင့် မိုးသက်လေပြင်းများ ကျရောက်မည့်အနေအထားရှိသည်။ ထို့ကြောင့် ဌာနဆိုင်ရာအလိုက် မိမိတို့ဌာန၏ အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုမှ သက်သာစေရန် ဒေသအလိုက်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြရန်လိုအပ်သည်။ သဘာဝဘေးဒဏ်ကို ခံစားရနိုင်သော ဒေသများရှိ ပြည်သူများ၏အဆောက်အအုံများကိုလည်း ပျက်စီးဆုံးရှုံးခြင်းမရှိစေရန် ဒေသဆိုင်ရာအဖွဲ့အစည်းများက သဘာဝဘေးကာကွယ်ရေးကို ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်များ မကြာခဏကျရောက်လေ့ရှိပြီး နှစ်စဉ်ဖြစ်ပေါ်သည့် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ဘီလီယံနှင့်ချီရှိသည်။ သဘာဝဘေးအန္တရာယ် ကျရောက်တတ်မှုနှင့်အတူ ယခုအခါ မိုးရာသီကာလရောက်ပြီဖြစ်၍ သက်ဆိုင်ရာမြို့နယ်အလိုက် တံတားများနှင့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရမည် ဖြစ်သည်။ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် ပျက်စီးဆုံးရှုံးမှုများအတွက် နိုင်ငံတော်ဘဏ္ဍာငွေ များစွာကျခံသုံးစွဲနေရသည်။ ထိုအချိန်တွင် လူတို့၏ပေါ့ဆမှုကြောင့် ပျက်စီးဆုံးရှုံးမှုများ မဖြစ်စေရေးအတွက် ကြိုတင်စီမံဆောင်ရွက်ကြရန်လိုသည်။

မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်ကြောင့် ကြီးမားသောပျက်စီးဆုံးရှုံးမှုများနှင့် ကြုံတွေ့ခဲ့ရဖူးသည်။ ယနေ့ကာလတွင် ကိုဗစ်-၁၉ ရောဂါအပါအဝင် သဘာဝဘေးအန္တရာယ်များကို အထူးသတိပြု၍ ကြိုတင်ပြင်ဆင်ကာကွယ်ထားရမည်ဖြစ်သည်။ ပြီးခဲ့သည့် မေ ၁၇ ရက်က အိန္ဒိယနိုင်ငံ အနောက်ဘက် ကမ်းရိုးတန်းကို ဝင်ရောက်တိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်းသည် ဆယ်စုနှစ်အတွင်း အပြင်းထန်ဆုံးမုန်တိုင်းဟု ဆိုရမည် ဖြစ်သည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း “တောက်တဲ့”ကြောင့် လူပေါင်း ၁၂၀ ထက်မနည်း သေဆုံးခဲ့သည်။ ထပ်မံ၍ ယခုထက် အင်အားကြီးသော ဆိုင်ကလုန်းမုန်တိုင်းကြီးသည် အိန္ဒိယအရှေ့ဘက်ကမ်းရိုးတန်းအလွန် ဘင်္ဂလားပင်လယ်အော်၌ အရှိန်ယူနေသည်။

“တောက်တဲ့”ဆိုင်ကလုန်းမုန်တိုင်းသည် တစ်နာရီလျှင် လေတိုက်နှုန်း ၁၁၅ မိုင်ဖြင့် တိုက်ခိုက်ခြင်းမပြုမီ ဖြစ်ပေါ်လာသည့် ပြင်းထန်သောမိုးရွာသွန်းမှုနှင့် လေပြင်းများတိုက်ခတ်မှုကြောင့် လူနေအဆောက်အအုံများ ပြိုကျသဖြင့် ပြည်သူအမြောက်အမြား သေဆုံးခဲ့ရသည်။ အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ဆိုးဆိုးရွားရွားဖြစ်ပွားမှုကြောင့် လူအမြောက်အမြားသေဆုံးနေရချိန်တွင် မုန်တိုင်းကြောင့် တစ်ပူပေါ်တစ်ပူဆင့် ဆင်းရဲဒုက္ခဖြစ်ကြရသည်။ မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံဖြစ်၍ ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ကို သင်ခန်းစာယူ သတိမူကြိုတင်ပြင်ဆင်ထားကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ယမန်နှစ်က ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် လူအသေအပျောက်ဆုံးရှုံးထိခိုက်မှုများ ဖြစ်ပေါ်ခဲ့ရပြီးဖြစ်သည်။ ယခုအချိန်အခါတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေဆဲဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများတွင် ရောဂါဖြစ်ပွားမှုများ မြင့်တက်နေသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေဆဲကာလတွင် နိုင်ငံရေးအပြောင်းအလဲဖြစ်ပေါ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နေသည်။ မြို့ရွာများရှိ ပြည်သူအချို့မှာ ကိုဗစ်-၁၉ ရောဂါကိုလည်း ဘေးဖယ်ထားပြီး တိုင်းပြည် မတည်မငြိမ်ဖြစ်အောင် ဆူပူအကြမ်းဖက်ဖျက်ဆီးမှုများ ပြုလုပ်နေကြသည်။ နိုင်ငံအတွင်းရှိ မှီတင်းနေထိုင်ကြသော ပြည်သူများမှာ ကိုဗစ်-၁၉ ရောဂါကိုလည်း သတိထားနေရ၊ အဖျက်အမှောင့်အန္တရာယ်များကိုလည်း ကြောက်ရွံ့နေရသည်။ ယခုအခါတွင် သဘာဝဘေးအန္တရာယ် မိုးသက်မုန်တိုင်းအန္တရာယ်များလည်းရှိနေသည်။ လက်ရှိတွင် မုန်တိုင်းအန္တရာယ်သည် မြန်မာနိုင်ငံသို့ ဦးတည်ခြင်းမရှိသော်လည်း သဘာဝဘေးအမျိုးမျိုးတို့သည် ခန့်မှန်း၍ မရနိုင်သဖြင့် ကြိုတင်ပြင်ဆင် သတိမူထားကြရန် လိုအပ်သည်။

မြန်မာနိုင်ငံသည် ကိုဗစ်-၁၉ ကပ်ရောဂါဘေးအန္တရာယ်၊ နိုင်ငံရေးကပ်ဘေးအန္တရာယ်နှင့် လတ်တလော အရိပ်အယောင် မြင်တွေ့နေရသော သဘာဝဘေး မိုးသက်မုန်တိုင်းအန္တရာယ်များပါ ပေါင်းစုံစုပေါင်းဖြစ်ပွားလာလျှင် တစ်ပူပေါ် တစ်ပူဆင့်မက အပူအမျိုးမျိုးဆင့်၍ တိုင်းရင်းသားပြည်သူအားလုံး ဒုက္ခသံသရာတွင်း၌ ကြာရှည်သက်ဆင်းနေကြရမည်ဖြစ်သည်။ သို့ဖြစ်ရာ မမျှော်မှန်းနိုင်သော ဘေးဒုက္ခအမျိုးမျိုးတို့ကို မျှော်မှန်းတွက်ဆ၍ ကြိုတင်ပြင်ဆင် ဆင်ခြင်ရှောင်ရှားကြရမည်ဖြစ်သည်။ ကံအကြောင်းမလှဘဲ ဒုက္ခအမျိုးမျိုး မကျရောက်နိုင်ရေးအတွက် အသိဉာဏ်ဆင်ခြင်ဉာဏ်တရားဖြင့် မိမိတို့ဘဝ၊ မိမိတို့ပတ်ဝန်းကျင်၊ မိမိတို့နိုင်ငံ အန္တရာယ်ကင်းဝေးနည်းပါးရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထိန်ဝင်းကို အမျိုးသားမှတ်ပုံတင်နှင့်နိုင်ငံသားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# အင်္ဂပူမြို့နယ်၌ အမြိုင်းအင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်

**အင်္ဂပူ မေ ၂၃**

ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် လူတော်စုကျေးရွာအုပ်စု အမြိုင်းကျေးရွာအတွင်းရှိ အမြိုင်းအင်း (သုတေသနအင်း) အား ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်းကို ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင့်လွင် ဦးဆောင်သော မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်မော်မော်ဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



**ပြုပြင်တူးဖော်**

အဆိုပါလုပ်ငန်းများကို ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး၏ လမ်းညွှန်ချက်အရ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး၏ အနီးကပ်ကြီးကြပ်မှုဖြင့် အင်းအတွင်းရှိ ပက်ကောအိုင်ကွက်အား အလျား ၁၃၅ ပေ၊ အနံ ၁၃၅ ပေ၊ အနက် သုံးပေ တူးဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အင်းလုပ်ငန်းသည် နိုင်ငံတော်အတွက် အခွန်ငွေများရရှိအောင် ဆောင်ရွက်ပေးနေသည့် လုပ်ငန်းဖြစ်ပြီး ငါးသယံဇာတသည် ပြည်သူများ၏ စားသုံးမှုအာဟာရအတွက် အထူးအရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ ယခုလို အင်းများ၊ ချောင်းများ ပြန်လည်တူးဖော်ပေးသည့်အတွက် ငါးအထွက်နှုန်း တိုးတက် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး အင်းအတွင်း ငါးများ ရှင်သန်ပေါက်ပွားမှု ပိုမိုကောင်းမွန်ခြင်း၊ တိုင်းရင်းငါးမျိုးများကို ထိန်းသိမ်းနိုင်ခြင်း၊ ရေသယံဇာတ၊ ငါးသယံဇာတများ ပိုမိုတိုးပွားလာနိုင်ခြင်းတို့ကြောင့် အင်္ဂပူမြို့နယ်တွင် ၂၀၂၁-၂၀၂၂ ခုနှစ် လုပ်ငန်းရာသီအတွင်း အမြိုင်းအင်း (သုတေသနအင်း)ကို ပြုပြင်တူးဖော် ဆောင်ရွက်မှုများ ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဒေါ်မော်မော်ဝင်းထံမှ သိရသည်။ **မန်းကျော်(ပြန်/ဆက်)**

# ကချင်ပြည်နယ် ဗန်းမော်ခရိုင်အတွင်းရှိ ဆင်စွယ်ချောင်းကူး ကွန်ကရစ်တံတား ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီး

**ဗန်းမော် မေ ၂၃**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နယ်စပ်ဒေသ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ကောင်းမွန်စေရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၈၉ သန်းဖြင့် ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့ နတ်ခုတ်-ဗူးတောင်းလမ်းပေါ်ရှိ ဆင်စွယ်ချောင်းကူး ပေ ၄၀ အရှည်ရှိ ကွန်ကရစ်တံတား ၁၀၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးမှုအခြေအနေများအား ဗန်းမော်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လင်းနှင့် အဖွဲ့ဝင်များက မေ ၂၂ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။



**များစွာအကျိုးပြု**

အဆိုပါ ကွန်ကရစ်တံတား တည်ဆောက် ပြီးစီးသွားသည့်အတွက် ဗန်းမော်မြို့နယ်အတွင်းရှိ ကျေးရွာ ရှစ်ရွာ၊ အိမ်ခြေ ၁၃၃၂ အိမ်၊ လူဦးရေ ၄၂၂၁ ဦး အတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို များစွာ အကျိုးပြုလျက်ရှိကြောင်း သိရသည်။

ငွေကြယ်


ကြေးမုံ

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် |
| စာတည်းမှူး | - | ဦးဝင်းနိုင် |
| သတင်းထောက်မှူး | - | ဦးမြင့်စိုး |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး |
| ဘာသာပြန် စာတည်းများ | - | ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် |
| အကြီးတန်း သတင်းထောက်များ | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း |
| အငယ်တန်း သတင်းထောက်များ | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| သုတေသန | - | ဒေါ်ဇင်မာဝင့် |
| စာပြင် | - | ဒေါ်ခင်နှင်းယု၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့ |
| အီးမေးလ်နှင့် အွန်လိုင်း | - | ဦးစိုးချစ်ဦး၊ ဦးစည်သူလွင် |

# ဆီ အလွန်အကျွံစားသုံးမှု၊ ဟင်းချိုမှုန့် စားသုံးမှု၊ မူးယစ်ဆေးဝါး၊ အရက်နှင့် ဆေးလိပ် သောက်သုံးမှုများကို အသိတရားဖြင့် ထိန်းသိမ်းနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန်လို

ပြည်သူများကျန်းမာရေးနှင့်ညီညွတ်သည့်ဆီများ စားသုံးနိုင်ရေးအတွက်လည်း ပြည်ပမှတင်သွင်းသည့် စားသုံးဆီများတွင် ပြန်လည်သန့်စင်ထားသည့်ဆီများမဖြစ်စေဘဲ အရည်အသွေးအာမခံနိုင်မှုရှိစေရေးအတွက် စနစ်တကျကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ၆၇ ဒသမ ၄၂ နှစ်သာရှိသဖြင့် အိမ်နီးချင်းနိုင်ငံများတွင် အနိမ့်ဆုံးဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ကျန်းမာရေးကို ထိခိုက်စေနိုင်သည့်ဆီများ အလွန်အကျွံစားသုံးမှု၊ ဟင်းချိုမှုန့် စားသုံးမှု၊ မူးယစ်ဆေးဝါး၊ အရက်နှင့် ဆေးလိပ် သောက်သုံးမှုများကို အသိတရားဖြင့်ထိန်းသိမ်းနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံရှိ ပြည်သူများ၏သက်တမ်းသည် ကမ္ဘာပေါ်တွင် စံချိန်မီသည့် လူ့သက်တမ်းဖြစ်စေရေးအတွက် အာဟာရပြည့်ဝသည့် စားသောက်ကုန်များအား ဈေးနှုန်းသက်သာစွာဖြင့်ရရှိအောင် ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာသည့်နေထိုင်စားသောက်မှုပုံစံ နေထိုင်စားသောက်နိုင်ရေးအတွက် အသိပညာပေးခြင်းများကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၀/၂၀၂၁) ၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ မကွေးတိုင်းဒေသကြီးအတွင်း သစ်တောပျိုးခင်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော်  မေ ၂၃**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် တာဝန်ရှိသူများနှင့်အတူ မေ ၂၂ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိအပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်နေသည့် တန့်ကြည့်တောင်အထူးစိမ်းလန်းစိုပြည်ရေး စီမံကိန်းဧရိယာအတွင်း နှစ်အလိုက် တည်ထောင်စိုက်ပျိုးခဲ့သော တစ်အုပ်တစ်မစိုက်ခင်းနှင့် အထူးစိမ်းစိုက်ခင်းများ၏ အောင်မြင်ရှင်သန်နေသည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ ၂၀၂၁ ခုနှစ် မိုးရာသီတွင်စိုက်ပျိုးမည့် အထူးစိမ်း စိုက်ခင်းများ၏ မြေကျင်းတူးပြီး စိုက်ရန်အသင့်ဖြစ်နေသည့်အခြေအနေများ၊ စိုက်ခင်းများအားရေလောင်းစိုက်ပျိုးရန် ကွန်တိုမြောင်းများတွင် ရေပိုက်သွယ်တန်းထားရှိမှုနှင့် မြစ်ရေတင် ပြင်ဆင်ဆောင်ရွက်မှုများ၊ သဘာဝတောကျန် ထိန်းသိမ်းကာကွယ်ထားမှုအခြေအနေများ၊ ၂၀၂၁ ခုနှစ် မိုးရာသီစိုက်ပျိုးရန် ပျိုးပင်များအား ယောချောင်းမှရေတင်၍ ပျိုးထောင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ပေါက်ပင်ကန် အမြဲတမ်းပျိုးဥယျာဉ်ရှိ ပျိုးပင် ၁၃၀၀၀၀ ကျော် ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ချောက်မြို့နယ် သံဘိုကျေးရွာအုပ်စု သံဘိုကျေးရွာရှိ အိမ်ခြေ ၁၀၅ အိမ်အတွက် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက တစ်အိမ်လျှင် ဂါလန် ၂၀၀ ဆံ့ ကွန်ကရစ်မိုးရေစုကန်နှင့် ရေတံလျှောက် တည်ဆောက်တပ်ဆင်ပံ့ပိုးထားမှုနှင့် သုံးစွဲနေမှုများ၊ စွမ်းအားမြှင့်မီးဖို ဖြန့်ဝေပေးထားမှုများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရပ်မိရပ်ဖ၊ ကျေးရွာသူ ကျေးရွာသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်ချက်များ မေးမြန်းဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး ဗဟန်းမြို့နယ် ကန်တော်ကြီးသဘာဝဥယျာဉ်အတွင်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန်  မေ ၂၃**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ယနေ့နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ ကန်တော်ကြီးသဘာဝဥယျာဉ် သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။





ရှေးဦးစွာ ရန်ကုန်မြို့တော်ဝန်နှင့်အဖွဲ့သည် ကန်တော်ကြီးဥယျာဉ်အတွင်းရှိ မကျည်းတန်းမြောင်းနေရာသို့ ရောက်ရှိပြီး ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မကျည်းတန်းမြောင်း ရေထိန်းတံခါးနှစ်ခု နေရာတွင် ဦးထောင်ဘိုအဝိုင်း ဗဟန်း(၃)လမ်းနှင့် ဝက်ဘာလမ်းအသီးသီးတို့မှ စီးဝင်လာသောမြောင်းများ ပိတ်ဆို့မှုမရှိစေရန် မကျည်းတန်းမြောင်းအတွင်း အမှိုက်များနှင့် နုန်းများဆယ်ယူရှင်းလင်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် မြေပဒေသာကျွန်းရှိ ဆင်ရုပ်ရေကန်မှ အမှိုက်များ ဆန်ခါဖြင့် ဆယ်ယူရှင်းလင်းရန်နှင့် ကျွန်းပတ်မြောင်းအတွင်း ပေါက်ရောက်နေသည့် အပင်များရှင်းလင်းရန် မှာကြားပြီး ဝက်ဘာလမ်းနှင့် နတ်မောက်လမ်းသွယ် (၁)တို့မှ ကန်တော်ကြီးသို့ ဝင်ရောက်သည့် ရေဝင်ပေါက်များနှင့် ဂျပန်နိုင်ငံ Kubota ကုမ္ပဏီမှ လှူဒါန်းထားသည့် ရေစုပ်စက် စမ်းသပ်မောင်းနှင်မှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ကန်တော်ကြီး သစ်တောဇုန်အတွင်း ရေစစ်ကန် ပြန်လည်တူးဖော်နေမှု၊ ရန်ကုန်မြို့နှင့် ညီအစ်မမြို့တော် ချစ်ကြည်ရေးတည်ဆောက်ထားသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယန်ကျိုးမြို့မှ လှူဒါန်းထားသောလေှကို ကြည့်ရှုစစ်ဆေး၍ ချစ်ကြည်မှုအထိမ်းအမှတ်အဖြစ်ထားရှိရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင် ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး သန်လျင်မြို့နယ်ရှိ သန်လျင်သဘာဝဓာတ်ငွေ့ထိန်းဖြန့်စခန်းနှင့် အမှတ်(၀၁၈)မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင် ပြောင်းရွှေ့ဖွင့်လှစ်မည့်မြေနေရာ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၃**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ကမ်းလွန်ရေနံအခြေစိုက်စခန်း၊ သန်လျင်မြို့နယ်ရှိ သန်လျင် သဘာဝဓာတ်ငွေ့ထိန်းဖြန့်စခန်းနှင့် အမှတ်(၀၁၈) မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ အရောင်းဆိုင် ပြောင်းရွှေ့ဖွင့်လှစ်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

**လိုအပ်သည်များမှာကြား**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သာကေတမြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ကမ်းလွန်ရေနံအခြေစိုက်စခန်း (သာကေတ)သို့ ရောက်ရှိရာ အစည်းအဝေးခန်းမတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဉာဏ်ထွန်းနှင့် စခန်းတာဝန်ခံ အထွေထွေမန်နေဂျာတို့က လုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားခဲ့ပြီး ကမ်းလွန်အခြေစိုက်စခန်းအတွင်းရှိ ဆိပ်ခံတံတားများ အဆင့်မြှင့်တင်



တည်ဆောက်နေသည့် စီမံကိန်းလုပ်ငန်းနေရာများ၊ ရေလုံသင်္ဘောကျင်း(Dry Dock)၊ ပစ္စည်းစီမံဌာန ပိုက်စင်နှင့် ဂိုဒေါင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သန်လျင်မြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ သန်လျင်သဘာဝဓာတ်ငွေ့ထိန်းဖြန့်စခန်းနှင့် အမှတ်(၀၁၈) မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင်(CNG) ပြောင်းရွှေ့ဖွင့်လှစ်မည့် နေရာသို့ ရောက်ရှိရာ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဉာဏ်ထွန်း၊ အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ CNG အရောင်းဆိုင် ၃၄ ဆိုင်မှ မော်တော်ယာဉ်အစီးရေ ၂၀၀၀၀ ခန့် နေ့စဉ် သဘာဝဓာတ်ငွေ့များ ဖြည့်တင်းရောင်းချနေမှု၊ CNG အရောင်းဆိုင် ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရေး ရန်ပုံငွေလျာထားမှု၊ လုံခြုံရေးဆောင်ရွက်ပေးနေမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ပြီး အရောင်းဆိုင်တွင် အသုံးပြုမည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်၍ ဓာတ်အားဖြန့်ဖြူးပေးမည့်အခြေအနေတို့ကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရိတ်သိမ်းချိန်လွန်နည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် နည်းပညာဖြန့်ဝေခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်

**နေပြည်တော် မေ ၂၃**

စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍတွင် ရိတ်သိမ်းပြီးချိန်မှ စားသုံးသူလက်ဝယ်ရောက်ချိန်အထိ ကြားကာလအတွင်း လေလွင့်ပျက်စီးမှုပမာဏအများဆုံးဖြစ်သည်ကို လေ့လာတွေ့ရှိရမည်ဖြစ်ကြောင်း၊ ဆွတ်ခူးခြင်း၊ သယ်ယူသိုလှောင်ခြင်း၊ ထုပ်ပိုးဖြန့်ချိခြင်း စသည့် လုပ်ငန်းစဉ်တစ်လျှောက်တွင် အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်မှုများကို ထိရောက်စွာကုစားနိုင်မည့် ရိတ်သိမ်းချိန်လွန်နည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် နည်းပညာဖြန့်ဝေခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မေ ၂၂ ရက် မွန်းလွဲပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ရိတ်သိမ်းချိန်လွန်နည်းပညာဗဟိုဌာနသို့ ရောက်ရှိစစ်ဆေးစဉ် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဒေသနှင့်ကိုက်ညီပြီး အသုံးပြုရန် လွယ်ကူသော ရိတ်သိမ်းချိန်လွန်စက်ကိရိယာများ ဆန်းသစ်ပြောင်းလဲသုံးစွဲနိုင်ရေးအတွက် စမ်းသပ်ခြင်းနှင့် ဒီဇိုင်းတီထွင် ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ရိတ်သိမ်းချိန်လွန် အင်ဂျင်နီယာ ဓာတ်ခွဲခန်းကို လည်းကောင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်မှုအဆင့်ဆင့်ကို လည်းကောင်း၊ အရည်အသွေးကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် အမြင့်ဆုံး ပိုးသတ်ဆေးဓာတ်ကြွင်းအာနိသင်ပါဝင်မှုနှင့်ဘေးဖြစ်စေတတ်သော အဏုဇီဝပိုးမွှားများပါဝင်ပေါက်ပွားမှု တိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် သီးနှံအရည်အသွေးနှင့် ပိုးမွှားကင်းစင်မှုဓာတ်ခွဲခန်းလုပ်ငန်းများကို လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။



**သတင်းစဉ်**

## နယ်စပ်ရေးရာဝန်ကြီးဌာန၏ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များသည် ခက်ခဲသည့်ဒေသများအတွက် ဝန်ထမ်းကောင်းများကို လေ့ကျင့်မွေးထုတ်

**မြစ်ကြီးနား မေ ၂၃**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးတက္ကသိုလ် (စစ်ကိုင်း) နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်နှင့် စစ်ကိုင်း)တို့အတွက် ကချင်ပြည်နယ်သင်တန်းသားရွေးချယ်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁)ကို မေ ၂၁ ရက် နံနက် ၁၁ နာရီတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်နယ်သင်တန်းသားရွေးချယ်ရေးကော်မတီနာယက ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က နယ်စပ်ရေးရာဝန်ကြီးဌာန၏ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များသည် နယ်စပ်ဒေသများနှင့် အမှန်တကယ် ခက်ခဲသည့်ဒေသများအတွက် တန်ဖိုးရှိသည့် ဝန်ထမ်းကောင်းများကို လေ့ကျင့်မွေးထုတ်ပေးနေပါကြောင်း၊ ဒို့ကြောင့် ဒီနေ့ပြည်နယ်အတွင်းမှာရှိသည့် တိုင်းရင်းသားလူငယ်များ တက်ရောက်နိုင်ရေးအတွက် အရည်အချင်းကိုက်ညီသည့် သင်တန်းသားများအား ရွေးချယ်စေလွှတ်နိုင်ရေး ပွင့်ပွင့်လင်းလင်း ဆွေးနွေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်သင်တန်းသားရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးကျော်လင်းအောင်က ပြည်နယ်သင်တန်းသားရွေးချယ်ရေးကော်မတီဖွဲ့စည်းထားရှိမှုအခြေအနေနှင့် နယ်စပ်ဒေသများထိ သင်တန်းသားလျှောက်လွှာများ ဖြန့်ဝေခေါ်ယူနိုင်ရေးအတွက် ပညာရေးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ကော်မတီတွဲဖက်အတွင်းရေးမှူး(၂) ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက တက္ကသိုလ်၊ ဒီဂရီကောလိပ်များအတွက် ပြည်နယ်အတွင်းမှ သင်တန်းသားခေါ်ယူသွားမည့်အစီအစဉ်များနှင့် အရည်အချင်းသတ်မှတ်ချက်များကိုလည်းကောင်း၊ ကော်မတီတွဲဖက်အတွင်းရေးမှူး(၁) ပြည်နယ်ပညာရေးမှူးက ခရိုင်/မြို့နယ်များအလိုက် သင်တန်းသားလျှောက်လွှာများ ဖြန့်ဝေခေါ်ယူဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ရေးဖြေနှင့် လူတွေ့စစ်ဆေးခြင်းဆောင်ရွက်ရာတွင် လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နယ်စပ်ဒေသနှင့် ခက်ခဲသောဒေသများရှိ တိုင်းရင်းသားလူငယ်များ တက်ရောက်နိုင်ရေးအတွက် အလေးထားဆောင်ရွက်ကြရေး၊ ရွေးချယ်ရေးကော်မတီဝင်များအနေဖြင့် မိမိတို့ဒေသ၊ မိမိတို့ပြည်နယ်အတွက် အမှန်တကယ် ကြိုးစားဆောင်ရွက်ကြမည့် လူငယ်များရွေးချယ်ပေးနိုင်ရေးနှင့် လိုအပ်သည့်ထောက်ပံ့မှုများ မြန်ဆန်စွာဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးတို့ကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

**ပြည်နယ် (ပြန်/ဆက်)**






## ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်မိသားစုများ၏ ကိစ္စအဝဝကို နယ်စပ်ရေးရာဝန်ကြီးဌာနက နှစ်စဉ်ထောက်ပံ့

**ဘားအံ မေ ၂၃**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် မေ ၂၁ ရက် နံနက် ၁၀ နာရီက ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ(၂)၌ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် ငြိမ်းချမ်းရေးကောင်စီ (KNU/ KNLA– PC) တို့ကို ဆန်အိတ်များ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) နှင့် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် ငြိမ်းချမ်းရေးကောင်စီ (KNU/ KNLA– PC) တို့သည် လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက NCA လက်မှတ်ရေးထိုးထားခဲ့သည့် အဖွဲ့အစည်းများဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်များ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင်လည်း တက်ရောက်ဆွေးနွေးခဲ့ကြသည့် အဖွဲ့အစည်းများဖြစ်ကြောင်း၊ ယနေ့တွင်လည်း နယ်စပ်ရေးရာဝန်ကြီးဌာနက ငြိမ်းချမ်းရေးတပ်ဖွဲ့မိသားစုဝင်များအတွက် ထပ်မံထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ အစိုးရအဆက်ဆက်မှ ငြိမ်းချမ်းရေးဝင်ရောက်လာသည့် တပ်ဖွဲ့ဝင်မိသားစုများနေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ လမ်း၊ တံတား၊ ရေ၊ မီး၊ စိုက်ပျိုးမွေးမြူရေးကိစ္စအဝဝကို နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဘတ်ဂျက်များ လျာထား၍ နှစ်စဉ်ထောက်ပံ့ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးက ယခုအခါ လုံခြုံရေးသည် အဓိကကျကြောင်း၊ ငြိမ်းချမ်းရေးရှိလျှင် ပိုမိုလုံခြုံမှုရှိပြီး ငြိမ်းချမ်းရေးနှင့် လုံခြုံမှုရှိမှ အဓိကကျသည့် စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး အစစအရာရာအဆင်ပြေနိုင်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးမရှိလျှင် လူနေမှုဘဝနိမ့်ကျပြီး နောင်မျိုးဆက်များအထိ သက်ရောက်မှုရှိသည့်အတွက် ယခုကဲ့သို့ ငြိမ်းချမ်းရေးအဖွဲ့အစည်းများအားလုံးကို ကြိုဆိုကြောင်း၊ အပစ်အခတ်ရပ်စဲရေးကိုဆက်လက်ထိန်းသိမ်း၍ ထာဝရငြိမ်းချမ်းရေးရရှိသည်အထိ အကောင်အထည်ဖော်သွားရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နယ်စပ်ရေးရာဝန်ကြီးဌာနမှ ထောက်ပံ့သည့် ဆန်အိတ် ၅၀၀ ကို ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) ထံသို့လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးက ဆန်အိတ် ၄၅၀ ကို ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် ငြိမ်းချမ်းရေးကောင်စီ (KNU/ KNLA– PC) ထံသို့လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ရာ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

❖ **ရှေ့ဖုံးမှ**

အဆိုပါ အင်းဝဒေသတွင် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်လက်ရာ ဘုရားစေတီများနှင့် အဆောက်အအုံများစွာရှိသော်လည်း လက်ရှိတွင် ၎င်းဒေသသို့ လာရောက်လေ့လာကြသည့် ပြည်တွင်း၊ ပြည်ပခရီးသွားများအနေဖြင့် ဗားကရာကျောင်းတော်ကြီး၊ မယ်နုအုတ်ကျောင်း၊ နန်းမြို့ရိုး၊ နန်းမြင့်မျှော်စင်နှင့် ဆင်ကျုံးခံတပ်များသို့သာ နေ့တစ်ပိုင်းခရီးစဉ်အဖြစ် လာရောက်လေ့လာလျက်ရှိရာ ကျန်ရှိနေသည့် အင်းဝခေတ်၊ ညောင်ရမ်းခေတ်နှင့် အမရပူရခေတ်လက်ရာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ဘုရားစေတီများဖြစ်သော ခြောက်ဆူတန်းဘုရားစု၊ ကိုးဆူတန်းဘုရားစု၊ ဒေါ်ဂျမ်းဘုရားစု၊ မြင့်မိုလ်တောင်ဘုရားနှင့် ဝင်္ကပါဘုရား စသည့်နေရာများသို့ သွားရောက်လေ့လာနိုင်စေရန် တိုးချဲ့ဖော်ထုတ်ထားရှိပြီးဖြစ်ရာ မကြာမီကာလတွင် နိုင်ငံတကာခရီးသွားများအတွက် တစ်ရက်ခရီးစဉ်ဒေသအဖြစ် လာရောက်လည်ပတ်လေ့လာနိုင်စေရေးအတွက် ခရီးသွားဧည့်လမ်းညွှန်အသင်းများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**လည်ပတ်လေ့လာနိုင်**

"လက်ရှိမှာ အင်းဝဒေသကို လာရောက်လေ့လာနေကြသူတွေအနေနဲ့ နေ့တစ်ပိုင်းခရီးစဉ်အဖြစ်ပဲ လာရောက်နေကြပါတယ်။ ဒါကြောင့် တစ်နေ့တာခရီးစဉ်အဖြစ် လည်ပတ်လေ့လာနိုင်ဖို့ နေရာသစ်တွေလည်း တိုးချဲ့ဖော်ထုတ်ထားသလို သွားလာရေးအဆင်ပြေစေဖို့ လမ်းတွေလည်း ဖောက်လုပ်ထားပါတယ်။ ဆက်လက်ပြီးတော့လည်း ရှေးဟောင်းဘုရားတွေ ဖော်ထုတ်ပြုပြင်မှုတွေနဲ့ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေကောင်းမွန်စေဖို့ လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် မကြာခင်ကာလမှာ ရောက်ရှိလာတော့မယ့် ခရီးသွားလုပ်ငန်းတွေ ပြန်လည်ဖွံ့ဖြိုးလာချိန်မှာ အင်းဝဒေသကို တစ်ရက်ခရီးစဉ်အဖြစ်လည်ပတ်နိုင်ဖို့ ခရီးသွားဧည့်လမ်းညွှန်အဖွဲ့နှင့်တွေ့ဆုံပြီး အင်းဝဒေသမှာ တိုးချဲ့ဖော်ထုတ်ထားတဲ့ ရှေးဟောင်းအမွေအနှစ်နေရာသစ်တွေကို သူတို့ရဲ့ ခရီးစဉ်မှာ ထည့်သွင်းဖြည့်စွက်ရေးဆွဲပေးဖို့ ဆွေးနွေးညှိနှိုင်းသွားမှာပါ" ဟု ၎င်းက ပြောသည်။

လက်ရှိတွင် မြောက်ဦးဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် တင်သွင်းနိုင်စေရေးအတွက် ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍ အင်းဝရှေးဟောင်းနယ်မြေဒေသကိုလည်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်စေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားလျက်ရှိရာ လက်ရှိတွင် ၎င်းဒေသရှိ ရှေးဟောင်းအမွေအနှစ်များ ပျက်စီးဆုံးရှုံးမှု နည်းပါးစေရန်နှင့် ခေတ်ကာလလူနေမှုအဆင့်အတန်းမြင့်မားမှုနှင့် လိုက်လျောညီထွေဖြစ်စေရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

အင်းဝမြို့ဟောင်းဒေသသည် သတိုးမင်းဖျား အေဒီ ၁၃၆၄ မှ စတင်၍ ဘကြီးတော်မင်း ၁၈၂၁ လက်ထက်သို့တိုင်အောင် နှစ်ပေါင်းလေးရာခန့် မင်းနေပြည်တော်ဖြစ်ခဲ့သောကြောင့် ထိုခေတ် ဘုရင်မင်းမြတ်၊ မိဖုရား၊ သားတော်၊ သမီးတော်များနှင့် မှူးမတ်ပြည်သူများ ဆောက်လုပ်လှူဒါန်းထားသည့် ဘုရားစေတီပုထိုး၊ ဂူကျောင်းနှင့် အဆောက်အအုံ စုစုပေါင်းမှာ ၆၂၄ ခုရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မွန်ပြည်နယ်၌ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပ

**မော်လမြိုင် မေ ၂၃**

မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ (ဖလား) ၁၀ မြို့နယ် အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးအပ်ပွဲအခမ်းအနားကို မေ ၂၁ ရက် ညနေ ၃ နာရီက မော်လမြိုင်မြို့ Southern Myanmar ဘောလုံးကွင်း၌ ကျင်းပသည်။

ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ (ဖလား) ၁၀ မြို့နယ် အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲပွဲစဉ်အဖြစ် ရေးမြို့နယ်အသင်းနှင့် ကျိုက်မရောမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရေးမြို့နယ်အသင်းက သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်းက ပထမဆုရရှိသော ရေးမြို့နယ် ဘောလုံးအသင်းအား ငွေသားဆုနှင့် တံခွန်စိုက်ဒိုင်းဆုကိုလည်းကောင်း၊ ဆုရရှိကြသောအသင်းများနှင့် တစ်ဦးချင်းဆုတံဆိပ်တို့ကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။ ရေးမြို့နယ် ဘောလုံးအသင်းသည် သုံးနှစ်ဆက်တိုက် ချန်ပီယံဖြစ်ကြောင်းလည်း သိရသည်။

အဆိုပါ အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဦးဇော်လင်းထွန်းနှင့် ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘောလုံးအားကစားသမားများနှင့် နည်းပြများ၊ အားကစားဝါသနာရှင်များ တက်ရောက်ခဲ့ကြသည်။

**ဝေလင်းအောင်**

# အကြမ်းဖက်လုပ်ရပ်မှန်သမျှ ပူးပေါင်းတိုက်ဖျက်

မိုးဆွေ


ပဲခူးမြို့၌ ထိုင်းနိုင်ငံသားပိုင် ဝိုင်ထုတ်လုပ်ရေးကုမ္ပဏီခြံဝင်းအတွင်းရှိ ဂိုဒေါင်အား အကြမ်းဖက်သူများက မီးရှို့ခဲ့မှုကို တွေ့ရစဉ်။

မေလ၏ အပူရှိန်က ပူပူပြင်းပြင်းပင်။ အပူရှိန်ပြင်းသည့် ရာသီဥတုကြောင့် ကျွန်တော်တို့ခြံရှေ့ရှိ ဗာဒံပင်ရိပ်နှင့် ရေချမ်းစင်၌ အမောပြေ ရေတစ်ခွက်သောက်ရင်း၊ အပင်ရိပ်ခိုရင်း လမ်းသွားလမ်းလာ တစ်ဦးစ နှစ်ဦးစ ဆုံကြရင်း စကားလက်ဆုံ ကျတတ်သည်။ အပင်ရိပ်ဝယ် ရေသောက်အမောဖြေကြရင်း မြန်မာလူမျိုးတို့ ထုံးစံအတိုင်း နှုတ်ဆက်စကားဆိုတတ်ကြသည်သာ။ စကားသံများ ဆိုသံကြားတိုင်း ရပ်ထဲ ရွာထဲ ဘာသတင်းစကားများထူးမလဲဟု ကျွန်တော်လည်း လူ့သဘာဝနားစွင့်မိသည်သာ။ စကားများက ထုံးစံအတိုင်း လက်ရှိနိုင်ငံရေး အခြေအနေပင်။

"ရန်ကုန်မှာ ဗုံးတွေကွဲတယ် ကြားတယ်။ မလုပ်သင့်ပါဘူးဗျာ။ မထိတ်သာ မလန့်သာရှိလိုက်တာ၊ အေးအေးချမ်းချမ်းပဲ နေချင်တာပါ"ဟု ဆိုသူကတစ်ဦး။

"ကလေးတွေ ကျောင်းတက်ရင် ဗုံးခွဲမယ်ဆိုပြီး ခြောက်လှန့်တာတွေ မကြားဘူးလား။ ကျွန်တော့်မြေးလေးတော့ ကျောင်းပို့ဖို့ ရင်ထိတ်နေရတယ်။ တကယ်တော့ ကလေးတွေနဲ့ မဆိုင်ပါဘူး။ ကိုဗစ်ကြောင့် ကျောင်းက မဖွင့်နိုင်သေးတာ၊ အခုပြန်ဖွင့်မှာကို အားလုံးဖေးမရမှာ" ဟု ဆိုသူကတစ်ဦး။

"မတည်မငြိမ်နဲ့ဆိုတော့ စီးပွားမဖြစ်ဘူးပေါ့။ အလုပ်ကောင်းကောင်းမှ မလုပ်ရတာ" ဟု ဆိုသူကဆို။

ထိုကဲ့သို့ ဗာဒံပင်ရိပ် အရိပ်ခိုရင်း စကားဆိုသူများသည် လက်တွေ့သိမြင် ခံစားရမှုများကို တစ်ခွန်းစ နှစ်ခွန်းစဆိုကြပြီး သက်ဆိုင်ရာအရပ်ရပ်သို့ ထွက်ခွာသွားကြသည်။ ဗာဒံပင်ရိပ်က ပျံ့လွင့်လာသည့် စကားသံများသည် ရပ်ထဲရွာထဲက ပြည်သူများ၏ ရင်တွင်းခံစားချက်စကားသံများဆိုလျှင်လည်း မမှားပေ။ ဤစကားများကို စေ့ငုသုံးသပ်ကြည့်လျှင် ပြည်သူများအနေဖြင့် ငြိမ်းငြိမ်းချမ်းချမ်း၊ အေးအေးချမ်းချမ်း နေထိုင်ရှာဖွေစားသောက်လိုကြသည့် စကားသံများကိုသာ ကြားခဲ့ရသည်။

နိုင်ငံတွင်း ဆူပူအကြမ်းဖက်မှုများ ဖြစ်ပွားနေသည်ကို ပြည်သူတိုင်း ပူပန်ကြသည်ပင်။ အကြမ်းဖက်မတည်ငြိမ်မှုများကြောင့် နောက်ဆက်တွဲ ဆိုးကျိုးအနေဖြင့် ပြည်သူများ လူမှုစီးပွား ခက်ခဲကြရသည်။

အကြမ်းဖက်သမားများသည် နိုင်ငံ့အနှံ့ မတည်မငြိမ်ဖြစ်စေရန် ရည်ရွယ်ပြီး လက်နက်ကိုင်ခြောက်လှန့်မှုများ၊ ဗုံးခွဲခြောက်လှန့်မှုများဖြင့် ပြည်သူထံ အကြောက်တရားများ ဖြန့်ဝေလျက်ရှိသည်။ ပြည်သူများအကြား အကြောက်တရား ဖြန့်ဖြူးပြီး ရပ်ထဲ၊ ရွာထဲ၊ မြို့ထဲမှာပင် အကြမ်းဖက်မှုများကို ကျူးလွန်နေသူများကြောင့် ပြည်သူအများ စိုးတထိတ်ထိတ်ဖြင့် နေထိုင်နေကြရသည်။ ရက်စက်ကြမ်းကြုတ်ခြင်းနှင့် ခြောက်လှန့်ခြင်းတို့ကို လက်နက်အဖြစ် အသုံးပြုလာကြပေပြီ။ အစိုးရကို ဦးတည်ပြီး အပြစ်မဲ့ ပြည်သူများကို အကြမ်းဖက်တိုက်ခိုက်ခြင်းဖြင့် နိုင်ငံရေးအမြတ်ထုတ်ရန် ကြိုးပမ်းလျက်ရှိသည်။ ၎င်းတို့လုပ်ရပ်အားလုံးကို အစိုးရက၊ လုံခြုံရေးအဖွဲ့များက လုပ်သလို လွှဲချပြီး လုပ်ကြံဝါဒဖြန့်သည်။ ဦးနှောက်ရှိသူတိုင်း၊ တွေးခေါ်မြော်မြင်တတ်သူတိုင်းက ဘယ်သူ့လုပ်ရပ်ဖြစ်သည်၊ နောက်ကွယ်တွင် ဘယ်သူရှိသည်၊ ငွေကြေး အကျိုးအမြတ်ကြောင့် အခုလို လုပ်ကိုင်ဆောင်ရွက်နေသည်ကို နားလည်သိရှိကြသည်။ ထို့ပြင် ရှေ့ကဖုံး၊ နောက်ကပေါ်သည့်လုပ်ရပ်တွေကြောင့်လည်း ပြည်သူလူထုက သတင်းမှန်များကို မပြတ်ရလျက်ရှိသည်။

**အာရပ်နွေဦးလို မြန်မာ့နွေဦးကို သွေးစွန်းအောင်ကြံစည်ကြသည်။ နွေဦးတော်လှန်ရေးဟု နာမည်တပ်ကြသည်။ ယခု နွေဦးတော်လှန်ရေး အမည်ခံ အကြမ်းဖက်လုပ်ရပ်များသည် မြန်မာပြည် မတည်မငြိမ်ဖြစ်ရေးကိုသာ ဦးတည်နေသည်။ အေးချမ်းစွာ နေထိုင်လိုသည့် ပြည်သူများ၏ ဆန္ဒများကို လျစ်လျူရှုကြပြီး နွေဦးတော်လှန်ရေးကို အများကြိုက်ဟုသာ နာမည်ခံကြသည်။ သို့သော် အများအတွက် ကောင်းကျိုးမရှိသည့်၊ ဥပဒေနှင့် ငြိစွန်းသည့် လူသတ်၊ မီးရှို့၊ ဖျက်ဆီးစသည့် တိုင်းပျက်ပြည်ပျက်လုပ်ငန်းများကိုသာ ဦးတည်လုပ်ဆောင်နေခြင်းဖြစ်သည်။**

လူတိုင်းတွင် နိုင်ငံရေးယုံကြည်ချက် အမျိုးမျိုး ရှိကြသည်သာ။ ထိုသို့ နိုင်ငံရေးယုံကြည်ချက် ရှိသော်လည်း ပြည်သူအများစုက အေးချမ်းစွာ နေထိုင်လိုကြသည်။ ရပ်ထဲ ရွာထဲ အကြမ်းဖက်လုပ်ရပ်များကို မမြင်လိုကြပေ။

သို့သော် CRPH အမည်ခံ ပြည်ပြေးလွှတ်တော်ကော်မတီ၊ NUG အမည်ခံ ပြည်ပြေးအစိုးရတို့က လက်ရှိတာဝန်ယူထားရသည့် အစိုးရအား ပြည်သူများ မုန်းတီးရေးအတွက်သာ အသံလွှင့်ကြသည်။ အုပ်ချုပ်သည့်အစိုးရအနေဖြင့် ပြည်သူ့အတွက် ဖော်ဆောင်သည့် လုပ်ငန်းတာဝန်များ အောင်မြင်မှုမရှိ၊ နှောင့်နှေးကြန့်ကြာကာ ပြည်သူမှ အယုံအကြည်မရှိဖြစ်လာစေရေးကိုသာ လုပ်ဆောင်လာကြသည်။ ထို့အတူ အစိုးရအနေဖြင့် လုပ်ရခက်၊ ကိုင်ရခက် ပုံစံမျိုး ဖြစ်လာစေရန်အတွက် အကြမ်းဖက်ဆူပူမှုများ၊ ရှန်းရင်းဆန်ခတ်များနှင့် ပြည်သူများ ဒုက္ခရောက်စေမည့်ပုံရိပ်များကို ဖန်တီးလျက်ရှိသည်။

**အစွန်းရောက် နိုင်ငံရေးသမားများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဆန္ဒပြမှုများသည် ဆူပူလှုပ်ရှားမှုများ၊ အကြမ်းဖက်လုပ်ရပ်များအဖြစ် အသွင်ပြောင်းလာခဲ့သည်။ ယခုလည်း ရပ်ထဲရွာထဲတွင် ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) ဟု ဖွဲ့စည်းကြပြန်သည်။ ဒေသန္တရကာကွယ်ရေးတပ်ဖွဲ့ဟု ဆိုသော်လည်း ရပ်ထဲရွာထဲ အကြမ်းဖက်လုပ်ရပ်များ စေစားဖန်တီးရန် ပေါ်ပေါက်လာခြင်းမျိုးသာ။ မြို့တွင်း၊ ရွာတွင်း PDF ဖွဲ့စည်းပြီးစီးကြောင်း အွန်လိုင်းပေါ်တွင် ဖြန့်ဝေကြသည်မျိုးလည်း တွေ့မြင်ကြရသည်။ အမှန်တကယ်တွင် အရေးယူခံစရာရှိ ရှေ့က အရေးယူခံရမည့် နိုင်ငံရေးအစွန်းရောက်များ၏ ဒိုင်းများဆိုလျှင်လည်း မမှားပေ။ ထိုကဲ့သို့ ရှေ့က ဒိုင်းသဖွယ် ဥပဒေမဲ့လုပ်ရပ်များကို လုပ်ဆောင်ပေးမည့်လူတစ်စု ရှိနေသမျှ ပြည်ပြေးအစိုးရ၊ တစ်နည်းလေလှိုင်းပေါ်က အစိုးရက လွတ်နေဦးမည်သာ။ ထိုအရာသည် ပြည်သူများ သတိချပ်စရာဖြစ်သည်။**

အလားတူ သတိပြုဆင်ခြင်ရမည့် အချက်တစ်ခုလည်း ရှိနေပါသည်။ အကြမ်းဖက် အုပ်စုများတွင် ပါဝင်သူများကို ဖမ်းဆီး၍ အရေးယူခြင်း မပြုနိုင်စေရန်၊ လွတ်မြောက်စေရေန် ထိမ်ချန်ပေးခြင်း၊ ခိုလှုံခွင့်ပေးခြင်း၊ ပုန်းအောင်းစေခြင်းနှင့် ပုန်းအောင်းခွင့်ပေးခြင်း၊ ယာယီတည်းခိုခွင့်ပေးခြင်းကဲ့သို့ ပြုမူဆောင်ရွက်မှုများသည် အကြမ်းဖက် ဥပဒေပုဒ်မ ၅၂ (က) နှင့် ငြိစွန်းကာ အနည်းဆုံး ထောင်ဒဏ် သုံးနှစ်မှ အများဆုံး ထောင်ဒဏ် ခုနစ်နှစ်အထိ ချမှတ်ခံရနိုင်သည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် ဥပဒေနှင့် ငြိစွန်းမှုမရှိစေရန် သတိပြု ဆင်ခြင်ကြရမည်ဖြစ်သည်။

ထိုကဲ့သို့ လေလှိုင်းပေါ်မှ အစိုးရ၏ စေစားမှုများကြောင့် ဒုက္ခရောက်နေကြသည့် နိုင်ငံသားများရှိနေပြီး စိုးရိမ်ထိတ်လန့်မှုများကြောင့် တိမ်းရှောင်နေကြသူများလည်း ရှိနေပါသည်။ ထိုကဲ့သို့ တိမ်းရှောင်နေသော်လည်း ရာဇဝတ်မှုများ ကျူးလွန်ထားခြင်း မရှိပါက ကိုယ့်နိုင်ငံ၊ ကိုယ့်မြို့ရွာ၊ ကိုယ့်အိမ်ကို စိတ်ချလက်ချနှင့် ပြန်လည်ဝင်ရောက်နိုင်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖိတ်ခေါ်သတင်းစကားပါးပြီး ဖြစ်သည်။

**လက်ရှိ နိုင်ငံ၏ ပကတိအခြေအနေကို ပြည်သူများ နားလည်သဘောပေါက်ရန် အရေးကြီးပေသည်။ အစွန်းရောက်နိုင်ငံရေးသမားများ ညွှန်းဆိုနေသကဲ့သို့ လက်ရှိ အစိုးရသည် အာဏာကို စွဲကိုင်ထားမည့်အစိုးရမဟုတ်။ နိုင်ငံ့အာဏာကို မတရားနည်းလမ်းဖြင့် ရယူခြင်းမှ ကာကွယ်ထိန်းသိမ်းခြင်းသာဖြစ်သည်ကို နားလည်သိမြင်စေလိုသည်။ ထိုသို့တာဝန်ယူဆောင်ရွက်သည့်အခါတွင်လည်း အစွန်းရောက် နိုင်ငံရေးသမားများ ဝါဒဖြန့်သကဲ့သို့ တပ်မတော်မှ ဦးဆောင်နေခြင်းမျိုး မဟုတ်ပေ။ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဦးဆောင်သည့် အစိုးရအဖွဲ့တွင် တိုင်းရင်းသားများ အပါအဝင် နိုင်ငံရေးပါတီအသီးသီးမှ ထက်မြက်သည့် ခေါင်းဆောင်များဖြင့် ပူးပေါင်းပါဝင် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ထိုသို့ ဖွဲ့စည်းခြင်းမျိုးဖြင့် နိုင်ငံနှင့် ပြည်သူ့အကျိုးစီးပွားကို ကြိုးပမ်းဖော်ဆောင်နေသည်ကို သိရှိနားလည်စေလိုသည်။**

တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို ကြိုးပမ်းဖော်ဆောင်ရာ၌ ဖြစ်သလိုဆောင်ရွက်သွားမည် မဟုတ်ပေ။ နိုင်ငံအတွက် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ချမှတ်ဆောင်ရွက်နေခြင်းဖြစ်သည်။

မည်သို့ဆိုစေ၊ နိုင်ငံရေးယုံကြည်ချက်ကို ကိုင်စွဲကာ တစ်ဖက်အစွန်းရောက်သွားသည့် အကြမ်းဖက်ဝါဒ လက်ကိုင်ပြုသူများသည် တိုင်းပြည်အုတ်အော်သောင်းတင်းဖြစ်စေမည့် လုပ်ရပ်များကို ဆက်လက်လုပ်ဆောင်နေဦးမည်ဖြစ်ရာ နိုင်ငံရေးအစွန်းရောက်သမားများ၏ နိုင်ငံရေးမှိုင်းလုံးများ၊ အဖျက်အမှောင့်လုပ်ရပ်များကို ပြည်သူများအနေဖြင့် အသိ၊ သတိဖြင့် ဆင်ခြင်ကြရမည်ဖြစ်သည်။

နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးပျက်ပြားစေရန် ဆောင်ရွက်နေသည့် CRPH , NUG, PDF တို့ကို တရားဥပဒေနှင့်အညီ အရေးယူသွားနိုင်ရန် ဆောင်ရွက်သွားရမည်ဖြစ်သည်။ ပြည်သူများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြလျှင် အကြမ်းဖက်လုပ်ရပ်များကို အမြန်ဆုံးတိုက်ဖျက်ချေမှုန်းနိုင်မည်ဖြစ်သည်။ နိုင်ငံတည်ငြိမ်အေးချမ်းမှု၊ စီးပွားရေးတည်ငြိမ်မှုမှသည် လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများ ပိုမိုတိုးမြင့်ကောင်းမွန်လာမည် ဖြစ်ပါသည်။

ပြည်သူလူထုအနေဖြင့် မိမိတို့၏ မြို့ရွာ ရပ်ကွက် အေးချမ်းသာယာကာ တရားဥပဒေ စိုးမိုးပြီး တည်ငြိမ်လုံခြုံစွာ နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်သမားများ အကြမ်းဖက်လုပ်ငန်းများ မလုပ်ဆောင်နိုင်ရန်၊ လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များကို ဖော်ထုတ်အရေးယူနိုင်ရန်အတွက် ပူးပေါင်းပါဝင်ရန်မှာ အရေးကြီးပါကြောင်း တင်ပြရေးသားအပ်ပါသည်။ ။

**လက်ရှိ နိုင်ငံ၏ ပကတိအခြေအနေကို ပြည်သူများ နားလည်သဘောပေါက်ရန် အရေးကြီးပေသည်။ အစွန်းရောက်နိုင်ငံရေးသမားများ ညွှန်းဆိုနေသကဲ့သို့ လက်ရှိအစိုးရသည် အာဏာကို စွဲကိုင်ထားမည့်အစိုးရမဟုတ်။ နိုင်ငံ့အာဏာကို မတရားနည်းလမ်းဖြင့် ရယူခြင်းမှ ကာကွယ်ထိန်းသိမ်းခြင်းသာဖြစ်သည်ကို နားလည်သိမြင်စေလိုသည်။ ထိုသို့ တာဝန်ယူဆောင်ရွက်သည့်အခါတွင်လည်း အစွန်းရောက်နိုင်ငံရေးသမားများ ဝါဒဖြန့်သကဲ့သို့ တပ်မတော်မှ ဦးဆောင်နေခြင်းမျိုး မဟုတ်ပေ။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးဆောင်သည့် အစိုးရအဖွဲ့တွင် တိုင်းရင်းသားများအပါအဝင် နိုင်ငံရေးပါတီအသီးသီးမှ ထက်မြက်သည့် ခေါင်းဆောင်များဖြင့် ပူးပေါင်းပါဝင် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ထိုသို့ ဖွဲ့စည်းခြင်းမျိုးဖြင့် နိုင်ငံနှင့် ပြည်သူ့အကျိုးစီးပွားကို ကြိုးပမ်းဖော်ဆောင်နေသည်ကို သိရှိနားလည်စေလို။**

# ကဆုန်လပြည့် ဗုဒ္ဓနေ့၌ တစ်ပြိုင်တည်းဖြစ်ပေါ်မည့် စူပါမွန်းနှင့် လကြတ်မှုဖြစ်စဉ်ကို မြန်မာနိုင်ငံမှ မြင်တွေ့ရမည်

ရန်ကုန် မေ ၂၃

ကဆုန်လပြည့် ဗုဒ္ဓနေ့၌ လမျက်နှာပြင် သာမန်အရွယ်အစားထက် ပိုမိုကြီးမားသော စူပါမွန်းဖြစ်စဉ်နှင့် လကြတ်မှုဖြစ်စဉ် တစ်ပြိုင်တည်းဖြစ်ပေါ်မည်ဖြစ်ရာ မြန်မာနိုင်ငံမှ မြင်တွေ့ရမည်ဖြစ်ကြောင်း မြန်မာ့နက္ခတ္တတွက်ရိုးပညာရှင် ဦးအောင်သန်းထံမှ သိရသည်။

**တိုက်ဆိုင်နေ**

"မေ ၂၅ ရက်ဟာ ကဆုန်လပြည့်အချိန်အခါသမယဖြစ်သလို စူပါမွန်းဖြစ်မယ့် အချိန်နဲ့လည်း တိုက်ဆိုင်နေပါတယ်။ စူပါမွန်းဆိုတာကတော့ လဟာ ကမ္ဘာနဲ့ နီးကပ်လာတာဖြစ်တဲ့အတွက် လရဲ့ အလုံး လုံးပတ်ကြီးလာတာကို ဆိုလိုခြင်းဖြစ်ပါတယ်။ အဲဒီတော့ စူပါမွန်းဖြစ်စဉ်ကို မြန်မာနိုင်ငံကနေ မြင်တွေ့ကြရလိမ့်မယ်။ လအပြည့်ကြတ်တာကိုတော့ မမြင်တွေ့ နိုင်ဘူး။ လကြတ်မှုဖြစ်ပေါ်တာလောက်ကိုပဲ မြင်တွေ့ကြရလိမ့်မယ်။ အားလုံးခြုံငုံ ပြီးပြောရရင် လကြတ်တယ်လို့တော့ ပြောလို့ရမယ်။ လအပြည့်ကြတ်တယ်လို့တော့ ပြောလို့မရဘူး"ဟု ဦးအောင်သန်းက ရှင်းပြသည်။

လပြည့်နေ့တွင် လသည် ကမ္ဘာနှင့်ပတ်လမ်းနီးနေပါက လကို သာမန်အရွယ်အစားထက် အနည်းငယ်ပိုကြီး၍ မြင်ရတတ်ကြောင်းနှင့် ယင်းကို Supermoon (စူပါမွန်း) ဟုလည်း ခေါ်ဝေါ်ကြောင်း၊ ယခုနှစ် လပြည့်အချိန်တွင် လသည် ကမ္ဘာနှင့် အလွန်နီးကပ်လာခိုက် ရာသီဥတု(Perigee ) နှင့်လည်း တိုက်ဆိုင်နေသောကြောင့် ပုံမှန်မြင်တွေ့နေကျ အရွယ်အစားထက် အနည်းငယ်ပိုကြီးသောလကို စူပါမွန်းလအဖြစ် မြင်တွေ့ကြရခြင်းဖြစ်ကြောင်း။

လပြည့်ညတွင် လနှင့်ကမ္ဘာ အကွာအဝေးသည် မိုင်ပေါင်း ၂၂၂၀၀၀ ခန့် ရှိနေမည်ဖြစ်ရာ ညနေ ၅ နာရီ မိနစ် ၂၀ တွင် အရှေ့အရပ်မှ စတင်ပေါ်ထွက်လာမည်ဖြစ်ပြီး နောက်တစ်နေ့ နံနက် ၅ နာရီခွဲဝန်းကျင်တွင် အနောက်အရပ်သို့ ပြန်ဝင်လိမ့်မည်ဖြစ်ကြောင်း အာကာသနှင့်စကြာဝဠာပညာရှင်များက ဆိုထားသည်။



လမျက်နှာပြင် သာမန်အရွယ်အစားထက် ပိုမိုကြီးမားသော စူပါမွန်းဖြစ်စဉ်ကို တွေ့ရစဉ်။

ကမ္ဘာနှင့် အနီးဆုံးအကွာအဝေးသို့ ရောက်ရှိနေသော စူပါမွန်းဖြစ်စဉ်အား လပြည့် (Full Moon) (သို့မဟုတ်) လဆန်း (New Moon) ဖြစ်စဉ်တိုင်းတွင် ကြုံတွေ့ရတတ်ပြီး ယခုဖြစ်ပေါ်မည့် ကဆုန်လပြည့် ဗုဒ္ဓနေ့၌ လကြတ်မှုဖြစ်ပေါ်ပြီးနောက် လာမည့် ကဆုန်လကွယ်နေ့တွင် ဖြစ်ပေါ်မည့် နေကြတ်ခြင်းကိုမူ မြန်မာနိုင်ငံမှ မြင်တွေ့ရမည်မဟုတ်ကြောင်း မြန်မာ့နက္ခတ္တတွက်ရိုးပညာရှင်များထံမှ သိရသည်။

သတင်း-ပွင့်သစ္စာ၊ ဓာတ်ပုံ-NASA

○ နိုင်ငံတကာပြိုင်ပွဲများမှ

မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်သည် ယခင် လက်ရွေးစင်ကစားသမားများ၊ မျိုးဆက်သစ်ကစားသမားများ အပါအဝင် စုစုပေါင်းအင်အား ၄၀ ဝန်းကျင်ဖြင့် လေ့ကျင့်နေခြင်းဖြစ်ပြီး ပြည်တွင်း နည်းပြဆရာများက တာဝန်ယူလေ့ကျင့်ပေးလျက်ရှိသည်။ လာမည့်နှစ်တွင် ကျင်းပမည့် အားကစားပြိုင်ပွဲများ ဖြစ်သည့် အာရှအားကစားပြိုင်ပွဲ၊ အာရှသဲသောင်ပြင် အားကစားပြိုင်ပွဲတို့တွင် ရိုးရာလှေပြိုင်ပွဲ ပါဝင်မည်ဖြစ်ပြီး မြန်မာလှေလှော်အဖွဲ့သည် ယင်းပြိုင်ပွဲများအတွက် ရည်ရွယ်ပြင်ဆင်နေခြင်းဖြစ်ပြီး ယခုနှစ် နိုဝင်ဘာလတွင်ကျင်းပရန် စီစဉ်ထားသည့် ကမ္ဘာ့နဂါးလှေလှော်ပြိုင်ပွဲ ကျင်းပဖြစ်ပါကလည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**အောင်မြင်မှုရယူနိုင်ခဲ့**

မြန်မာရိုးရာလှေအဖွဲ့သည် ဆီးဂိမ်းပြိုင်ပွဲတွင် ရိုးရာလှေပြိုင်ပွဲပါဝင်သည့် အကြိမ်တိုင်း အောင်မြင်မှုရယူနိုင်ခဲ့ပြီး နောက်ဆုံးယှဉ်ပြိုင်သည့် ၂၀၁၉ ဖိလစ်ပိုင် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတစ်ခု၊ ငွေတစ်ခု၊ ကြေးနှစ်ခု ဆွတ်ခူးရရှိခဲ့သည်။

ကိုညီလေး

## မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိ

(က) **မုန်တိုင်းငယ်အခြေအနေ**

(၁) ယနေ့ညနေ ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင်ဖြစ်ပေါ်နေသောမုန်တိုင်းငယ် (Depression)သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်မြောက်ဘက် ရေမိုင် ၂၃၅ မိုင်ခန့်၊ ပုသိမ်မြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၂၇၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ပါရာဒစ်ရှ်မြို့၏အရှေ့တောင်ဘက် ရေမိုင် ၃၀၅ မိုင်ခန့်နှင့် ဒီဂါမြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၃၄၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

(၂) မုန်တိုင်းငယ်(Depression)၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

(ခ) **မုန်တိုင်းငယ်၏တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ မုန်တိုင်းငယ်(Depression)သည် ညနေ ၆ နာရီခွဲအချိန်တွင် မြောက်လတ္တီကျူ ၁၆.၃ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၉၀.၀ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်နှုန်းဖြစ်သည်။

(ဂ) **နောက် ၂၄ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ မုန်တိုင်းငယ်(Depression)သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားကာ ပိုမိုအားကောင်းလာပြီး နောက် ၁၂ နာရီအတွင်း အားကောင်းသောမုန်တိုင်းငယ်(Deep Depression)အဖြစ်သို့လည်းကောင်း၊ နောက် ၂၄ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်း (Cyclonic Storm)အဖြစ်သို့လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

(ဃ) **သတိပေးနှိုးဆော်ချက်**

မုန်တိုင်းငယ်(Depression)၏အရှိန်ကြောင့် ယနေ့ညမှ နောက် ၄၈ နာရီအတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်ကာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

(င) **အကြံပြုချက်**

အဆိုပါ မုန်တိုင်းငယ်(Depression)၏အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## အခြေခံပညာကျောင်းများ ပြန်ဖွင့်ချိန်တွင် ကျောင်းသား/ကျောင်းသူများ၊ မိဘများနှင့် ဆရာများ အထူးသတိပြုလိုက်နာရမည့် အချက် (၆) ချက်

(၁) ကျောင်းသား/ ကျောင်းသူကိုယ်တိုင်ဖြစ်စေ၊ အတူနေမိသားစုဝင်တစ်ဦးဦးဖြစ်စေ နေမကောင်းဖြစ်ခြင်း (ချောင်းဆိုးခြင်း၊ ဖျားနာခြင်း၊ အသက်ရှူရခက်ခဲခြင်းစသည့် COVID-19 ရောဂါသံသယလက္ခဏာများ) ရှိလျှင်သော်လည်းကောင်း၊ လွန်ခဲ့သည့် (၁၄)ရက်အတွင်း COVID-19 ရောဂါအတည်ပြုလူနာတစ်ဦးဦး နှင့် နီးကပ်စွာထိတွေ့ခဲ့မှု (Primary Contact) ရှိခဲ့လျှင်သော်လည်းကောင်း ကျောင်းသို့စေလွှတ်ခြင်း လုံးဝမပြုပါနှင့်။ သက်ဆိုင်ရာကျောင်းသို့ ချက်ချင်းခွင့်တိုင်ပါ။ နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးဆက်သွယ်အကြောင်းကြားပါ။

(၂) ကျောင်းသို့လာစဉ်၊ ကျောင်းတွင်ရှိနေစဉ်နှင့် ကျောင်းမှအိမ်သို့ ပြန်ချိန်များတွင် ပါးစပ်နှင့်နှာခေါင်းစည်း (Mask) နှင့် မျက်နှာကာ (Face shield) များ စနစ်တကျ တပ်ဆင်စေရန်နှင့် တပ်ဆင်ထားခြင်း မရှိပါက ကျောင်းအတွင်း လုံးဝ ပေးမဝင်ပါနှင့်။

(၃) တစ်ကိုယ်ရေသုံး အသုံးအဆောင်ပစ္စည်းများ (ဥပမာ- စာအုပ်၊ ခဲတံ၊ ခဲဖျက်၊ ပေတံ စသည်) ကို တစ်ဦးနှင့် တစ်ဦး မျှဝေသုံးစွဲခြင်း လုံးဝမပြုလုပ်ရပါ။

(၄) လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့် ရေအသုံးပြု၍ အနည်းဆုံး စက္ကန့် (၂၀) ကြာအောင် ဆေးကြောစေပါ။

(၅) တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆) ပေ ကွာခြား၍ ခပ်ခွာခွာနေထိုင်ပါ။ နီးနီးကပ်ကပ်နေခြင်း လုံးဝမပြုလုပ်ပါနှင့်။ အချင်းချင်း သတိပေးပါ။


(၆) နှာချေ၊ ချောင်းဆိုးတိုင်း တစ်ရှူး (သို့မဟုတ်) တံတောင်ကွေးဖြင့် ပါးစပ်နှင့် နှာခေါင်းကို စနစ်တကျ ဖုံးအုပ်ပါ။ တစ်ရှူး အသုံးပြုပါက အဖုံးပါသော အမှိုက်ပုံးအတွင်းသို့ စနစ်တကျ စွန့်ပစ်ပါ။ ပြီးလျှင် လက်ကို စနစ်တကျ ပြန်ဆေးပါ။

**ကျန်းမာပျော်ရွှင်ပညာသင်၊ ကြိုတင်တားဆီး ကိုဗစ်နိုင်တီး (COVID-19)**



# ပြည်သူကို နမူနာကောင်းပြသူများသာ ဖြစ်သင့်ပါသည်

ကိုထွန်းခင်

| စဉ် | အကောင့်အမည် | Profile | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | Kyaw Kyaw Htay Lwin https://www.facebook.com/KrReturn | ကျော်ကျော်ဌေးလွင် (ခ) မင်းမော်ကွန်း  | ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | Paing Phyoe Thu https://www.facebook.com/victoria.win1 | ပိုင်ဖြိုးသု  | ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၃ | Khin Wint Wah https://www.facebook.com/ActressKhinWintWah | ခင်ဝင့်ဝါ  | အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |

အနုပညာရှင်တို့၏ အဆို၊ အင်္ဂ၊ အပြောတို့သည် ပရိသတ်တို့၏ စိတ်နှလုံးကို ဆွဲဆောင်ညှို့ယူသိမ်းသွင်းနိုင်သည့်အတွက် အနုပညာသည် လူ၏စိတ်ကိုလှုပ်ရှားစေနိုင်သော ပညာဟု ဆိုရမည်ဖြစ်သည်။ စိတ်ကူးဉာဏ်စွမ်းဖြင့် စေတနာအလျောက် ဖန်တီးရသောပညာဖြစ်ပြီး အနုပညာ၏ အစွမ်းကြောင့် ခံစားရသူ၌ ရသဖြစ်ပေါ်ရာ အနုပညာကို ရသပညာဟုလည်း ခေါ်နိုင်ပေမည်။

ထို့အတူ ပြည်သူချစ်သော အနုပညာရှင်တို့၏ ဝတ်စားဆင်ယင်ပုံ၊ ဆံပင်အထားအသိုမှအစ အပြုအမူအနေအထိုင်တို့ကို ပြည်သူတို့က အတုယူလိုက်ပါလုပ်ဆောင်ခဲ့သည်မှာ ရှေးယခင် ခေတ်အဆက်ဆက်ကပင် ဖြစ်သည်။

ရုပ်ရှင်မင်းသား ကျော်ဆွေ၏ စီးကရက်သောက်သည့်စတိုင်ကို ကြိုက်နှစ်သက်သည့်အတွက် ထိုခေတ်လူငယ်တို့သည် ကျော်ဆွေပုံစံအတိုင်း ဟန်ပန်လုပ်ကာ စီးကရက်သောက်ခဲ့ကြသည်။ တင်တင်မူ၊ မေရှင်စသည့် ပြည်သူချစ်သော အနုပညာရှင်တို့သည် ထဘီအထက်ဆင် အပြားကြီးဝတ်ဆင်သည့်အခါ အမျိုးသမီးထုသည် ထဘီအထက်ဆင် အပြားကြီးပေါ်အောင် ချုပ်လုပ်ဝတ်ဆင်သည့်ခေတ်တစ်ခု ဖြစ်ပေါ်ခဲ့သည်။

တစ်ဖန် ဝင်းဦး၏ နှုတ်ခမ်းမွှေးထားသည့်ပုံစံ၊ စကားပြောသည့်အခါ ညုတုတု ခရာတာတာ ပြောသည့် ဟန်ပန်ကလည်း ထိုခေတ်က လူငယ်ထုအကြားတွင် ရေပန်းစားခဲ့ကာ ဝင်းဦးစတိုင်အတိုင်း အမျိုးသားတို့ နှုတ်ခမ်းမွှေးထားခဲ့ကြသည်။ ထို့ပြင် ရုပ်ရှင်မင်းသမီး စန္ဒာ၏ ဆံပင်ပုံစံကိုလည်း ကြိုက်နှစ်သက်သဖြင့် စန္ဒာပုံဟုဆိုကာ အမျိုးသမီးတို့ ဆံပင်ပုံစံထားခဲ့ကြသည်။

ထို့အတူ ကျော်ဟိန်းက အင်္ကျီကျပ်ကျပ်၊ ဘောင်းဘီကျပ်ကျပ်ဝတ်သည့်အခါ ထိုပုံစံအတိုင်း လူငယ်တို့က အတုယူဝတ်ဆင်ခဲ့ကြသည်။ ရုပ်ရှင်ထဲတွင် မင်းသမီးတို့ လုံချည်တိုတို ဝတ်လျှင် လုံချည်တိုတို၊ ရင်ဖုံးအင်္ကျီဝတ်လျှင် ရင်ဖုံးအင်္ကျီစသည်ဖြင့် ရုပ်ရှင်မင်းသား၊ မင်းသမီးတို့၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ပြောဆိုလုပ်ကိုင်မှုတို့သည် ပရိသတ်တို့အပေါ် လွှမ်းမိုးနိုင်ခဲ့သည်။

## နှလုံးသားကို ညှို့ယူဖမ်းစားနိုင်သောပညာ

ထို့ကြောင့် အနုသုခုမရုပ်ရှင်ကို ပြည်သူများ၏ နှလုံးသားကို ညှို့ယူဖမ်းစားနိုင်သောပညာ၊ တစ်နည်းဆိုလျှင် ပြည်သူများအား ဆွဲဆောင်စည်းရုံးနိုင်သော အတတ်ပညာဟု ဆိုကြခြင်းဖြစ်သည်။ မိဘဆရာသမားနှင့် နီတိကျမ်းထဲမှဆုံးမစကားထက် ရုပ်ရှင်ဇာတ်ကားတစ်ကား၊ ဝတ္ထုစာအုပ်တစ်အုပ်ထဲမှ စကားတစ်ခွန်းသည် သေသည်အထိ ပရိသတ်ရင်ထဲကို လွှမ်းမိုးငြိတွယ်သွားတတ်ကြသည်။

သို့မို့ကြောင့် ပြည်သူချစ်သော အနုပညာရှင်များသည် ပြည်သူများ၏ ရှေ့ဆောင်လမ်းပြ စံနမူနာကောင်းပြသူများ ဖြစ်သင့်သည်။ ပြည်သူ၏စိတ်နှလုံးကို လွှမ်းမိုးနိုင်သော၊ စည်းရုံးနိုင်သော ရုပ်ရှင်သည် ပြည်သူအတွက် အမြဲထာဝရဖြစ်နေရန်၊ တိုင်းပြည်အကျိုး၊ ပြည်သူအကျိုးကို ဆောင်နိုင်ရန်မှာ ရုပ်ရှင်အနုပညာသမားတို့ စွမ်းဆောင်ရမည့် တာဝန်လည်း ဖြစ်သည်။

ကမ္ဘာပေါ်တွင် စီးပွားရေးကို အခြေပြုသော ရုပ်ရှင်လောက (ဟောလိဝုဒ်)၊ အနုပညာကို အခြေပြုသော ရုပ်ရှင်လောက (ဥရောပရုပ်ရှင်လောက)၊ ယဉ်ကျေးမှုကို အခြေပြုသော ရုပ်ရှင်လောက (အာရှရုပ်ရှင်လောက) စသည်ဖြင့် အကြမ်းဖျင်း ပိုင်းခြားနိုင်သည်။

## အနုပညာလှုပ်ရှားမှုများ

အထူးသဖြင့် ဒီမိုကရေစီနိုင်ငံအချို့ရှိ အနုပညာရှင်တို့သည် နိုင်ငံတော်၏သစ္စာကို စောင့်သိရိုသေခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလေးစားခြင်းနှင့် ဥပဒေများအား လိုက်နာခြင်း၊ အခွန်ပေးဆောင်ခြင်း၊ မဲပေးရာတွင် ရိုးသားမှုရှိခြင်း၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင် ဆန္ဒထက်သန်စွာ ပါဝင်ဆောင်ရွက်ခြင်း၊ အခြားသောတာဝန်ဝတ္တရားများကို လိုက်နာခြင်းစသည့် နိုင်ငံသားတစ်ယောက် လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်များနှင့် ချိန်ထိုးကာ အနုပညာလှုပ်ရှားမှုများကို ဆောင်ရွက်လေ့ရှိကြသည်။

၁၉၂၀ ပြည့်နှစ်က စတင်ခဲ့သည့် မြန်မာ့ရုပ်ရှင်သည် နယ်ချဲ့ဆန့်ကျင်ရေး၊ နိုင်ငံလွတ်မြောက်ရေးနှင့် ဖက်ဆစ်တော်လှန်ရေးစသည့် သမိုင်းကြောင်းတစ်လျှောက် ထင်ရှားသည့် အမျိုးသားလှုပ်ရှားမှုများတွင် တာဝန်ကျေစွာပါဝင်ခဲ့သည်။

ဂျီစီဘီအေအသင်းကြီး၏ ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးလုပ်ငန်းများအတွက် ဦးဆောင်မှု အရှိန်အဟုန်မြင့်မားနေချိန် ၁၉၂၂ ခုနှစ်တွင် သရုပ်ဆောင် ဒါရိုက်တာ ဦးဘတင်က “သုဓမ္မစာရီဖြတ်ထုံး” ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးခဲ့သည်။ ထိုဇာတ်ကားတွင် မန္တလေးနန်းတော်နှင့် မြန်မာ့ဘုရင်ညီလာခံကို ထည့်သွင်းရိုက်ကူးခြင်းကြောင့် မြန်မာနိုင်ငံကို အဓမ္မသိမ်းပိုက်၍ ဘုရင်နှင့် မိဖုရားအား ဖမ်းဆီးခေါ်ဆောင်သွားသည့်အဖြစ်ကို သတိရကာ မျိုးချစ်စိတ်ဓာတ်နှင့် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် ပိုမိုပြင်းထန်လာစေခဲ့သည်။

## မျိုးချစ်စိတ်ဓာတ်များ

ထို့အတူ ၁၉၃၁ ခုနှစ်တွင် ဒါရိုက်တာဦးညီပုက “ရွှေနှင်းဆီ” ရုပ်ရှင်ကားကို ရိုက်ကူးခဲ့သည်။ ထိုဇာတ်ကားတွင် အင်္ဂလိပ်တို့၏ တတိယကျူးကျော်စစ်ပွဲမြင်ကွင်းများကို ရိုက်ကူးပြီး ဇာတိမာန်ထက်သန်အောင် လှုံ့ဆော်နိုင်ခဲ့သည်။ ထို့ပြင် ၁၉၃၇ ခုနှစ်တွင် ဦးတင်မောင်က “အောင်သပြေ” ရုပ်ရှင်ဇာတ်ကားတွင် သီပေါမင်းပါတော်မူပုံမြင်ကွင်းများကို အသေးစိတ်ရိုက်ကူးပြသခဲ့ရာ ရဲရဲတောက် မျိုးချစ်စိတ်ဓာတ်များ ဖြစ်ပေါ်လာစေခဲ့သည်။

၁၉၄၀ ပြည့်နှစ်တွင် ထုတ်လုပ်သူ၊ ဒါရိုက်တာနှင့် သရုပ်ဆောင် မောင်မောင်စိုးက ရွှေစွန်ညီ၏ဝတ္ထုကို “ရည်းစားဓားပြ” အမည်ဖြင့် ရိုက်ကူးခဲ့သည်။ နယ်ချဲ့ဆန့်ကျင်ရေးကို သားစဉ်မြေးဆက်တိုင် အကောင်အထည်ဖော်ခဲ့ပုံကို ရိုက်ကူးထားခဲ့ရာ တစ်မျိုးသားလုံး သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးကိုအားပေးသည့် ဇာတ်ကားတစ်ခုအဖြစ် ပရိသတ်တို့ အသည်းစွဲခဲ့သည်။

ခေတ်အဆက်ဆက်၌ အနုပညာရှင်တို့သည် အမျိုးသားလှုပ်ရှားမှုများတွင် တိုင်းရင်းသားပြည်သူများနှင့်အတူ မိမိတို့ကျွမ်းကျင်ရာ တစ်ထောင့်တစ်နေရာမှ တာဝန်သိစွာ၊ သတ္တိရှိစွာ ပူးပေါင်းပါဝင်ခဲ့ကြသည်။ အနုပညာရှင်တို့သည် စိတ်နှလုံးသားနူးညံ့သူများဖြစ်သော်လည်း တိုင်းပြည်နှင့်လူမျိုးအတွက်ဟုဆိုလျှင် သမိုင်းစဉ်တစ်လျှောက် ကျရာအခန်းကဏ္ဍမှ တာဝန်ကျေခဲ့ကြသည်သာ ဖြစ်သည်။

ဘာသာယဉ်ကျေးမှု၊ စာပေနှင့် ဓလေ့ထုံးတမ်းများ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုလုပ်ငန်းများ၊ အမျိုးသားအကျိုးစီးပွားတိုးတက်ရေးလုပ်ငန်းများ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးလုပ်ငန်း များတွင်အနုပညာရှင်တို့သည်မိမိတို့ တတ်ကျွမ်းသည့် အနုပညာဖြင့် တစ်ထောင့်တစ်နေရာမှ အုတ်တစ်ချပ်သဲတစ်ပွင့် ပါဝင်ခဲ့ကြသည်မှာ သမိုင်းအထောက်အထားများက သက်သေ ထူလျက်ရှိသည်။

## ကျင့်ဝတ်နှင့် စံနှုန်းများ

သို့သော် မျက်မှောက်ကာလတွင် အနုပညာရှင်အချို့၏ ကျင့်ဝတ်နှင့် စံနှုန်းများသည် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲများဖြင့် အရောင်ဆိုးမှုကြောင့် နိုင်ငံရေးအသွေးအရောင်များ ရောယှက်ခဲ့ကြသည်ကို စိတ်မကောင်းဖွယ် တွေ့မြင်နေရသည်။ ရုပ်ရှင်သည် ပြည်သူအတွက်ဟုဆိုခဲ့ရာမှ ရုပ်ရှင်သည် ပါတီတစ်ခု၊ လူတစ်စုအတွက် ဖြစ်လာသည်။ ပါတီအရေး၊ အုပ်စုအရေးကို ဦးစားပေးရှေ့တန်းတင်ကာ လမ်းလွဲခဲ့ကြသည်။

ပြည်သူကို မျက်နှာမမူ၊ ပြည်သူ့အတွက်ကို ဦးမတည်ဘဲ ဒီမိုကရေစီစံနှုန်းများကို လေးစားမှုမရှိ “ငါနှင့်မတူ ငါ့ရန်သူ” ဆိုသည့် အတ္တစိတ်ဖြင့် အတွေးအခေါ် အယူအဆမတူကြသူများကိုလည်း ရန်လိုမုန်းထားတိုက်ခိုက်လာကြသည်။ အနုပညာကို ဗန်းပြကာ ပြည်သူ့အတွက်ဟု တွင်တွင်ကြွေးကြော်နေသော်လည်း အနုပညာအပေါ် သစ္စာ

> **သာမန်ပြည်သူတစ်ဦး၊ နိုင်ငံရေးသမားတစ်ဦး၏ သွေးထိုးလှုံ့ဆော်မှုထက် ပရိသတ်ရာထောင်ချီသည့် အနုပညာရှင်တစ်ဦး၏ နိုင်ငံချစ်စိတ်မရှိမှု၊ ထင်ရာစိုင်း၊ လိုရာဆွဲပုံဖော်မှုကြောင့် သက်ရောက်မှုအတိမ်အနက်သည် များစွာကွာခြားလှရာ အနုပညာရှင်များအနေဖြင့် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ဖြင့် လမ်းကောင်းလမ်းမှန်ကိုသာ ရွေးရှုနိုင်သူ၊ ပြည်သူလူထုကို နမူနာကောင်း ပြနိုင်သူများ ဖြစ်သင့်။**

မရှိဘဲ ပရော်ဖက်ရှင်နယ်မဆန်စွာ တိုင်းပြည်တည်ငြိမ်မှုပျက်ပြားအောင် သွေးထိုးလှုံ့ဆော်နေကြသည်။

**နိုင်ငံတော်မှ မတရားအသင်း ကြေညာထားသည့် CRPH နှင့် NUG တို့ကို အားပေးထောက်ခံပြီး အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်ရန်၊ ၎င်းတို့၏ ထင်ပေါ်ကျော်ကြားမှုကို အသုံးချပြီး ပြည်သူလူထုကို ဆွဲဆောင်စည်းရုံးရန် လှုံ့ဆော်နေကြသည်ကိုလည်း စိုးရိမ်ဖွယ် တွေ့မြင်လာရသည်။**

၎င်းတို့ကို ချစ်ခင်အားပေးနေသည့် ပရိသတ်များသည် အမှားကိုအမှန်ထင်ကာ နိုင်ငံရေးဖြစ်စဉ်များကို ထဲထဲဝင်ဝင် နားလည်မှုမရှိဘဲ ပါဝင်လာကြသည်။ အေးချမ်းစွာ ဆန္ဒပြမှုများမှသည် အကြမ်းဖက်လုပ်ရပ်များအထိ မကြောက်မလန့် လုပ်ဆောင်လာသည်ကို တွေ့မြင်ရသည်။

**အနုပညာရှင်များသည်လည်း နိုင်ငံသားဖြစ်သည့်အတွက် နိုင်ငံသားတစ်ယောက်၏ အခွင့်အရေးဖြစ်သည့် ကိုယ်ပိုင်အယူအဆ၊ နိုင်ငံရေးအမြင်၊ ခံယူချက်ရှိနိုင်သော်လည်း မိမိ၏ အနုပညာကို ချစ်ခင်အားပေးသည့် ပရိသတ်များကို ပါတီတစ်ခု၏ လွှမ်းမိုးမှုဖြင့် ဘယ်လိုနိုင်ငံရေးအမြင်မျိုး ရှိသင့်သည်ဆိုသော လွဲမှားသည့် လမ်းညွှန်မှုများကို မပြုလုပ်အပ်ပေ။**

သာမန်ပြည်သူတစ်ဦး၊ နိုင်ငံရေးသမားတစ်ဦး၏ သွေးထိုးလှုံ့ဆော်မှုထက် ပရိသတ်ရာထောင်ချီသည့် အနုပညာရှင်တစ်ဦး၏ နိုင်ငံချစ်စိတ်မရှိမှု၊ ထင်ရာစိုင်း၊ လိုရာဆွဲပုံဖော်မှုကြောင့် သက်ရောက်မှုအတိမ်အနက်သည် များစွာကွာခြားလှရာ အနုပညာရှင်များအနေဖြင့် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ဖြင့် လမ်းကောင်းလမ်းမှန်ကိုသာ ရွေးရှုနိုင်သူ၊ ပြည်သူလူထုကို နမူနာကောင်း ပြနိုင်သူများ ဖြစ်သင့်ပါကြောင်း။ ။

■

> **နိုင်ငံတော်မှ မတရားအသင်း ကြေညာထားသည့် CRPH နှင့် NUG တို့ကို အားပေးထောက်ခံပြီး အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်ရန်၊ ၎င်းတို့၏ ထင်ပေါ်ကျော်ကြားမှုကို အသုံးချပြီး ပြည်သူလူထုကို ဆွဲဆောင်စည်းရုံးရန် လှုံ့ဆော်နေကြသည်ကိုလည်း စိုးရိမ်ဖွယ်တွေ့မြင်လာရ။**

အတွေး အရေး

# ကလေးများကို ပျော်ရွှင်စွာ ကျောင်းတက်ခွင့်ပေးပါ

ဘောဘီချစ်

မေလ ၂၄ ရက်နေ့ဟာ ကိုဗစ် - ၁၉ ကပ်ရောဂါဆိုးကြောင့် တစ်နှစ်တာလုံးပိတ်ထားခဲ့ရတဲ့ ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းစာသင်ကျောင်းတွေ ပုံမှန်စာသင်နှစ်အတိုင်း ပြန်ဖွင့်ဖို့ကျောင်းအပ်လက်ခံတဲ့ ကျောင်းအပ်နှံရေး သီတင်းပတ်ရဲ့ ပထမနေ့ဖြစ်ပါတယ်။

မိဘတို့ လုပ်ဆောင်ရမယ့် ဝတ္တရားထဲမှာ "အတတ်သင်စေ" ဆိုတဲ့ ဝတ္တရားတစ်ခုလည်းပါပါတယ်။ လက်ရှိကာလမှာ မိမိတို့ကလေးငယ်တွေကို ကျောင်းအပ်နှံမယ့် မိဘတွေရှိသလို ကျောင်းမအပ်ဘူးဆိုတဲ့ မိဘတွေလည်းရှိနေပြန်ပါတယ်။

"ကျောင်းမအပ်ဘူး" ဆိုတဲ့ မိဘတွေကို လေ့လာကြည့်တဲ့အခါ နှစ်မျိုးနှစ်စားရှိနေတာ တွေ့ရပါတယ်။

**လွတ်လပ်စွာ ဆုံးဖြတ်ခွင့်ရှိ**

ကိုယ်တိုင် စိတ်ခံစားချက်၊ နိုင်ငံရေးခံယူချက်အရ မိမိတို့ရဲ့ ရင်သွေးငယ်တွေကို ကျောင်းမအပ်ချင်တဲ့မိဘတွေအနေနဲ့ ၎င်းတို့ကလေးငယ်တွေရဲ့ အနာဂတ်အတွက် ၎င်းတို့ဘာသာ ဆုံးဖြတ်နိုင်ပါတယ်။ ကိုယ့်ဆန္ဒအတိုင်း ကိုယ်လုပ်ကြတာဖြစ်တဲ့အတွက် ကျောင်းအပ်ခြင်း၊ မအပ်ခြင်းက ၎င်းတို့ သဘောဆန္ဒအရ လွတ်လပ်စွာ ဆုံးဖြတ်ခွင့်ရှိပါတယ်။

သို့ပေမယ့် လူမှုကွန်ရက်စာမျက်နှာများပေါ်မှာ "ကျောင်းမတက်နဲ့ ကျောင်းထွက်"ဆိုတဲ့ အရေးအသားတွေ၊ လူမှုရေးတိုက်ခိုက်တဲ့ စကားလုံးတွေ၊ ရန်ပြုမယ့်အမူအရာတွေအပြင် အခုဆို စာသင်ကျောင်းတွေကို ဖောက်ခွဲတိုက်ခိုက်တဲ့ ခြိမ်းခြောက်တဲ့ အပြုအမူတွေ စတဲ့အကြောင်းအမျိုးမျိုးတွေကြောင့် မိမိတို့ကလေးတွေကို စာသင်ခန်းထဲမပို့ရဲတဲ့ မိဘတွေအတွက် တွေးမိရင် စိတ်မကောင်းဖြစ်မိတာ အမှန်ပါ။

**ဥပဒေမဲ့လုပ်ရပ်တွေ**

ဒါနဲ့ပတ်သက်ပြီး ဒီမိုကရေစီကျင့်စဉ်အရ မတူကွဲပြားမှုတွေအပေါ် နားလည်မှုရှိဖို့၊ လူနည်းစုရဲ့ ဆန္ဒကို အလေးထားဖို့နဲ့အတူ လူအများရဲ့ ဆန္ဒကိုလည်း မပစ်ပယ်သင့်ဘူးလို့ ထင်မိပါတယ်။ ရန်ပြု ခြိမ်းခြောက်၊ ပျက်စီးရာပျက်စီးကြောင်း ဥပဒေမဲ့လုပ်ရပ်တွေဟာ ဒီမိုကရေစီနဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတာတွေပါ။

မိမိတို့ ကလေးငယ်တွေကို စာသင်ခန်းအတွင်း ပို့ချင်နေတဲ့ မိဘတွေကို အနှောင့်အယှက်ပြုတာ ဟန့်တားတာတွေ၊ သူတစ်ပါးအခွင့်အရေးကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်တာတွေ၊ ဥပဒေမဲ့ လုပ်ဆောင်လာတဲ့ သူတွေကို ထိရောက်တဲ့ အရေးယူ တားမြစ်မှုတွေ လုပ်ဆောင်ဖို့လိုတယ်လို့ တွေးမိပါတယ်။

ပညာသင်ကြားရမယ့်အရွယ် ကလေးငယ်တွေကို ပညာသင်ကြားခွင့် ရပ်တန့်ပစ်စေတာဟာ ကလေးငယ်တွေရဲ့ အနာဂတ်ကို ဖျက်ဆီးပစ်တာနဲ့ တူပါတယ်။ ငယ်စဉ်အခါ ပညာရှာလို့ ဆိုထားတဲ့အတိုင်း ကုန်ဆုံးသွားမယ့် အချိန်တွေက ပြန်မရနိုင်တော့ပါဘူး။ ကလေးငယ်တစ်ဦးချင်းစီရဲ့ နစ်နာမှုမှသည် တိုင်းပြည်ရဲ့ အနာဂတ်ကိုပါ ထိခိုက်လာမှာဖြစ်ပါတယ်။

**ပညာသင်ကြားရမယ့်အရွယ် ကလေးငယ်တွေကို ပညာသင်ကြားခွင့် ရပ်တန့်ပစ်စေတာဟာ ကလေးငယ်တွေရဲ့ အနာဂတ်ကို ဖျက်ဆီးပစ်တာနဲ့ တူပါတယ်။ ငယ်စဉ်အခါ ပညာရှာလို့ ဆိုထားတဲ့အတိုင်း ကုန်ဆုံးသွားမယ့် အချိန်တွေက ပြန်မရနိုင်တော့ပါဘူး။ ကလေးငယ်တစ်ဦးချင်းစီရဲ့ နစ်နာမှုမှသည် တိုင်းပြည်ရဲ့ အနာဂတ်ကိုပါ ထိခိုက်လာမှာဖြစ်ပါတယ်။**

ပညာရေးဆိုတာ လူတစ်ဦးချင်းစီကို အသိပညာ၊ ကျွမ်းကျင်မှု၊ စိတ်ဓာတ်တွေ ကောင်းအောင်ပြုပြင်ထိန်းကျောင်း လုပ်ဆောင်ပေးတဲ့အရာဖြစ်တဲ့အပြင် ဘဝမြင့်မားရေးအတွက်ပါ အထောက်အပံ့ပေးနိုင်တဲ့ အရာပါ။

ဒီနေရာမှာ စင်ကာပူခေါင်းဆောင်ကြီး လီကွမ်ယုရဲ့ ပညာရေးနဲ့ပတ်သက်တဲ့ အဆိုအမိန့်တစ်ခုကို သွားသတိရမိပါတယ်။

**"စစ်လက်နက်ပစ္စည်းနဲ့ တက်သိမ်းစရာမလိုပါဘူး။ ပညာတတ်အောင်လုပ် သူ့ဟာသူ ကျွန်ခံလာလိမ့်မယ်"** လို့ လီကွမ်ယုက ဆိုထားပါတယ်။

**"ပညာရေးဆိုတာ ကမ္ဘာဆိုတဲ့ သော့ခလောက်ကို "ဂျောက်" ခနဲပွင့်သွားစေမယ့် သော့တံပဲ။ လွတ်လပ်မှုဆီသွားဖို့ ခရီးသွားလာခွင့်လက်မှတ်ပေါ့"** လို့ နာမည်ကျော် အမျိုးသမီးကြီး Oprah Winfrey ကလည်း ဆိုထားပြန်ပါတယ်။

**ဝိုင်းဝန်းကူညီ**

ဇွန်လ ၁ ရက်နေ့ ကျောင်းဖွင့်ချိန်ရောက်ရင် စာသင်ခန်းတွေထဲမှာ တူညီဝတ်စုံနဲ့ အေးချမ်းပျော်ရွှင်စွာကျောင်းတက်နေမယ့် ကလေးငယ်တွေအဖြစ် မြင်ချင်မိပါတယ်။ ကျောင်းအပ်နှံမယ့် မိဘတွေကို ကျောင်းအပ်နှံနိုင်အောင်၊ ကျောင်းတက်ချင်တဲ့ကလေးတွေကို အေးချမ်းစွာ ကျောင်းတက်ခွင့်ရအောင် တာဝန်ရှိသူတွေနဲ့ ပညာရေးလိုလားအားပေးသူအားလုံးက တတ်နိုင်တဲ့ဘက်က ဝိုင်းဝန်းကူညီပေးကြစေလိုပါတယ်။

ပညာသင်ဖို့ ကျောင်းကိုသွားကြမယ့် ကလေးငယ်တွေဟာ မကောင်းမှုလုပ်ဖို့သွားတာမဟုတ်သလို တစ်စုံတစ်ဦးကို ထိခိုက်နာကျင်အောင် လုပ်နေကြတဲ့သူတွေလည်း မဟုတ်ပါဘူး။ ဖြူစင်နုနယ်တဲ့ အပြစ်ကင်းတဲ့ ကလေးငယ်တွေပါ။ ကလေးငယ်တွေကို နိုင်ငံရေးအယူဝါဒများကြားက မြေစာပင်လေးတွေ မဖြစ်စေချင်ပါ။

## အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန် ကြိုတင်ပြင်ဆင်



**ချောင်းဆုံ**

အခြေခံပညာကျောင်းများပြန်လည်ဖွင့်လှစ်ရာတွင် သန့်ရှင်းသပ်ရပ်မှုရှိစေရန်အတွက် မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်းရှိ ချောင်းဆုံအခြေခံပညာအထက်တန်းကျောင်းနှင့် ကွမ်သဲကျေးရွာ အထက်တန်းကျောင်းတို့တွင် မေ ၂၂ ရက် နံနက် ၇ နာရီက ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးအောင်ကြည်သိန်း၊ တစသ(၆)ဒုတိယဗိုလ်မှူးကြီး မျိုးခိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမျိုးသိုက်ထွန်း (လဝက) ဦးစီးမှူး ဦးမောင်မောင်ဌေး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တပ်မတော်သားများနှင့် မိသားစုများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ကျောင်းဆရာ ဆရာမများ၊ အုပ်ချုပ်ရေးမှူးများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများက ကျောင်းဝင်းအတွင်းရှိ ရေကန်များ၊ အမှိုက်များ၊ မြက်များ၊ ကျောင်းဝင်းအတွင်းရှိ အပင်များအား ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ကျောင်းခန်းအတွင်း သန့်ရှင်းရေးလုပ်ငန်းများ ဝိုင်းဝန်းစုပေါင်းပြီး ကျောင်းဝင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**တာချီလိတ်**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ကျောင်းများပြန်လည်ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းသန့်ရှင်းရေးနှင့် ကြိုတင်ပြင်ဆင်မှုများကို တပ်မတော်သားများနှင့်အတူ တာဝန်ရှိသူများက မေ ၂၂ ရက်က ပြုလုပ်ခဲ့ကြသည်။

တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများ ပူးပေါင်း၍ တာချီလိတ် အထက၊ ဆန်ဆိုင်း အထကနှင့် ဟောင်လိတ် အထက ကျောင်းများ၌ ကျောင်းသန့်ရှင်းရေးနှင့် ပြင်ဆင်ခြင်းများကို စုပေါင်းလုပ်ဆောင်ခဲ့ကြသည်။

ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက တည်ငြိမ်အေးချမ်း လုံခြုံစိတ်ချမ်းသာစွာဖြင့် သင်ကြားနိုင်ရေးအတွက် တာဝန်ရှိသူများက စောင့်ရှောက်ပေးသွားမည်ဖြစ်ပြီး ကျောင်းသန့်ရှင်းရေးနှင့် ကျောင်းဥပဓိရုပ်ကောင်းမွန်စေရန် ယခုကဲ့သို့ ပူးပေါင်းလုပ်ဆောင်ခြင်းဖြစ်ကြောင်း ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်နိုင်က ပြောကြားသည်။

ယာဆေး(ပြန်/ဆက်)



**နတ်တလင်း**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ရန်ကုန်-ပြည်လမ်းဘေးရှိ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်းကို မေ ၂၃ ရက် နံနက် ၇ နာရီမှစ၍ ပြုလုပ်ခဲ့ကြသည်။

သန့်ရှင်းရေးဆောင်ရွက်ခြင်းကို တပ်မတော်သားများ၊ မြို့မရဲတပ်ဖွဲ့စခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပညာရေးဝန်ထမ်းများက ကျောင်းဝင်းအတွင်းရှိ သစ်ကိုင်းခြောက်များ၊ မြက်ပင်များ၊ ချုံနွယ်ပင်များကို ရှင်းလင်း၍ မီးရှို့ခြင်း၊ စာသင်ခန်းများနှင့် ကျောင်းအိမ်သာများကို သန့်ရှင်းရေးပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**ကျိုက်ထို**

ကျိုက်ထိုမြို့နယ်ရှိ အခြေခံပညာကျောင်းများဖွင့်လှစ်နိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းစိုးနှင့် နယ်မြေခံတပ်မတော်အရာရှိများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးတင်ထွေးနှင့် တပ်ဖွဲ့ဝင်များ၊ ကျောင်းအကျိုးဆောင်များပူးပေါင်း၍ မေ ၂၃ ရက် နံနက် ၇ နာရီတွင် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းတွင်း၊ ကျောင်းပြင်သန့်ရှင်းသာယာရေးကို စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြသည်။

၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် စာသင်ကြားမှုများ ယာယီရပ်ဆိုင်းထားရှိရာမှ ယခုလ ၂၄ ရက်မှစတင်ပြီး ကျောင်းအပ်နှံရေးဆောင်ရွက်ပေးမည်ဖြစ်ရာ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် ကျောင်းနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ချုံနွယ်များ ရှင်းလင်းခြင်း၊ ခြင်များမခိုအောင်းနိုင်စေရန် ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ စာသင်ခန်းများပြင်ဆင်ခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ဝင်းမောင်(ပြန်/ဆက်)

# ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ပေး



**ပျဉ်းမနား**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးက ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို ယနေ့နံနက် ၁၀ နာရီက ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(စုပေါင်းရုံး) ၌ ဆောင်ရွက်ပေးလျက်ရှိရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ နေပြည်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးကျော်သိန်းဆိုင်၊ ဒက္ခိဏခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံး ဦးစီးမှူး ဦးအောင်ဇော်ထွန်း၊ ပျဉ်းမနားမြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်သန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

ပျဉ်းမနားမြို့နယ် အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှ ပန်းခင်းစီမံချက်ဖြင့် မြို့နယ်အတွင်းရှိ ရပ်ကွက် ခုနစ်ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၉ အုပ်စုရှိ နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသည့် အသက် ၁၆ နှစ်အထက်နှင့် အသက် ၁၈ နှစ်အထက် လူဦးရေ ၈၄၉၆ ဦးတို့ကို တစ်နေ့လျှင် လူ ၃၀ ဦးနှုန်းဖြင့် မေ ၃ ရက်မှစတင်၍ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃ ရက်အထိ ၁၈ လကြာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

**အမ်း**

ရခိုင်ပြည်နယ် အမ်းမြို့နယ်၌ အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနမှ မြို့နယ်ဦးစီမှူး ဦးကျော်မင်းထွန်းနှင့် ဝန်ထမ်းများသည် ပန်းခင်းစီမံချက်ဖြင့် အောက်ရွာကျေးရွာအုပ်စုနေ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ၊ အိမ်ထောင်စုလူဦးရေစာရင်းများ ထုတ်ပေးနိုင်ရေးကို အောက်ရွာဓမ္မာရုံ၌ မေ ၂၂ ရက် နံနက် ၉ နာရီတွင် ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ရာတွင် အောက်ရွာကျေးရွာအုပ်စု အောက်ရွာကျေးရွာ၊ ကျားမောင်း၊ လင်းခုံကျေးရွာများရှိ ပြည်သူများအား အသက် ၁၆ နှစ်နှင့် ၁၈ နှစ်ကြား အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၁၅ ဦး၊ ၁၈ နှစ်အထက် အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၁၅ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးခြင်းနှင့် အိမ်ထောင်စုလူဦးရေစာရင်း ခွဲထွက်မိတ္တူ ၂၁ စောင်၊ မွေးတိုး၊ သေဆုံးပယ်ပျက် ၂၅ ဦးနှင့် အချက်အလက်များ စိစစ်ဖြည့်သွင်းခြင်းလုပ်ငန်းများ ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စိုးမင်းထွန်း (မြို့နယ် ပြန်/ဆက်)**

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှ မြို့နယ်ဦးမှူးနှင့် ဝန်ထမ်းများသည် ပန်းခင်းစီမံချက်ဖြင့် အသက် ၁၆ နှစ်မှ ၁၈ နှစ်ပြည့်ပြီးသူတို့၏ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးအတွက် ရုံးပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါပန်းခင်းစီမံချက်ကို ဆောင်ရွက်ရာတွင် အသက် ၁၆ နှစ်မှ ၁၈ နှစ်အထိနှင့် ၁၈ နှစ်အထက်ရှိသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

တွံတေးမြို့နယ်တွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးရမည့်ဦးရေ ၁၇၆၉၇ ဦး ရှိပြီး အသက် ၁၆ နှစ်နှင့် ၁၈ နှစ်ကြား လူဦးရေ ၅၁၃၀ အား ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ပန်းခင်းစီမံချက်ကို မေလမှစတင်၍ ၁၆ ပတ်ကြာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ရပ်ကွက်၊ ကျေးရွာအုပ်စုများသို့ အဖွဲ့များခွဲ၍ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ဦးထံမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



**ပဲခူး**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေ စာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှ စီမံချက်ကာလ ၁၈ လဖြင့် ဆောင်ရွက်လျက်ရှိသည်။

ပဲခူးမြို့တွင် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ရန် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ယခုလိုဆောင်ရွက်ရာတွင် အိမ်ထောင်စုဇယားမရှိသေးသည့် အိမ်ထောင်စုများ၊ အသက် ၁၆ နှစ်နှင့် ၁၈ နှစ်ကြား ပြည်သူများ၊ အသက် ၁၈ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်မရှိသေးသောပြည်သူများအား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဝင်းမြတ်ထံမှ သိရသည်။

အဆိုပါ ပန်းခင်းစီမံချက်ကို ပဲခူးမြို့တွင် ရပ်ကွက်၊ ကျေးရွာအုပ်စုများရှိ လူဦးရေ ၁၀၀၀၀ ကျော်ရှိသည့်အနက် လူဦးရေ ၉၀၀ ဆောင်ရွက်ပြီးစီးကြောင်း သိရသည်။

**ဌေးဌေးကြည် (ပြန်/ဆက်)**

---

## ပန်းခင်းစီမံချက်နှင့်အပြိုင် မြို့နယ်လဝကရုံးများတွင်ဆောင်ရွက်နေသည့်လုပ်ငန်းများ

- ❖ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီခေါင်းဆောင်များ၊ ပြည်ပရောက် မြန်မာနိုင်ငံသားများအား နိုင်ငံသားစိစစ်ခြင်း၊
- ❖ အိမ်ထောင်စုလူဦးရေစာရင်း၌ မွေးတိုး/သေဆုံး စာရင်း ဆောင်ရွက်ပေးခြင်း၊
- ❖ အသက်(၁၀)နှစ်ပြည့်၊ အသက်(၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား စိစစ်၊ လဲလှယ် ထုတ်ပေးခြင်း၊
- ❖ နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံး / ပျက်စီးမှုများအား မိတ္တူထုတ်ပေးမှုဆောင်ရွက်ပေးခြင်း၊
- ❖ အိမ်ထောင်စုလူဦးရေစာရင်းတိုး/လျှော့/ ပြောင်းဝင်/ ပြောင်းထွက် ဆောင်ရွက်ပေးခြင်း၊
- ❖ မွေးသက္ကရာဇ်/ အမည်ပြင်ဆင်ခြင်းများ ဆောင်ရွက်ပေးခြင်း၊
- ❖ နိုင်ငံခြားသားများနှင့်သက်ဆိုင်သည့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပေး ခြင်း၊
- ❖ ပြည်သူ့အင်အားဆိုင်ရာ လူဦးရေစာရင်းများဆောင်ရွက်ခြင်း၊

## လက်ရှိဇာတိဒေသတွင် အမြဲတမ်းနေထိုင်၍ အိမ်ထောင်စုလူဦးရေစာရင်းရှိပြီး ကိုင်ဆောင်လက်မှတ် မရှိသူများအား ဆောင်ရွက်ပေးခြင်း (ပန်းခင်းစီမံချက်)

- ❖ မြို့နယ်လဝကရုံးများရှိ ရုံးလက်ခံအိမ်ထောင်စုစာရင်းများမှ (၃-၁၁-၂၀၂၂) ရက်တွင် အသက် (၁၈) နှစ် ပြည့်လာမည့်သူများနှင့် အသက်(၁၈) နှစ်ပြည့်ပြီးသူများအနက် မည်သည့်လက်မှတ်မျှ ကိုင်ဆောင်ထားခြင်းမရှိသူတစ်ဦးချင်း အမည်စာရင်းကို ရပ်ကွက်/ကျေးရွာအလိုက် ကောက်ယူစာရင်းပြုစုခြင်း၊
- ❖ ပြုစုထားရှိသည့် အမည်စာရင်းနှင့် ရွှေ့ပြောင်းလျှောက်လွှာပုံစံများအား သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်စု စီမံအုပ်ချုပ်ရေးမှူးများထံပေးပို့၍ အမှန်တကယ်နေထိုင်မှုရှိ/မရှိ၊ လူကျန်ခြင်း ရှိ/မရှိ စိစစ်ဖြည့်စွက်ပြီး ရွှေ့ပြောင်းလျှောက်လွှာများအား မြို့နယ်လဝကရုံးများသို့ ပြန်ကြားခြင်း၊
- ❖ မြို့နယ်လဝကရုံးများ၏ တစ်နေ့တာဆောင်ရွက်ပေးနိုင်မည့်ဦးရေနှင့် အမည်စာရင်းကို (၃)ရက် ကြိုတင်၍ သက်ဆိုင်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးမှူးများထံပေးပို့ထားပြီး ယူဆောင်လာရမည့် စာရွက်စာတမ်းနှင့် လိုအပ်ချက်များကို စာဖြင့် အကြောင်းကြားခြင်း၊
- ❖ မွေးရာပါနိုင်ငံသားများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်ရုံးများ၌ ဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များအတိုင်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်၍ ကာယကံရှင်ထံသို့ တိုက်ရိုက်ထုတ်ပေးခြင်း၊
- ❖ ဥပဒေအရနိုင်ငံသားများအတွက် ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုးထုတ်ပေးရေးကို လိုအပ်သည့် အထောက်အထားများ တင်ပြလျှောက်ထားလာပါက အမြန်ဆုံးဆောင်ရွက်ပေးခြင်း၊
- ❖ ရုံးလက်ခံ အိမ်ထောင်စုစာရင်းနှင့် ကာယကံရှင်လက်ဝယ်ရှိ အိမ်ထောင်စုစာရင်းများတွင် ရေးသွင်းခြင်း၊

## လက်ရှိဇာတိဒေသတွင်အမြဲတမ်းနေထိုင်၍ အိမ်ထောင်စုလူဦးရေစာရင်းမရှိ၊ ကိုင်ဆောင်လက်မှတ် မရှိသူများအားဆောင်ရွက်ပေးခြင်း (ပန်းခင်းစီမံချက်)

- ❖ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအလိုက် ဆောင်ရွက်ပေးရမည့် အိမ်ထောင်စုလူဦးရေစာရင်းအား သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးမှူးများနှင့်ညှိနှိုင်း၍ မိမိဝန်ထမ်းများလိုက်ပါကာ အမှန်တကယ်နေထိုင်သည့် လူဦးရေစာရင်းပြုစုခြင်း၊
- ❖ အိမ်ထောင်စုလူဦးရေစာရင်း ပျောက်ဆုံး/ပျက်စီး၍ မတင်ပြနိုင်သူများအား ရုံး၌ရုံးလက်ခံနှင့် တိုက်ဆိုင်စိစစ်၍ မှန်ကန်ပါက အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူထုတ်ပေးခြင်း၊ မွေးရာပါနိုင်ငံသားများအား ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်း၊
- ❖ လက်ရှိဒေသတွင် မိဘဘိုးဘွားလက်ထက်မှစ၍ အခြေချနေထိုင်ခဲ့ကြသော်လည်း အကြောင်းအမျိုးမျိုးကြောင့် အိမ်ထောင်စုလူဦးရေစာရင်း မရှိကြသူများအား ကွင်းဆင်းစိစစ်၍ အိမ်ထောင်စု လူဦးရေစာရင်းကောက်ယူခြင်း၊ ကောက်ယူပြုစုထားရှိသည့်အမည်စာရင်းအား (၅)ဦးကော်မတီ စိစစ်ထောက်ခံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးခြင်း၊
- ❖ မွေးရာပါနိုင်ငံသားများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်ရုံးများ၌ ဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များအတိုင်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်၍ ကာယကံရှင်ထံသို့ တိုက်ရိုက်ထုတ်ပေးခြင်း၊
- ❖ ဥပဒေအရနိုင်ငံသားများအတွက် ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုးထုတ်ပေးရေးကို လိုအပ်သည့်အထောက်အထားများ တင်ပြလျှောက်ထားလာပါက အမြန်ဆုံးဆောင်ရွက်ပေးခြင်း၊

## ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်း ရှိသော်လည်း လက်ရှိဒေသတွင် ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း (ပန်းခင်းစီမံချက်)

- ❖ အကြောင်းအမျိုးမျိုးကြောင့် ပုံစံ (၁၀) မပါရှိဘဲ ရွှေ့ပြောင်းအခြေချနေထိုင်သူများအား ရပ်ကွက်/ ကျေးရွာအလိုက် စာရင်းကောက်ယူပြီး မူလဒေသရှိ မြို့နယ်ရုံးများနှင့် ဆက်သွယ်မေးမြန်းစိစစ်ခြင်း၊ မှန်ကန်သော အိမ်ထောင်စုများအား မူလမြို့နယ်စာရင်းမှလျှော့ခြင်းနှင့် ပြောင်းရွှေ့ပုံစံ (၁၀) ထုတ်ပေး ခြင်း၊ မိမိမြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်းထုတ်ပေးခြင်း၊
- ❖ အိမ်ထောင်စုလူဦးရေစာရင်းတရားဝင်ပြောင်းရွှေ့ရောက်ရှိပြီးမှ လက်ရှိဒေသတွင် ဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ဆောင်ရွက်ပေးခြင်း၊
- ❖ မွေးရာပါနိုင်ငံသားများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်ရုံးများ၌ ဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များအတိုင်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်၍ ကာယကံရှင်ထံသို့တိုက်ရိုက်ထုတ်ပေး ခြင်း၊
- ❖ အိမ်ထောင်စုလူဦးရေစာရင်းအား လက်ရှိဒေသသို့ မပြောင်းရွှေ့လိုသူများအတွက် လူကိုယ်တိုင် အိမ်ထောင်စုလူဦးရေစာရင်းရှိရာမူလဒေသသို့သွားရောက်၍ ကိုင်ဆောင်သင့်သည့်ကတ်ပြား တစ်မျိုးမျိုးရရှိရေး ဆောင်ရွက်ခြင်း၊
- ❖ ဥပဒေအရနိုင်ငံသားများအတွက် ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုးထုတ်ပေးရေးကို လိုအပ်သည့်အထောက်အထားများ တင်ပြလျှောက်ထားလာပါက အမြန်ဆုံးဆောင်ရွက်ပေးခြင်း၊

## ဖြိုးဝေဝေစက္ကူနှင့် စာအုပ်ထုတ်လုပ်ရေး သမဝါယမအသင်း(လီမိတက်)မှ ဒေသတွင်း စာရွက်လိုအပ်ချက်အတွက် ဖြည့်ဆည်းဆောင်ရွက်

မြစ်ကြီးနား မေ ၂၃

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက် စက်မှုဇုန်အတွင်းရှိ ဖြိုးဝေဝေစက္ကူနှင့် စာအုပ်ထုတ်လုပ်ရေးသမဝါယမအသင်း(လီမိတက်)သည် အသင်းသားဦးရေ ၃၀ နှင့် ဖွဲ့စည်းထားပြီး အသင်းသားများကိုယ်တိုင် စက္ကူထုတ်လုပ်သည့်လုပ်ငန်းတွင် လုပ်သားများအဖြစ် ပါဝင်လုပ်ကိုင် ဆောင်ရွက်လျက်ရှိသည်။ ပြည်နယ်အတွင်းရှိ အသုံးပြုပြီးသည့် ရုံးသုံး၊ ကျောင်းသုံး စာရွက်ဟောင်းများ၊ သတင်းစာနှင့်ဂျာနယ် အဟောင်းများကို ကုန်ကြမ်းအဖြစ်ဝယ်ယူ၍ Recycle ပြုလုပ်ပြီး ယင်းပျော့ဖတ်များဖြင့် စက္ကူကြမ်း/ချောထုတ်လုပ်ခြင်းနှင့် ကတ်ထူစက္ကူထုတ်လုပ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ဘားဖြူစက္ကူကြမ်း/ချော၊ ဘားပြာကြမ်း/ချော၊ ကတ်ထူစက္ကူများ တစ်ရက်လျှင် စက္ကူ နှစ်တန်ခန့် ထုတ်လုပ်နိုင်ပြီး ဒေသတွင်းစာရွက်လိုအပ်ချက်အတွက် တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




## မိတ္ထီလာမြို့နယ်၌ သောက်သုံးရေများပေးဝေလှူဒါန်း

နေပြည်တော် မေ ၂၃

မန္တလေးတိုင်းဒေသကြီးအတွင်း သောက်သုံးရေရှားပါးသည့်ကာလများတွင် မြို့နယ်များရှိ သောက်သုံးရေများလိုအပ်လျက်ရှိသော ဌာနဆိုင်ရာများ၊ သာသနိကအဆောက်အအုံများနှင့် ရပ်ကွက်/ ကျေးရွာများအတွက် သက်ဆိုင်ရာမြို့နယ်မီးသတ်စခန်းများမှ မီးသတ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းလျက်ရှိရာ မေ ၂၂ ရက် မွန်းလွဲပိုင်းတွင် မိတ္ထီလာမြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ကြပ်ကြီး ဇော်တိုးနှင့် တပ်ဖွဲ့ဝင်များသည် မီးသတ်ရေသယ်ယာဉ် တစ်စီးဖြင့် မိတ္ထီလာမြို့နယ် ကြာပေါက်ကျေးရွာဘုန်းတော်ကြီးကျောင်းသို့ သောက်သုံးရေဂါလန် ၁၆၀၀ ခန့်နှင့် ခင်သာကျေးရွာဘုန်းတော်ကြီးကျောင်းသို့ သောက်သုံးရေဂါလန် ၁၆၀၀ ခန့် လှူဒါန်းခဲ့ကြောင်း သိရသည်။

အောင်မျိုး

ဆရာကြီး ပန်းချီဦးစိန်၏ ရွှေသွေးတစ်ခေတ် ကာတွန်းလက်ရာများကို မူရင်းအတိုင်းဖော်ပြပါသည်။

စာတည်း



ရွှေသွေးဂျာနယ် အတွဲ(၁)၊ အမှတ်(၂)၊ (၁၁-၁-၆၉)

# ဟုမ္မလင်းမြို့နယ်၌ ရော်ဘာဈေးကောင်း၍ တောင်သူများဝင်ငွေတိုးလာ

ဟုမ္မလင်း မေ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်တွင် ရော်ဘာဈေးကောင်းသဖြင့် တောင်သူများဝင်ငွေတိုးလာကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**လေးသိန်းကျော် ငါးသိန်း အမြတ်ရရှိ**

ယခင်က ရော်ဘာတစ်ပေါင်လျှင် ငွေကျပ် ၇၀၀ ကျော် ရောင်းရသော်လည်း ယခုနှစ်တွင် ရော်ဘာတစ်ပေါင်လျှင် ငွေကျပ် ၉၀၀ အထိ ရောင်းချလျက်ရှိကြောင်း၊ ရော်ဘာဈေးကွက်အနေဖြင့် လအလိုက် ဈေးနှုန်းပြောင်းလဲမှုရှိကြောင်း၊ ရော်ဘာစိုက်တောင်သူများအနေဖြင့် တစ်ဧကလျှင် ပေါင် ၈၀၀ မှ ၁၀၀၀ ကြား ထွက်ရှိသဖြင့် တစ်ဧကလျှင် လေးသိန်းကျော် ငါးသိန်း အမြတ်ရရှိကြောင်း၊ ဟုမ္မလင်းမြို့နယ်မှ ထွက်ရှိသော ရော်ဘာပြားများကို မုံရွာနှင့်မန္တလေးသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် ရော်ဘာကို ၂၀၀၅ ခုနှစ်မှ စတင်၍စိုက်ပျိုးခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလျက်ရှိရာ ၂၀၁၂ ခုနှစ်အထိ ရော်ဘာစိုက်ဧက ၈၁၈၇ ဧကအထိ စိုက်ပျိုးပြီးဖြစ်ကြောင်း၊ ယခုနှစ်တွင် ရော်ဘာအစေးခြစ်သည့် ဧကမှာ ၅၃၁ ဧက ဖြစ်ပြီး တစ်နှစ်လျှင် ပေါင်သုံးသိန်းခန့်ထွက်ရှိကြောင်း၊ ရော်ဘာစိုက်ပျိုးခြင်းအပြင် သီးညှပ်စိုက်ပျိုးခြင်းအနေဖြင့် ရော်ဘာပင်အောက်တွင် ကော်ဖီပင်များလည်းစိုက်ပျိုးထားကြောင်း၊ အဆိုပါကော်ဖီပင်များမှ ကော်ဖီစေ့များလည်းထွက်ရှိသဖြင့် ဝင်ငွေနှစ်မျိုးရရှိသည့်အတွက်တောင်သူများဝင်ငွေတိုးလာကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြွေကြူဖြင့်



# ကနေဒါနိုင်ငံ၏ လူဦးရေထက်ဝက်ကျော်အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပေးပြီးဖြစ်

**အော့တဝါ မေ ၂၃**
ကနေဒါနိုင်ငံ၏ လူဦးရေထက်ဝက်ကျော်ဖြစ်သည့် နိုင်ငံလူဦးရေ၏ ၅၀ ဒသမ ၀၈ ရာခိုင်နှုန်းခန့်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပြီးဖြစ်ကြောင်းနှင့် နိုင်ငံလူဦးရေ၏ ၄ ဒသမ ၃ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်စလုံးထိုးနှံခဲ့ပြီးဖြစ်ကြောင်း သိရသည်။

လူဦးရေ ၃၈ သန်းရှိသည့် ကနေဒါနိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ သန်း ၂၀ ကျော်အသုံးပြုပြီးဖြစ်ကြောင်း ကနေဒါနိုင်ငံ ပြည်သူ့ကျန်းမာရေးအေဂျင်စီက ယမန်နေ့တွင် ပြောကြားသည်။

ကနေဒါနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၆၄၇ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၃၅၅၇၆၅ ဦးရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၅၂၀၃ ဦးရှိလာကြောင်း ကနေဒါနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ကနေဒါနိုင်ငံ၌ မေ ၁၄ ရက်မှ ၂၀ ရက်အတွင်း နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက်သည် ပျမ်းမျှအားဖြင့် ၅၀၀၄ ဦးနှုန်းရှိကြောင်းလည်း ကနေဒါပြည်သူ့ကျန်းမာရေးအေဂျင်စီက မေ ၂၂ ရက်တွင် ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



## တရုတ်နိုင်ငံရှိ တောင်ပေါ်မာရသွန်အပြေးပြိုင်ပွဲ၌ ရာသီဥတုဆိုးရွားမှုကြောင့် ပြိုင်ပွဲဝင် ၂၁ ဦးသေဆုံး



**ပေကျင်း မေ ၂၃**
တရုတ်နိုင်ငံ အနောက်မြောက်ဘက်ပိုင်းတွင် တောင်ပေါ်မာရသွန်အပြေးပြိုင်ပွဲ၌ ရာသီဥတုဆိုးရွားမှုကြောင့် ပြိုင်ပွဲဝင် ၂၁ ဦး သေဆုံးကြောင်း သိရသည်။

ကီလိုမီတာ ၁၀၀ ရှိသော မာရသွန်အပြေးပြိုင်ပွဲကို ဂန်ဆူစီရင်စုရှိ ဘေယင်မြို့၌ ကျင်းပခြင်းဖြစ်ပြီး ဝင်ရောက်ယှဉ်ပြိုင်သူ ၁၇၂ ဦးရှိကြောင်း သိရသည်။ အဆိုပါဒေသသည် ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၁၅၀၀ ကျော်တွင် တည်ရှိသည်။

လေပြင်းတိုက်ခတ်မှု၊ မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မိုးသီးများကျဆင်းမှုတို့ကြောင့် ပြိုင်ပွဲကို ရပ်ဆိုင်းခဲ့ရပြီး ပြိုင်ပွဲဝင်ကစားသမားအချို့လည်း ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

အဖျားဝေဒနာခံစားရမှုကြောင့် လှုပ်ရှားမှုမပြုနိုင်သော ပြိုင်ပွဲဝင်ကစားသမားများအား ကယ်ဆယ်ရေးအဖွဲ့များက လိုက်လံရှာဖွေကယ်ဆယ်လျက်ရှိသည်။ သို့ရာတွင် ရေခဲမှတ်နီးပါးရောက်ရှိနေသည့် အအေးဒဏ်ကြောင့် ပြိုင်ပွဲဝင်ကစားသမား ၂၁ ဦးသည် ကိုယ်အပူချိန်အလွန်အမင်းကျဆင်းကာ သေဆုံးခဲ့သည်။

အဆိုပါပြိုင်ပွဲကို ကြီးမှူးကျင်းပသည့် ဒေသန္တရအစိုးရအဖွဲ့က နေ့အပူချိန် ၁၉ ဒီဂရီစင်တီဂရိတ်ရှိခြင်းကြောင့် အားကစားသမားများအား ရာသီဥတုအခြေအနေနှင့်ပတ်သက်၍ သတိပေးခဲ့ခြင်းမရှိသဖြင့် ပြိုင်ပွဲဝင်ကစားသမားများသည် ပါးလွှာသောအင်္ကျီများကိုသာ ဝတ်ဆင်ကာ ဝင်ရောက်ယှဉ်ပြိုင်ကြခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

## ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံရှိ ညီရာဂွန်ဂိုမီးတောင် ပေါက်ကွဲ

**ကင်ရှာဆာ မေ ၂၃**
ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ မီးတောင်တစ်လုံးပေါက်ကွဲရာ ပြည်သူထောင်ပေါင်းများစွာသည် အိမ်နီးချင်းရဝမ်ဒါနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရကြောင်း ယနေ့သတင်းများအရ သိရသည်။

ရဝမ်ဒါနိုင်ငံ၏ နယ်စပ်ဒေသအနီးတွင် တည်ရှိသည့် ညီရာဂွန်ဂိုမီးတောင်သည် ယမန်နေ့တွင် စတင်ပေါက်ကွဲကြောင်း သိရသည်။

မီးတောင်ပေါက်ကွဲမှုကြောင့် အဆိုပါမီးတောင်အနီးရှိ ကောင်းကင်ယံ၌ မီးခိုးလုံးများ လွင့်ပျံတက်နေပြီး ချော်ရည်များ အနီးဝန်းကျင်နေရာများသို့ စီးဆင်းလျက်ရှိသည်ကို ဗီဒီယိုမှတ်တမ်းများတွင် တွေ့ရှိနိုင်သည်။

အဆိုပါမီးတောင်၏ တောင်ဘက် ၁၀ ကီလိုမီတာအကွာအဝေးရှိ ဂိုမာမြို့ရှိ လူနေအိမ်အများအပြား မီးလောင်ကျွမ်းသွားခဲ့ပြီး လျှပ်စစ်ဓာတ်အားလိုင်းများလည်း ပျက်စီးခဲ့ကြောင်း သိရသည်။

ပြည်သူ ၃၅၀၀ ကျော်သည် နယ်စပ်ဖြတ်ကျော်ကာ ရဝမ်ဒါနိုင်ငံအတွင်းသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြောင်း ရဝမ်ဒါအာဏာပိုင်များက ဆိုသည်။

မီးတောင်ပေါက်ကွဲမှုဒဏ်ကို ထိခိုက်ခံစားရသည့် ဂိုမာမြို့နေပြည်သူများအား ကယ်ဆယ်ရေးအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ အစိုးရအဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သမ္မတ ဖီးလစ်ရှိဆီကီဒီက အဆိုပါမီးတောင်ပေါက်ကွဲမှုကြောင့် ၎င်း၏ ဥရောပခရီးစဉ်ကို ရပ်ဆိုင်းကာ နိုင်ငံသို့ ပြန်လာခဲ့ကြောင်း သိရသည်။

ညီရာဂွန်ဂိုမီးတောင်သည် ကမ္ဘာပေါ်ရှိ အလှုပ်ရှားဆုံး မီးတောင်များအနက် တစ်ခုပါဝင်သည်။ ၂၀၀၂ ခုနှစ်အတွင်း အဆိုပါမီးတောင်ပေါက်ကွဲမှုကြောင့် လူ ၁၀၀ ကျော် သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**





## ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၀၈၃ ဦးထပ်မံတွေ့ရှိ

**မနီလာ မေ ၂၃**
ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၀၈၃ ဦးထပ်မံတွေ့ရှိရာ နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁၇၉၈၁၂ ဦးရှိလာပြီဖြစ်ကြောင်း ဖိလစ်ပိုင် ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အလားတူ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၈ ဦးထပ်မံသေဆုံးရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၉၉၅၁ ဦးရှိလာပြီဖြစ်သည်။ ယခုနှစ်အတွင်း ပြည်သူ သန်း ၇၀ အား ကာကွယ်ဆေးထိုးနှံပေးရန် ရည်ရွယ်ထားသည့်အတွက် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ လက်ရှိအချိန်အထိ ကာကွယ်ဆေးထိုးနှံမှုခံယူပြီးသူ သုံးသန်းကျော်ရှိသည်။

လူဦးရေ သန်း ၁၁၀ ကျော်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၁၂ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဆေးစစ်မှုများဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၄၀၈၄၂ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ မေ ၂၃**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၄၀၈၄၂ ဦး ထပ်မံတွေ့ရှိရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂၆၅၃၀၁၃၂ ဦး ရှိလာပြီဖြစ်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၃၇၄၁ ဦးထပ်မံသေဆုံးခဲ့ရာ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၂၉၉၂၆၆ ဦး ရှိလာပြီဖြစ်ကြောင်း သိရသည်။

နေ့စဉ်သေဆုံးမှုအရေအတွက် ၄၀၀၀ အောက် ကျဆင်းခဲ့သည်မှာ နှစ်ရက်ရှိပြီဖြစ်သည်။ လက်ရှိအချိန်အထိ ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၂၃၄၂၅၄၆၇ ဦးရှိသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ထိန်းချုပ်ရန် နိုင်ငံအတွင်းရှိပြည်နယ်အများအပြား၌ ခရီးသွားလာခွင့် ကန့်သတ်ချက်နှင့် ညမထွက်ရအမိန့်ကို ထုတ်ပြန်ထားကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၆ ရက်တွင် စတင်ခဲ့ပြီး လက်ရှိအချိန်အထိ ကာကွယ်ဆေးအလုံးရေ ၁၉၅ သန်း (၁၉၅၀၀၄၁၈၄) ထိုးနှံပေးပြီးဖြစ်သည်။

ယမန်နေ့တစ်နေ့တည်းမှာပင် ပြည်သူများအား ထိုးနှံပေးသည့် ကာကွယ်ဆေးအလုံးရေ ၁၆၀၄၅၄၂ ခန့်ရှိသည်။

လက်ရှိကာကွယ်ဆေးထိုးနှံမှု တတိယအဆင့်တွင် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူအားလုံး ပါဝင်သည်။ သို့သော် နိုင်ငံအတွင်းရှိ ကာကွယ်ဆေးထိုးနှံပေးရေးစင်တာအချို့၌ ကာကွယ်ဆေးပြတ်လပ်မှုများနှင့် ရင်ဆိုင်နေရသည်။

အိန္ဒိယဗဟိုအစိုးရက နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးမှုများကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိရာ လက်ရှိအချိန်အထိ ပြည်သူ ၃၂၈ သန်းကျော်ကို ဆေးစစ်ပေးပြီးဖြစ်ကြောင်း သိရသည်။



အိန္ဒိယနိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် Covishield၊ Covaxin နှင့် ရုရှားနိုင်ငံထုတ် Sputnik-V တို့ကို အသုံးပြုလျက်ရှိကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**




# တောင်ကိုရီးယားနိုင်ငံ၌ Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထုတ်လုပ်မည်

**ဆိုးလ် မေ ၂၃**

တောင်ကိုရီးယားနိုင်ငံ၌ Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထုတ်လုပ်ရန် Samsung Biologics ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီနှင့် Moderna ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီတို့အကြား သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

၂၀၂၁ ခုနှစ် တတိယသုံးလပတ်တွင် အမေရိကန်နိုင်ငံ ပြင်ပဈေးကွက်သို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဖြန့်ဖြူးရန် ရည်ရွယ်ထားကြောင်း အမေရိကန်ဆေးဝါးကုမ္ပဏီ Moderna က ဆိုသည်။

ထို့ပြင် Moderna ဆေးဝါးကုမ္ပဏီက ကိုရီးယားအမျိုးသားကျန်းမာရေးအင်စတီကျူနှင့် ကိုရီးယား ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနတို့နှင့်လည်း နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံက Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ သန်း ၄၀ ကို ရယူသုံးစွဲနိုင်ပြီဖြစ်ကြောင်း Moderna ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီက ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ ထုတ်လုပ်မှုဆိုင်ရာ အခွင့်အလမ်းများကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း Moderna ဆေးဝါးကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် စတီဗင်ဘန်ဆယ်က ပြောကြားသည်။

**ကိုးကား- စီအင်န်အေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ငါးသန်းကျော်ရှိလာ

**မော်စကို မေ ၂၃**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၉၅၁ ဦး ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၅၀၀၁၅၀၅ ဦး ရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက မေ ၂၃ ရက်တွင် ပြောကြားသည်။

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာ ကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၅၇ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၁၈၄၈၂ ဦးအထိရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၇၂၉၇ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၄၆၁၇၇၆၂ ဦးအထိ ရှိလာကြောင်း သိရသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ မြို့တော်မော်စကိုသည် နိုင်ငံတစ်ဝန်းရှိ ဒေသများအနက် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု အများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်တာ ကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၉၂၄ ဦးရှိခြင်းကြောင့် မြို့တော်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၁၅၇၀၃၉ ဦးအထိ ရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ လူဦးရေ ၁၄၆ သန်းကျော်ရှိသည့် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးသူ ၂၅၄၆၈၀၅၇ ဦး ရှိသွားပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# ပါကစ္စတန်နိုင်ငံ၌ အသက် ၃၀ မှ ၃၉ နှစ်အရွယ်အုပ်စုများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးမှု စတင်

**အစ္စလာမ္မာဘတ် မေ ၂၃**

ပါကစ္စတန်နိုင်ငံသည် အသက် ၃၀ မှ ၃၉ နှစ်အရွယ်အထိ အသက်အရွယ်ရှိသည့်အုပ်စုများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်ကို မေ ၂၂ ရက် တွင် စတင်ခဲ့ကြောင်း ယနေ့သတင်းများက ဖော်ပြထားသည်။

ပါကစ္စတန်နိုင်ငံသည် လက်ရှိတွင် နိုင်ငံတစ်ဝန်းရှိ အသက် ၄၀ နှင့်အထက် အသက်အရွယ်ရှိသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်းလည်း သိရသည်။ ထို့ပြင်ပါကစ္စတန်နိုင်ငံသည် မေ ၂၂ ရက် နံနက်ပိုင်းအထိ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်အောက်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၄၉၅၆၈၅၃ လုံးအထိ အသုံးပြုထားပြီး လူဦးရေ ၁၁၉၃၄၄၁ ဦးမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံမှု ခံယူထားပြီးဖြစ်ကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၀၀၇ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၈၉၇၄၆၈ ဦးအထိရှိလာကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံ၌ ပန်ဂျက်ပြည်နယ် အရှေ့ပိုင်းသည် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု အများဆုံးဒေသဖြစ်ပြီး ပန်ဂျက်ပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၃၃၃၀၅၇ ဦး ရှိကြောင်းနှင့် ဆင်းသ်ပြည်နယ် တောင်ပိုင်းသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၃၀၆၇၀၇ ဦးရှိကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၈၈ ဦး ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၀၁၇၇ ဦး အထိရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ စုစုပေါင်း ၈၀၃၈၅၅ ဦးအထိရှိလာကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

**ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ**
**၁၆၇၁၁၄၄၆၉ ဦး**

**သေဆုံးသူ**
**၃၄၇၀၂၆၈ ဦး**

**ပြန်လည်ကျန်းမာလာသူ**
**၁၄၈၀၆၀၆၂၇ ဦး**

# ပုသိမ်မြို့၌ အဖျက်အမှောင့်လုပ်ငန်းလုပ်ဆောင်ရန် လက်လုပ်မိုင်းပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်၊ အမျိုးသား နှစ်ဦး ဒဏ်ရာရ

**နေပြည်တော် မေ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ မေ ၂၂ ရက်က အဖျက်အမှောင့်လုပ်ငန်းလုပ်ဆောင်ရန် လက်လုပ်မိုင်းပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပွားပြီး အမျိုးသား နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၂ ရက် ညနေ ၄ နာရီ မိနစ် ၄၀ က ပုသိမ်မြို့ အမှတ်(၃)ရပ်ကွက် တောရကျောင်းလမ်း အိမ်အမှတ်(၄၂၃) ရှိ ဦးဝင်းကြည်(၅၂)နှစ် (ဘ)ဦးသောင်းပိုင်ဆိုင်သော ပရိဘောဂအလုပ်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ အဆိုပါ အလုပ်ရုံတွင် ဦးဝင်းကြည်၏ဇနီး ဒေါ်သီတာထွေး (၅၂) နှစ် (ဘ)ဦးကျော်ထူးနှင့် ၎င်းရပ်ကွက်နေ မျိုးမြင့်ခိုင်(၂၁)နှစ် (ဘ) ဦးတင်လှိုင်ကို တွေ့ရှိထိန်းသိမ်းပြီး အလုပ်ရုံအပေါ်ထပ်တွင် လက်လုပ်အဝေးထိန်းမိုင်း ပေါက်ကွဲထားသည့် အပိုင်းအစများနှင့် ဆက်စပ်ပစ္စည်းများ တွေ့ရှိသိမ်းဆည်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စစ်ဆေးဆောင်ရွက်ခဲ့ရာ မျိုးမြင့်ခိုင်နှင့် ဦးဝင်းကြည်၏ သားဖြစ်သူ ကောင်းထက်(၁၈)နှစ်၊ တစ်ရပ်ကွက်တည်းနေ လင်းထက်(၂၈) နှစ် (ဘ)ဦးမြင့်အောင်နှင့် အရှေ့ကိုးသိန်းရပ်ကွက်နေ ဇော်ဇော် (၂၇)နှစ် (ဘ) ဦးမြင့်သိန်းတို့ လေးဦးသည် လက်လုပ်အဝေးထိန်းမိုင်း အသက်သွင်းနေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ကောင်းထက်ပါ သုံးဦးသည် ထွက်ပြေးသွားကြောင်း သိရှိရသဖြင့် လိုက်လံဖမ်းဆီးရာ ၎င်းရပ်ကွက်ရှိ စက်တော်ရာဘုရားဝင်းအတွင်း၌ ဇော်ဇော်အား ယာလက် ငါးချောင်းထိပ်အဆစ်များပြတ်ကာ ပွန်းပဲ့ဒဏ်ရာများဖြင့်လည်းကောင်း၊ လင်းထက်အား ပွန်းပဲ့ဒဏ်ရာများဖြင့်လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ဆေးဝါးကုသနိုင်ရေးအတွက် တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ထွက်ပြေးတိမ်းရှောင်နေသူ ကောင်းထက်အား ဖမ်းဆီးရမိရေးနှင့် ဖမ်းဆီးရမိသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**


တရားခံ ဇော်ဇော်


တရားခံ လင်းထက်




# မူဆယ်နှင့် လားရှိုးမြို့၌ ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၁ ရက် ည ၇ နာရီတွင် မူဆယ်မြို့ ဟိုမွန်ရပ်ကွက် သိန်းသန်းချီအဝေးပြေးကားဝင်းအတွင်းရှိ ကားဂိတ်၌ မသင်္ကာဖွယ် ဆာလာအိတ် နှစ်အိတ်အားတွေ့ရှိသဖြင့် ဖွင့်ဖောက်စစ်ဆေးရာ ဘိန်းဖြူ သုည ဒသမ ၆၆ ကီလိုကိုလည်းကောင်း၊ ဆက်လက်၍ မေ ၂၂ ရက် မွန်းလွဲ ၃ နာရီခွဲတွင် လားရှိုးမြို့နယ် ကောင်းကြဲကျေးရွာအုပ်စု ကောင်းတပ်ကျေးရွာနေ ဆန်လူ၏ နေအိမ်သို့ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ မျိုးမြင့်အားတွေ့ရှိရပြီး နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၈၀ နှင့် ဘိန်းစိမ်း သုည ဒသမ ၄၅ ကီလိုတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**


သိမ်းဆည်းရမိသည့် ဘိန်းဖြူများကို တွေ့ရစဉ်။

# ရှာင်မြို့နယ်၌ ငွေကျပ်သိန်း ၄၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ရှစ်သိန်း သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရှာင်မြို့နယ်တွင် ငွေကျပ်သိန်း ၄၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ရှစ်သိန်း သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၂ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ရှာင်မြို့နယ် ယုန်တောင်ကျေးရွာအနီး ရှာင်မှ ကျောက်ဆည်မြို့နယ် ဟံမြင့်မိုရ်သို့ ရွှမ်းဝင်း(ခ) အောင်နိုင်ဝင်း (၃၉)နှစ် မောင်းနှင်လာသည့်ယာဉ်ကို သတင်းအရရှာဖွေရာ တန်ဖိုးငွေကျပ်သိန်း ၄၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀၀၀ ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးပေါ်ပေါက်ချက်အရ သိမ်းဆည်းရမိသော စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်မှ ကရင်ပြည်နယ် မြဝတီမြို့နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**


ရွှမ်းဝင်း(ခ) အောင်နိုင်ဝင်းအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# လူမှုကွန်ရက်ပေါ်၌ အများပြည်သူနှင့် အစိုးရဝန်ထမ်းများကို အထိတ်တလန့်ဖြစ်စေရန် သွေးထိုးလှုံ့ဆော်သူများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် CDM လှုပ်ရှားမှုကို အခြေခံပြီး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးမှုအား ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် အကြမ်းဖက်မှုများကို ဦးတည်စေသော ဆူပူဆန္ဒပြမှုများ သွေးထိုးလှုံ့ဆော်လျက်ရှိသောကြောင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လုံခြုံရေးအဖွဲ့အစည်းများက ဥပဒေနှင့်အညီ ပူးပေါင်းထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။


တရားခံ ဒေါ်အေးအေးစိမ့်(ဘ) ဦးအေးထွန်း
တရားခံ စိုးသီ(ခ)ဘာဘူယယ်၊ (ဘ) ဦးကျော်ဝင်း
တရားခံ ဒေါ်သက်စုဝေ(ဘ)ဦးတင်ရှိန်
တရားခံ ပြည့်ဇော်ဖြိုး (ခ)ပြည့်စိုင်းဖွား၊ (ဘ) ဦးဇော်ဦး

ထိုသို့ လုပ်ဆောင်လျက်ရှိရာ လူမှုကွန်ရက်စာမျက်နှာ၌ အများပြည်သူနှင့် အစိုးရဝန်ထမ်းများကို အထိတ်တလန့်ဖြစ်စေရန် သွေးထိုးလှုံ့ဆော်ခြင်း၊ အစိုးရဝန်ထမ်းများ CDM တွင် ပါဝင်လာအောင် စည်းရုံးလှုံ့ဆော်ခြင်းနှင့် ဆူပူဆန္ဒပြမှုများတွင် ကိုယ်တိုင်ပါဝင်ခြင်း၊ နိုင်ငံတော်နှင့် တပ်မတော်၏ပုံရိပ်ကျဆင်းအောင် မဟုတ်မမှန် ရေးသားခြင်းများ ပြုလုပ်ခဲ့သည့် ပညာရေးဝန်ထမ်းများဖြစ်ကြသည့် မြိတ်မြို့ ကန်ဖျားရပ်ကွက်နေ ဒေါ်အေးအေးစိမ့်(ဘ)ဦးအေးထွန်း၊ မြစ်ငယ်ရပ်ကွက် ဝေဘာဂီလမ်းနေ စိုးသီ(ဘ) ဦးကျော်ဝင်း၊ မြိတ်မြို့ စန္ဒဝတ်ကျေးရွာအုပ်စု ရွှေပေးကျေးရွာနေ ဒေါ်သက်စုဝေ (ဘ)ဦးတင်ရှိန်၊ ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက် စံပယ်လမ်းနေ ပြည့်ဇော်ဖြိုး(ဘ) ဦးဇော်ဦးတို့ကို မေ ၂၂ ရက်တွင် ၎င်းတို့၏ နေအိမ်များ၌ အသီးသီး ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာမြို့မရဲစခန်းများ၌ ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ရှမ်းပြည်နယ်၊ မိုးနဲမြို့နယ်၊ သိန္နီမြို့နယ်၊ ကျောက်မဲမြို့နယ်၊ နောင်ချိုမြို့နယ်၊ မိုးမိတ်မြို့နယ်၊ မဘိမ်းမြို့နယ်နှင့် မက်မန်းမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေး

၂၀၂၁ ခုနှစ်၊ မေလ ၂၃ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်၊ မိုးနဲမြို့နယ်၊ သိန္နီမြို့နယ်၊ ကျောက်မဲမြို့နယ်၊ နောင်ချိုမြို့နယ်၊ မိုးမိတ်မြို့နယ်၊ မဘိမ်းမြို့နယ်နှင့် မက်မန်းမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါမြို့နယ် ၇ မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၃၈၃၅၂၀ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၃၁၄၆၃၅ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၄၁၆၉၇ ဦး၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၁၉၂၈ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၃၁၀၅၂ ဦး ဖြစ်သည်။

၃။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ်မရှိဘဲ မဲစာရင်း တွင်ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့် အထက် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၂ ကြိမ်ပါဝင် နေသူများ |
|---|---|---|---|---|---|---|---|
| ၁ | မိုးနဲမြို့နယ် | ၃၁ | ၂၈၈၁၇ | ၂၉၀၀၀ | ၁၆၉၈ | ၇၂ | ၁၅၈၂ |
| ၂ | သိန္နီမြို့နယ် | ၆၀ | ၃၈၇၁၉ | ၃၅၃၈၁ | ၄၇၇၉ | ၁၇၄ | ၂၉၆၈ |
| ၃ | ကျောက်မဲမြို့နယ် | ၉၉ | ၁၁၈၀၉၅ | ၈၆၁၆၄ | ၁၄၇၇၉ | ၇၂၆ | ၁၀၇၂၄ |
| ၄ | နောင်ချိုမြို့နယ် | ၈၁ | ၁၀၅၄၂၆ | ၈၉၆၅၀ | ၇၇၅၃ | ၇၈၂ | ၁၀၅၅၄ |
| ၅ | မိုးမိတ်မြို့နယ် | ၆၈ | ၄၇၉၃၇ | ၃၇၁၄၇ | ၅၈၇၃ | ၅၇ | ၂၆၄၈ |
| ၆ | မဘိမ်းမြို့နယ် | ၄၄ | ၃၂၉၁၈ | ၂၄၃၅၂ | ၃၆၀၉ | ၅၈ | ၁၇၂၀ |
| ၇ | မက်မန်းမြို့နယ် | ၄၃ | ၁၁၆၀၈ | ၁၂၉၄၁ | ၃၂၀၆ | ၅၉ | ၈၅၆ |
|  | စုစုပေါင်း | ၄၂၆ | ၃၈၃၅၂၀ | ၃၁၄၆၃၅ | ၄၁၆၉၇ | ၁၉၂၈ | ၃၁၀၅၂ |



မဘိမ်းမြို့နယ် ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှုမှတ်တမ်း ဓာတ်ပုံ။

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၃ အရ ရှမ်းပြည်နယ်၊ မိုးနဲမြို့နယ်၊ သိန္နီမြို့နယ်၊ ကျောက်မဲမြို့နယ်၊ နောင်ချိုမြို့နယ်၊ မိုးမိတ်မြို့နယ်၊ မဘိမ်းမြို့နယ်နှင့် မက်မန်းမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၅။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၇ မြို့နယ်တွင် မဲရုံပေါင်း ၄၂၆ ရုံ၊ စုစုပေါင်းထုတ်ယူ ရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၄၄၁၂၉၅ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ် ဖြတ်ပိုင်းများမှာ ၂၇၁၅၁၇၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၆၉၇၇၈၊ မြေပြင်လက်ကျန် ၁၆၇၇၂၄ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၅၄၂၀ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၃၃၆၆ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရ မည့် မဲ လက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် |  |
|---|---|---|---|---|---|---|---|---|
|  |  |  |  |  |  |  | ပျောက် ဆုံး | ပို |
| ၁ | မိုးနဲမြို့နယ် | ၃၁ | ၃၁၃၈၃ | ၂၂၄၄၅ | ၈၉၃၈ | ၈၉၁၅ | ၅၁ | ၂၈ |
| ၂ | သိန္နီမြို့နယ် | ၆၀ | ၄၃၇၂၄ | ၂၇၁၅၅ | ၁၆၅၆၉ | ၁၆၁၃၈ | ၁၇၃၀ | ၁၂၉၉ |
| ၃ | ကျောက်မဲမြို့နယ် | ၉၉ | ၁၄၄၈၂၂ | ၇၀၄၆၄ | ၇၄၃၅၈ | ၇၄၁၀၅ | ၁၂၀၇ | ၉၅၄ |
| ၄ | နောင်ချိုမြို့နယ် | ၈၁ | ၁၁၄၀၁၄ | ၇၉၁၃၂ | ၃၄၈၈၂ | ၃၄၄၄၂ | ၆၅၀ | ၂၁၀ |
| ၅ | မိုးမိတ်မြို့နယ် | ၆၈ | ၅၅၆၇၀ | ၃၅၃၃၈ | ၂၀၃၃၂ | ၁၉၆၅၅ | ၉၈၂ | ၃၀၅ |
| ၆ | မဘိမ်းမြို့နယ် | ၄၄ | ၃၇၀၇၁ | ၂၇၅၅၂ | ၉၅၁၉ | ၉၅၃၆ | ၃၅၇ | ၃၇၄ |
| ၇ | မက်မန်းမြို့နယ် | ၄၃ | ၁၄၆၁၁ | ၉၄၃၁ | ၅၁၈၀ | ၄၉၃၃ | ၄၄၃ | ၁၉၆ |
|  | စုစုပေါင်း | ၄၂၆ | ၄၄၁၂၉၅ | ၂၇၁၅၁၇ | ၁၆၉၇၇၈ | ၁၆၇၇၂၄ | ၅၄၂၀ | ၃၃၆၆ |

၆။ ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါမြို့နယ် ၇ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆ (က) အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းထက် ၆၈၈၈၅ ဦး ပိုမိုများပြားနေပါသည်။

၇။ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများမှာ ၄၁၆၉၇ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိပါသည်။ ထို့ပြင် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ **“အခန်း(၆) မဲစာရင်းပြုစုခြင်း”**ပါ ပုဒ်မ **၁၅ (ဂ) တွင် “မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်း တစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်းပါဝင်ခြင်း မရှိစေရ”** ဟု ပြဋ္ဌာန်းထားသော်လည်း ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါ မြို့နယ် ၇ မြို့နယ်၏ မဲစာရင်းများတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၁၉၂၈ ဦး၊ ၂ ကြိမ်ပါဝင်နေသူ ၃၁၀၅၂ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။

၈။ မိုးနဲမြို့နယ်၊ နားခံကျေးရွာအုပ်စု မဲရုံအမှတ်(၂)၏ မဲစာရင်းအမှတ်စဉ် (၆၈၇) တွင် ဒေါ်နန်းနွေး၏ မွေးသက္ကရာဇ်မှာ ၁၉-၁၂-၂၀၀၂ ဖြစ်၍ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ် မပြည့်သေးသော်လည်း မဲစာရင်းတွင် ထည့်သွင်းထားသဖြင့် အဆိုပါ မဲဆန္ဒရှင်မှာ ဆန္ဒမဲ ပေးထားကြောင်းစစ်ဆေးတွေ့ရှိရသည်။ **[အသက် ၁၈ နှစ် မပြည့်သေးသူအား ဆန္ဒမဲပေးခွင့်ပြုထားသည့် မဲစာရင်းပုံစံ(၁) ၁ စောင် ပူးတွဲဖော်ပြထားပါသည်။]**

၉။ သိန္နီမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အသုံးပြုထားသည့် မြို့နယ်ကြိုတင်မဲ လက်ခံဖြတ်ပိုင်းများတွင် မဲဆန္ဒရှင်အမည်၊ မဲစာရင်းအမှတ်စဉ်၊ မဲရုံအမှတ်၊ မဲဆန္ဒရှင်လက်မှတ် စသည့်အချက်များ ရေးသွင်းထားခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရသည်။

**စာမျက်နှာ ၁၆ သို့**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

**စာမျက်နှာ ၁၅ မှ**

၁၀။ နောင်ချိုမြို့နယ်၊ လုံဝယ်ကျေးရွာအုပ်စု မဲရုံအမှတ်(၂)၏ ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများနှင့် လက်ကျန်မဲလက်မှတ်များကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ အပ်နှံသည့်အိတ်ကြီးတွင် ထည့်သွင်း၍ အပ်နှံထားခြင်းမရှိဘဲ ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးသည့် ၆-၅-၂၀၂၁ ရက်နေ့ ၁၃:၀၀ နာရီအချိန်မှသာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ သီးခြား လာရောက်အပ်နှံကြောင်း စိစစ်တွေ့ရှိရပါသည်။ ရပ်ကွက်/ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံအချို့သည် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းမရှိဘဲ ဆန္ဒမဲလက်မှတ်လက်ခံဖြတ်ပိုင်းများနှင့် လက်ကျန်ဆန္ဒမဲလက်မှတ်များကို ရွေးကောက်ပွဲ ကျင်းပပြီး နောက်ပိုင်းမှသာ ပြန်လည်အပ်နှံထားရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၁၁။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၅ (က) တွင် "မဲစာရင်း၏ စာမျက်နှာတိုင်းတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လက်မှတ်ရေးထိုး၍ အတည်ပြုထားသော သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ မဲစာရင်း နှစ်စုံကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက မဲဆန္ဒနယ်အလိုက် စုစည်းရမည်။" ဟု ပြဋ္ဌာန်းထားသော်လည်း မိုးမိတ်မြို့နယ်၊ ကျေးရွာအုပ်စု ၂၁ အုပ်စုနှင့် မဘိမ်းမြို့နယ်၊ ကျေးရွာအုပ်စု ၄ အုပ်စုတို့၏ မဲဆန္ဒရှင်စာရင်း ပုံစံ(၁)များတွင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လက်မှတ်ရေးထိုးထားခြင်း မရှိကြောင်း စိစစ်တွေ့ရှိရသည်။

၁၂။ မက်မန်းမြို့နယ်၊ ဝမ်စလောင်းကျေးရွာအုပ်စု မဲရုံအမှတ်(၁)၏ မဲစာရင်း၌ ပါဝင်နေသူများဖြစ်သည့် ဦးဒါယေလု နှင့် ဦးယားဘို၊ ဆွတ်ဝိုးကျေးရွာအုပ်စု မဲရုံအမှတ်(၃)၏ မဲစာရင်း၌ ပါဝင်နေသည့် ဦးအိုက်ကျန့်တို့သည် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ် မပြည့်သေးသော်လည်း မဲဆန္ဒရှင်စာရင်းတွင် ထည့်သွင်းထားပြီး အဆိုပါ မဲဆန္ဒရှင် ၃ ဦးမှာ ဆန္ဒမဲပေးထားကြောင်း စစ်ဆေးတွေ့ရှိရသည်။ **[အသက် ၁၈ နှစ်မပြည့်သေးသူ မဲဆန္ဒရှင် ၃ ဦးအား ဆန္ဒမဲပေးခွင့်ပြုထားသည့် မဲစာရင်းပုံစံ(၁) ၃ စောင် ပူးတွဲဖော်ပြထားပါသည်။]**

၁၃။ မက်မန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက် မဲရုံအမှတ်(၁)တွင် ထပ်တိုးမဲဆန္ဒရှင် ၃ ဦးအား နောက်ဆက်တွဲ မဲစာရင်းပြုစုခြင်းညွှန်ကြားချက်များနှင့်အညီ ပြုစုခြင်းမရှိဘဲ မဲစာရင်းပုံစံ(၁) စာအုပ်တွင် လက်ရေးဖြင့် ရေးသွင်း၍ ကြိုတင်ဆန္ဒမဲပေးခွင့်ပြုထားကြောင်း စစ်ဆေးတွေ့ရှိရသည်။ **[လက်ရေးဖြင့် ရေးသွင်း၍ ဆန္ဒမဲပေးခွင့်ပြုထားသည့် မဲစာရင်းပုံစံ(၁) ၁ စောင် ပူးတွဲဖော်ပြထားပါသည်။]**

၁၄။ ရှမ်းပြည်နယ်၊ မိုးနဲမြို့နယ်၊ သိန္နီမြို့နယ်၊ ကျောက်မဲမြို့နယ်၊ နောင်ချိုမြို့နယ်၊ မိုးမိတ်မြို့နယ်၊ မဘိမ်းမြို့နယ်နှင့် မက်မန်းမြို့နယ်တို့၏ မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဆန္ဒမဲပေးခဲ့သူဦးရေမှာ ၂၇၂၄၂၅ ဦး ဖြစ်သော်လည်း ထုတ်ယူရရှိဆန္ဒမဲလက်မှတ်များအနက်မှ မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၂၇၁၅၁၇ စောင်ဖြစ်သဖြင့် မဲပေးသူအရေအတွက်ထက် ၉၀၈ စောင် လျော့နည်းအသုံးပြုထားခြင်း၊

( ခ ) ဆန္ဒမဲလက်မှတ်များ ထုတ်ယူရရှိမှုနှင့် အသုံးပြုမှုများတွင် မဲလက်မှတ် ၅၄၂၀ စောင် ပျောက်ဆုံးနေခြင်း၊

( ဂ ) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ်အပို ၃၃၆၆ စောင် တွေ့ရှိရခြင်း၊

(ဃ) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၆၆(ဇ)ကို လိုက်နာခြင်းမရှိဘဲ ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်း/လက်ကျန်ဆန္ဒမဲလက်မှတ်များကိုရွေးကောက်ပွဲ ကျင်းပပြီးစီးသည့် နောက်ပိုင်းမှသာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ သီးခြားလာရောက်အပ်နှံခြင်း၊

( င ) ရပ်ကွက်/ ကျေးရွာအုပ်စုအချို့၏ မဲစာရင်းများ၌ ရွေးကောက်ပွဲနေ့တွင် အသက် ၁၈ နှစ် မပြည့်သေးသူများပါဝင်နေပြီး ယင်းတို့အား ဆန္ဒမဲပေးခွင့်ပြုထားခြင်း၊

( စ ) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၅ (က) ပါအတိုင်း မဲဆန္ဒရှင် စာရင်းပုံစံ(၁)၏ စာမျက်နှာတိုင်းတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လက်မှတ်ရေးထိုးထားမှုမရှိခြင်း၊

(ဆ) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများတွင် ဆန္ဒမဲပေးသူ၏ အမည်၊ မဲစာရင်း အမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအမည်၊ လက်မှတ် သို့မဟုတ် လက်ဗွေတို့ကို ဖြည့်သွင်းရေးသားထားမှုမရှိဘဲ မဲပေးသုံးစွဲထားခြင်း။

( ဇ ) ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအချို့အနေဖြင့် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများနှင့် ဆန္ဒမဲလက်မှတ်အပိုများကို ဥပဒေနှင့်အညီ အပ်နှံရန် ပျက်ကွက်သဖြင့် လျော့နည်းပျောက်ဆုံးမှုများ တွေ့ရှိရခြင်း၊

( ဈ ) နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင် ပါဝင်ပြီး မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါရှိဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့ခြင်း၊

(ည) ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်း တို့ကို ဆောင်ရွက်ခဲ့ခြင်း၊

( ဋ ) COVID-19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့် ညီညွတ်မှုမရှိသော ညွှန်ကြားချက်များ ထုတ်ပြန်၍ မဲစာရင်းများ ကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်း။

၁၅။ ရှမ်းပြည်နယ်၊ မိုးနဲမြို့နယ်၊ သိန္နီမြို့နယ်၊ ကျောက်မဲမြို့နယ်၊ နောင်ချိုမြို့နယ်၊ မိုးမိတ်မြို့နယ်၊ မဘိမ်းမြို့နယ်နှင့် မက်မန်းမြို့နယ်တို့၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။ ဆန္ဒမဲ လက်မှတ်များ မြေပြင်ဖွင့်ဖောက်စစ်ဆေးရာတွင် မဲလက်မှတ် အပို/ လျော့နည်းပျောက်ဆုံးမှုများ တွေ့ရှိရပြီး သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ/ နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



မိုးမိတ်မြို့နယ် ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှုမှတ်တမ်း ဓာတ်ပုံ။

## အသက် ၁၈ နှစ် မပြည့်သေးသူအား ဆန္ဒမဲပေးခွင့်ပြုထားသည့် မဲစာရင်းပုံစံ(၁) ၁ စောင်

ပုံစံ (၁)

လွှတ်တော်ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်း
၂၀၂၀ ပြည့်နှစ်၊ ………………လွှတ်တော်မဲဆန္ဒနယ် မဲဆန္ဒရှင်စာရင်း
(နည်းဥပဒေ ၄)
ရှမ်းပြည်နယ်၊ လွှတ်တော်မဲဆန္ဒနယ်အမှတ်( ) မိုးနဲမြို့နယ်

မဲဆန္ဒရှင်ပေါင်း(၉၉၂)ဦး-ကျား(၄၆၁)ဦး-မ(၅၃၁)ဦး

မဲရုံအမှတ် ( ၂ )၊ (အမက(လွန်) စက်တော် မဲရုံ) ၊ နားခံ ကျေးရွာအုပ်စု

| စဉ် | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာ | ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ |
|---|---|---|---|---|---|---|---|---|
| ၆၈၁ | ဒေါ်နန်းဖောင်း | မ | ၁၉-၀၆-၁၉၈၂ | ၁၃/မနန(နိုင်)၀၃၀၇၇၄ | ဦးလုံးတာ | ဒေါ်ပါစော | မရ-၂၊ ဝမ်ယေးကျေးရွာ၊ ၀၉၀ | |
| ၆၈၂ | ဦးစန္ဒ | ကျား | ၀၁-၁၂-၁၉၇၂ | ၁၃/မနန(နိုင်)၀၁၄၆၁၄ | ဦးဆောနန္တိ | ဒေါ်ပါနု | မရ-၂၊ ဝမ်ယေးကျေးရွာ၊ ၀၉၁ | |
| ၆၈၃ | ဒေါ်နန်းမန် | မ | ၁၃-၀၄-၁၉၈၀ | ၁၃/မနန(နိုင်)၀၃၂၀၇၄ | ဦးလုံးစိန္တ | ဒေါ်ပါလှ | မရ-၂၊ ဝမ်ယေးကျေးရွာ၊ ၀၉၁ | |
| ၆၈၄ | ဒေါ်နန်းလှ | မ | ၀၄-၀၈-၁၉၃၉ | MNI၀၁၂၁၉၄ | ဦးလုံးဝိဆာ | ဒေါ်ပါစိန် | မရ-၂၊ ဝမ်ယေးကျေးရွာ၊ ၀၉၁ | |
| ၆၈၅ | ဦးစိုင်းအေး | ကျား | ၀၇-၀၆-၁၉၇၈ | ၁၃/မနန(နိုင်)၀၂၈၉၄၆ | ဦးစိတ္တ | ဒေါ်နန်းလှ | မရ-၂၊ ဝမ်ယေးကျေးရွာ၊ ၀၉၁ | |
| ၆၈၆ | ဦးစိုင်းဆွမ် | ကျား | ၁၆-၀၂-၁၉၉၇ | ၁၃/မနန(နိုင်)၀၃၅၀၇၄ | ဦးစန္ဒ | ဒေါ်နန်းမန် | မရ-၂၊ ဝမ်ယေးကျေးရွာ၊ ၀၉၁ | |
| ၆၈၇ | ဒေါ်နန်း နွေး | မ | ၁၉-၁၂-၂၀၀၂ | ၁၃/မနန(နိုင်)၀၃၇၇၂၅ | ဦးစန္ဒ | ဒေါ်နန်းမန် | မရ-၂၊ ဝမ်ယေးကျေးရွာ၊ ၀၉၁ | |
| ၆၈၈ | ဦးစိုင်းစိတ္တ | ကျား | ၁၂-၀၁-၁၉၈၁ | ၁၃/မနန(နိုင်)၀၁၇၆၀၄ | ဦးယန္ဒ | ဒေါ်ပါဆိုင် | မရ-၂၊ ဝမ်ယေးကျေးရွာ၊ ၀၉၂ | |
| ၆၈၉ | ဒေါ်နန်းကြွယ် | မ | ၀၇-၀၈-၁၉၈၀ | ၁၃/မနန(နိုင်)၀၂၄၁၃၃ | ဦးလုံးနိမ် | ဒေါ်ပါဖောင် | မရ-၂၊ ဝမ်ယေးကျေးရွာ၊ ၀၉၂ | |
| ၆၉၀ | ဒေါ်ပါဖောင် | မ | ၀၃-၀၃-၁၉၆၅ | ၁၃/မနန(နိုင်)၀၀၅၉၉၅ | ဦးလုံးတိ | ဒေါ်ပါနု | မရ-၂၊ ဝမ်ယေးကျေးရွာ၊ ၀၉၃ | |

ဥက္ကဋ္ဌ
ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

စာမျက်နှာ - 69/100

အတွင်းရေးမှူး
ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

**မိုးနဲမြို့နယ်၊ နားခံကျေးရွာအုပ်စု မဲရုံအမှတ် (၂) ၏ မဲစာရင်းအမှတ်စဉ် (၆၈၇) တွင် ဒေါ်နန်းနွေး၏ မွေးသက္ကရာဇ်မှာ ၁၉- ၁၂- ၂၀၀၂ ဖြစ်၍ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ် မပြည့်သေးသော်လည်း မဲစာရင်းတွင် ထည့်သွင်းထားသဖြင့် အဆိုပါ မဲဆန္ဒရှင်မှာ ဆန္ဒမဲပေးထားကြောင်း စစ်ဆေးတွေ့ရှိ**

## အသက် ၁၈ နှစ် မပြည့်သေးသူ မဲဆန္ဒရှင် ၃ ဦးအား ဆန္ဒမဲပေးခွင့်ပြုထားသည့် မဲစာရင်းပုံစံ(၁) ၃ စောင်

ပုံစံ (၁)

လွှတ်တော်ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်း
၂၀၂၀ ပြည့်နှစ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် မဲဆန္ဒရှင်စာရင်း
(နည်းဥပဒေ ၄)
ရှမ်းပြည်နယ် ၊ မက်မန်းလွှတ်တော်မဲဆန္ဒနယ်

မြို့နယ်အမည် - မက်မန်း
မဲရုံအမှတ် (၃ ) (ယောင်လိုင်းရွာ) ၊ဆွတ်ဝိုးအုပ်စု

မဲဆန္ဒရှင်ပေါင်း (၁၈၃) ဦး - ကျား (၉၃) ဦး - မ (၉၀) ဦး

| စဉ် | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာ | ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ |
|---|---|---|---|---|---|---|---|---|
| ၁ | ဦးအိုက်ကြမ်း | ကျား | ၃၁.၁၂.၁၉၇၁ | မရှိပါ | ဦးအိုက်ကော် | ဒေါ်နှိုင်းခမ်း | မရ - ၃ ၊ ယောင်လိုင်းရွာ ၊ ၀၀၁ | |
| ၂ | ဒေါ်အိအွမ် | မ | ၃၁.၁၂.၁၉၅၄ | ၁၃/ပယန(နိုင်)၀၀၃၇၁၃ | ဦးခမ်းလုံ | ဒေါ်အိမရပ် | မရ - ၃ ၊ ယောင်လိုင်းရွာ ၊ ၀၀၁ | |
| ၃ | ဒေါ်အိထွမ်း | မ | ၃၁.၁၂.၁၉၇၄ | မရှိပါ | ဦးဆိုင်လူ | ဒေါ်အိအွမ် | မရ - ၃ ၊ ယောင်လိုင်းရွာ ၊ ၀၀၁ | |
| ၄ | ဒေါ်အိကျင် | မ | ၁၅.၆.၂၀၀၁ | ၁၃/ပယန(နိုင်)၀၁၇၁၂၆ | ဦးအိုက်ကျင် | ဒေါ်အိထွမ်း | မရ - ၃ ၊ ယောင်လိုင်းရွာ ၊ ၀၀၁ | |
| ၅ | ဦးအိုက်ကျန့် | ကျား | ၂၀.၁၁.၂၀၀၂ | မရှိပါ | ဦးအိုက်ကျင် | ဒေါ်အိထွမ်း | မရ - ၃ ၊ ယောင်လိုင်းရွာ ၊ ၀၀၁ | |
| ၆ | ဦးကွမ်းရှဲန် | ကျား | ၃၁.၁၂.၁၉၅၄ | မရှိပါ | ဦးနန္ဒ | ဒေါ်နန်းဆန် | မရ - ၃ ၊ ယောင်လိုင်းရွာ ၊ ၀၀၂ | |
| ၇ | ဒေါ်အိထွမ်း | မ | ၃၁.၁၂.၁၉၆၄ | ၁၃/ပယန(နိုင်)၀၁၄၄၃၀ | ဦးနန္ဒ | ဒေါ်အိမလူ | မရ - ၃ ၊ ယောင်လိုင်းရွာ ၊ ၀၀၂ | |
| ၈ | ဦးအိုက်ချမ်း | ကျား | ၇.၁၀.၁၉၈၆ | ၁၃/ပယန(နိုင်)၀၀၈၀၉၆ | ဦးကွမ်းရှဲန် | ဒေါ်အိထွမ်း | မရ - ၃ ၊ ယောင်လိုင်းရွာ ၊ ၀၀၂ | |
| ၉ | ဒေါ်အိနေ | မ | ၂၃.၆.၁၉၉၅ | ၁၃/ပယန(နိုင်)၀၁၃၄၃၁ | ဦးကွမ်းရှဲန် | ဒေါ်အိထွမ်း | မရ - ၃ ၊ ယောင်လိုင်းရွာ ၊ ၀၀၂ | |
| ၁၀ | ဦးထီးပါး | ကျား | ၅.၇.၁၉၆၉ | ၁၃/ပယန(နိုင်)၀၀၈၃၇၈ | ဦးလုံးယို | ဒေါ်အိလွတ် | မရ - ၃ ၊ ယောင်လိုင်းရွာ ၊ ၀၀၃ | |

ဥက္ကဋ္ဌ
ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

စာမျက်နှာ - 1/19

အတွင်းရေးမှူး
ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

ပုံစံ (၁)

လွှတ်တော်ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်း
၂၀၂၀ ပြည့်နှစ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် မဲဆန္ဒရှင်စာရင်း
(နည်းဥပဒေ ၄)
ရှမ်းပြည်နယ်၊ မက်မန်းမဲဆန္ဒနယ်

မြို့နယ်အမည် - မက်မန်း
မဲရုံအမှတ် ( ၁)( ဝမ်စလောင်းရွာ ) ၊ဝမ်စလောင်းအုပ်စု

မဲဆန္ဒရှင်ပေါင်း (၄၂၅) ဦး - ကျား (၂၁၆) ဦး - မ (၂၀၉) ဦး

| စဉ် | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာ | ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ |
|---|---|---|---|---|---|---|---|---|
| ၉၁ | ဦးယောနန်ဆန် | ကျား | ၂၁.၃.၁၉၉၆ | ၁၃/ပယန(နိုင်)၀၁၃၇၃၈ | ဦးကျထီး | ဒေါ်နာယော် | မရ - ၁ ၊ဝမ်စလောင်းရွာ ၊၀၂၄ | |
| ၉၂ | ဦးကျအူရှဲ | ကျား | ၅.၆.၁၉၆၉ | ၁၃/ပယန(နိုင်)၀၀၃၉၂၇ | ဦးခမ်းမတ် | ဒေါ်နာခါး | မရ - ၁ ၊ဝမ်စလောင်းရွာ ၊၀၂၄ | |
| ၉၃ | ဒေါ်နာကော | မ | ၁.၂.၁၉၇၇ | ၁၃/ပယန(နိုင်)၀၀၇၅၃၅ | ဦးခါးအောင် | ဒေါ်နာကေဈ | မရ - ၁ ၊ဝမ်စလောင်းရွာ ၊၀၂၄ | |
| ၉၄ | ဒေါ်နာရှဲမွေး | မ | ၂၀.၁.၂၀၀၁ | မရှိပါ | ဦးကျညီး | ဒေါ်နာကော် | မရ - ၁ ၊ဝမ်စလောင်းရွာ ၊၀၂၄ | |
| ၉၅ | ဒေါ်နာတီး | မ | ၁၃.၁၀.၁၉၉၅ | ၁၃/ပယန(နိုင်)၀၀၀၅၇၀ | ဦးခမ်းဆာ | ဒေါ်နာအီ | မရ - ၁ ၊ဝမ်စလောင်းရွာ ၊၀၂၄ | |
| ၉၆ | ဒေါ်နာကော် | မ | ၂.၄.၁၉၉၆ | မလုပ်ရသေးပါ | ဦးကျကျား | ဒေါ်နာစီးကျို | မရ - ၁ ၊ဝမ်စလောင်းရွာ ၊၀၂၄ | |
| ၉၇ | ဦးဒါယေလှ | ကျား | ၂၀.၁၁.၂၀၀၂ | | ဦးကျစော | ဒေါ်နာထီး | မရ - ၁ ၊ဝမ်စလောင်းရွာ ၊၀၂၄ | |
| ၉၈ | ဦးမင်းထွန်း | ကျား | ၅.၂.၁၉၉၆ | ၁၃/ပယန(နိုင်)၀၄၆၂၁၃ | ဦးခမ်းမတ် | ဒေါ်နာခါး | မရ - ၁ ၊ဝမ်စလောင်းရွာ ၊၀၂၄ | |
| ၉၉ | ဦးစတဲဖာနီ | ကျား | ၂၀.၆.၁၉၉၄ | ၁၃/ကတန(နိုင်)၁၄၅၉၀၃ | ဦးကျထီး | ဒေါ်နာဖ | မရ - ၁ ၊ဝမ်စလောင်းရွာ ၊၀၂၄ | |
| ၁၀၀ | ဦးကျထီး | ကျား | ၂.၁၁.၁၉၉၀ | ၁၃/ပယန(နိုင်)၀၀၈၅၆၅ | ဦးအိုကြူ | ဒေါ်နာမူး | မရ - ၁ ၊ဝမ်စလောင်းရွာ ၊၀၂၅ | |

ရှမ်းပြည်နယ် အတွင်းရှိ အဆိုပါ မြို့နယ် ၇ မြို့နယ်၏ မဲစာရင်းများတွင် ၃ ကြိမ်နှင့် အထက် ပါဝင်နေသူ ၁၄၂၈ ဦး၊ ၂ ကြိမ် ပါဝင်နေသူ ၃၁၀၅၂ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် မဲစာရင်းများ ကောက်ယူရာ၌ ဥပဒေနှင့် ညီညွတ်ခြင်း မရှိသော မှားယွင်းမှုများကို တွေ့ရှိရ

- ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါမြို့နယ် ၇ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆ (က) အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းထက် ၆၈၈၈၅ ဦး ပိုမိုများပြားနေ
- သိန္နီမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အသုံးပြုထားသည့် မြို့နယ်ကြိုတင်မဲ လက်ခံ ဖြတ်ပိုင်းများတွင် မဲဆန္ဒရှင်အမည်၊ မဲစာရင်းအမှတ်စဉ်၊ မဲရုံအမှတ်၊ မဲဆန္ဒရှင်လက်မှတ် စသည့်အချက်များ ရေးသွင်းထားခြင်း မရှိကြောင်း စစ်ဆေးတွေ့ရှိ

❖ ရှမ်းပြည်နယ်၊ မိုးနဲမြို့နယ်၊ သိန္နီမြို့နယ်၊ ကျောက်မဲမြို့နယ်၊ နောင်ချိုမြို့နယ်၊ မိုးမိတ်မြို့နယ်၊ မဘိမ်းမြို့နယ်နှင့် မက်မန်းမြို့နယ်တို့၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မဲစာရင်းများ ကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။ ဆန္ဒမဲလက်မှတ်များ မြေပြင်ဖွင့်ဖောက်စစ်ဆေးရာတွင် မဲလက်မှတ် အပို/ လျော့နည်းပျောက်ဆုံးမှုများ တွေ့ရှိရပြီး သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ/ နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရ

ပုံစံ (၁)

လွှတ်တော်ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်း
၂၀၂၀ ပြည့်နှစ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် မဲဆန္ဒရှင်စာရင်း
(နည်းဥပဒေ ၄)
ရှမ်းပြည်နယ်၊ မက်မန်းမဲဆန္ဒနယ်

မြို့နယ်အမည် - မက်မန်း

မဲရုံအမှတ် ( ၁)( ဝမ်စလောင်းရွာ ) ၊ဝမ်စလောင်းအုပ်စု

မဲဆန္ဒရှင်ပေါင်း (၄၂၅) ဦး - ကျား (၂၁၆) ဦး - မ (၂၀၉) ဦး

| စဉ် | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာ | ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ |
|---|---|---|---|---|---|---|---|---|
| ၄၁ | ဦးကျဲလယ် | ကျား | ၂၂.၂.၁၉၆၂ | ၁၃/ပယန(နိုင်)၀၀၄၇၀၀ | ဦးကျဲဆိုးဘို | ဒေါ်နာဖ | မရ - ၁ ၊ဝမ်စလောင်းရွာ ၊၀၃၇ | |
| ၄၂ | ဒေါ်နားဆာ | မ | ၂.၂.၁၉၇၂ | ၁၃/ပယန(နိုင်)၀၁၁၂၀၅ | ဦးကျဲလား | ဒေါ်နာဆွေ | မရ - ၁ ၊ဝမ်စလောင်းရွာ ၊၀၃၇ | |
| ၄၃ | ဒေါ်နာယော် | မ | ၁၅.၁၁.၁၉၉၂ | ၁၃/ပယန(နိုင်)၀၁၀၂၈၆ | ဦးကျဲလယ် | ဒေါ်နားဆာ | မရ - ၁ ၊ဝမ်စလောင်းရွာ ၊၀၃၇ | |
| ၄၄ | ဦးယားဘို | ကျား | ၃၀.၁၂.၂၀၀၂ | ၁၃/ပယန(နိုင်)၀၁၆၉၆၇ | ဦးကျဲလယ် | ဒေါ်နားဆာ | မရ - ၁ ၊ဝမ်စလောင်းရွာ ၊၀၃၇ | |
| ၄၅ | ဒေါ်နာဆီး | မ | ၁.၅.၁၉၆၄ | | ဦးကျဲဖေ့ | ဒေါ်နားယော် | မရ - ၁ ၊ဝမ်စလောင်းရွာ ၊၀၃၈ | |
| ၄၆ | ဒေါ်နာလိုး | မ | ၅.၇.၁၉၇၉ | ၁၃/ပယန(နိုင်)၀၁၀၄၉၃ | ဦးအယ်ဆား | ဒေါ်နာဆီး | မရ - ၁ ၊ဝမ်စလောင်းရွာ ၊၀၃၈ | |
| ၄၇ | ဒေါ်နာကြား | မ | ၁.၉.၁၉၇၅ | - | ဦးကျဲရှဲ | ဒေါ်နားဖူး | မရ - ၁ ၊ဝမ်စလောင်းရွာ ၊၀၃၈ | |
| ၄၈ | ဦးကျဲဖ | ကျား | ၄.၆.၂၀၀၂ | - | ဦးအဲကျို | ဒေါ်နာထော | မရ - ၁ ၊ဝမ်စလောင်းရွာ ၊၀၃၈ | |
| ၄၉ | ဦးစိပို (ကြိုတင်) | ကျား | ၁၂.၆.၁၉၆၉ | ၁၃/ပယန(နိုင်)၀၀၆၄၀၅ | ဦးကျဲတဲ | ဒေါ်နာဝေါ် | မရ - ၁ ၊ဝမ်စလောင်းရွာ ၊၀၃၉ | |
| ၅၀ | ဒေါ်နာဟဲ (ကြိုတင်) | မ | ၉.၁၂.၁၉၆၉ | ၁၃/ပယန(နိုင်)၀၁၀၄၉၅ | ဦးကျဲဖေ့ | ဒေါ်နာဖေ့ | မရ - ၁ ၊ဝမ်စလောင်းရွာ ၊၀၃၉ | |

ဝမ်စလောင်းကျေးရွာအုပ်စု ရွေးကောက်ပွဲ
ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ ခွဲ

စာမျက်နှာ - 15/45

အတွင်းရေးမှူး
ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

ရပ်ကွက်/ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံအချို့ သည် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းမရှိဘဲ ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများနှင့် လက်ကျန်ဆန္ဒမဲ လက်မှတ်များကို ရွေးကောက်ပွဲကျင်းပပြီး နောက်ပိုင်းမှသာ ပြန်လည်အပ်နှံထားရှိကြောင်း စစ်ဆေးတွေ့ရှိရ

## လက်ရေးဖြင့် ရေးသွင်း၍ ဆန္ဒမဲ ပေးခွင့်ပြုထားသည့် မဲစာရင်းပုံစံ(၁) ၁ စောင်

မက်မန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက် မဲရုံအမှတ်(၁)တွင် ထပ်တိုး မဲဆန္ဒရှင် ၃ ဦးအား နောက်ဆက်တွဲ မဲစာရင်းပြုစုခြင်း ညွှန်ကြားချက်များနှင့်အညီ ပြုစုခြင်းမရှိဘဲ မဲစာရင်း ပုံစံ(၁) စာအုပ်တွင် လက်ရေးဖြင့် ရေးသွင်း၍ ကြိုတင်ဆန္ဒမဲပေး ခွင့်ပြုထားကြောင်း စစ်ဆေးတွေ့ရှိရ

ပုံစံ (၁)

လွှတ်တော်ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်း
၂၀၂၀ ပြည့်နှစ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် မဲဆန္ဒရှင်စာရင်း
(နည်းဥပဒေ ၄)
ရှမ်းပြည်နယ်၊ မက်မန်းမြို့နယ်မဲဆန္ဒနယ်

မြို့နယ်အမည် - မက်မန်းမြို့

မဲရုံအမှတ် ( ၁ ) ၊ အမှတ်(၂)ရပ်ကွက်

ဆန္ဒရှင်ပေါင်း (၉၁) ဦး - ကျား (၄၉) ဦး - မ (၄၂) ဦး

| စဉ် | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာ | ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ |
|---|---|---|---|---|---|---|---|---|
| ၁၂ | ဦးမင်းမင်းမောင် | ကျား | ၁.၁၂.၁၉၇၆ | ၅/မမန(နိုင်)၀၄၄၆၀၄ | ဦးသောင်းညွှန့် | ဒေါ်နီ | မရ-၁၊ အမှတ်(၂)ရပ်ကွက်၊ ၀၄၇ | (ကြိုတင်မဲ) |
| ၁၃ | ဦးခန့်စည်သူ | ကျား | ၁၃.၅.၂၀၀၀ | ၅/မမန(နိုင်)၁၀၇၁၀၆ | ဦးမင်းမင်းမောင် | ဒေါ်ဆွေဆွေသန်း | မရ-၁၊ အမှတ်(၂)ရပ်ကွက်၊ ၀၄၇ | (ကြိုတင်မဲ) |
| ၁၀၄ | ဒေါ်နာတီး | မ | ၅.၁.၁၉၉၅ | ၁၃/မရန(နိုင်)၀၄၂၆၅၁ | ဦးကျဲမော် | ဒေါ်နာဟယ် | | (ကြိုတင်မဲ) |
| ၁၀၅ | ဒေါ်နာယော် | မ | ၄.၅.၁၉၉၃ | ၁၃/ပယန(နိုင်)၀၇၁၂၂၄ | ဦးထားမူ | ဒေါ်ယာပိ | | (ကြိုတင်မဲ) |
| ၁၀၆ | ဦးကျော်မင်းဝင်း | ကျား | ၂၁.၉.၁၉၈၇ | ၁၃/ဆဆန(နိုင်)၀၅၂၇၇၉ | ဦးဝင်းသိန်း | ဒေါ်ဧးဧးမြ | | (ကြိုတင်မဲ) |

အမှတ်(၂)ရပ်ကွက် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

စာမျက်နှာ - 11/362

အတွင်းရေးမှူး
အမှတ်(၂)ရပ်ကွက် အတွင်းရေးမှူး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ
ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

နေပြည်တော်   မေ   ၂၃

နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် CRPH နှင့် NUG တို့အား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသော အောက်ဖော်ပြပါ ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်ထားပြီးဖြစ်ပါသည်-


| စဉ် | အမည် | အလုပ်အကိုင် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါက်တာ အောင်အောင်မင်း | ပါမောက္ခချုပ်၊ ရတနာပုံတက္ကသိုလ်၊ အမရပူရမြို့နယ် | အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | ဒေါက်တာ ကြည်သူမြင့် | ပါမောက္ခ၊ နည်းပညာတက္ကသိုလ် (မှော်ဘီ)၊ မှော်ဘီမြို့ | မကွေးမြို့၊ မကွေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၃ | ဒေါက်တာ ယဉ်ယဉ်ဝင်း | ပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်၊ ကမာရွတ်မြို့နယ် | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | ဦးလှမျိုး | ကထိက၊ ဒဂုံတက္ကသိုလ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် | ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | ဦးအောင်ကျော်စိုး | ကထိက၊ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်၊ ထန်းတပင်မြို့နယ် | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅က- |  |
| ၆ | ဒေါ်သီသီသန်းမြင့် | ကထိက၊ မုံရွာပညာရေးဒီဂရီကောလိပ်၊ မုံရွာမြို့ | မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၇ | ဒေါက်တာ စန်းရွှင် | ကထိက၊ ပခုက္ကူတက္ကသိုလ်၊ ပခုက္ကူမြို့ | ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၈ | ဒေါက်တာ ဖွေးဖွေးအောင် | ကထိက၊ မုံရွာစီးပွားရေးတက္ကသိုလ်၊ မုံရွာမြို့ | မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၉ | ဦးပြည့်ဖြိုးဟန် | လက်ထောက်ကထိက၊ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်၊ ထန်းတပင်မြို့နယ် | တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၀ | ဒေါ်သန္တာလွင် | လက်ထောက်ကထိက၊ စက်မှုလက်မှုသိပ္ပံ၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် | သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |

အဆိုပါ အမှုဖွင့်လှစ်ထားသော ပညာရေးဝန်ထမ်းများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ဖော်ပြပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့ရန်နှင့် လက်ခံထားရှိသူများကိုလည်း တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **သတင်းစဉ်**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် သူနာပြုများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

နေပြည်တော်   မေ   ၂၃

နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် CRPH နှင့် NUG တို့အား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ သူနာပြုများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီး ဖြစ်ပါသည်-

| စဉ် | အမည် | ဆေးရုံအမည် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါ်ခင်နှင်းမူ (အထက်တန်း သူနာပြု) | ပျဉ်းမနား ပြည်သူ့ဆေးရုံ | တောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | ဒေါ်စိုးစိုးနှင်း (အထက်တန်း သူနာပြု) | ကော့ကပ် တိုက်နယ်ဆေးရုံ | ဇလွန်မြို့၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၃ | ဒေါ်အေးမြတ်ရတနာမိုး (အထက်တန်း သူနာပြု) | မြိတ် ပြည်သူ့ဆေးရုံ | သရက်ချောင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | ဒေါ်အိဖြိုးသန္တာလှိုင် (သူနာပြု) | ဝေါ ပြည်သူ့ဆေးရုံ | ဝေါမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | ဒေါ်အေးသီတာကျော် (သူနာပြု) | မြစ်ကျိုး တိုက်နယ်ဆေးရုံ | ဒိုက်ဦးမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၆ | ဒေါ်စိုးစိုးသက် (သူနာပြု) | မြိတ် ပြည်သူ့ဆေးရုံ | လောင်းလုံးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၇ | ဦးအယ်လ်ဆန်းအောင် (သူနာပြု) | နမ့်စန် ပြည်သူ့ဆေးရုံ | နမ့်စန်မြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း) | ၅၀၅-က |  |
| ၈ | ဒေါ်အိမွန်ငြိမ်း (သူနာပြု) | ကော့သောင်း ပြည်သူ့ဆေးရုံ | ကော့သောင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၉ | ဒေါ်အိအိရှိန် (သူနာပြု) | မြိတ် ပြည်သူ့ဆေးရုံ | ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၀ | ဒေါ်ဥမ္မာခိုင် (သူနာပြု) | ပေါင်းလောင်း တိုက်နယ်ဆေးရုံ | လွိုင်ကော်မြို့၊ ကယားပြည်နယ် | ၅၀၅-က |  |

အဆိုပါအမှုဖွင့်လှစ်ထားသော သူနာပြုများအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိပြီး ဖော်ပြပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့ရန်နှင့် လက်ခံထားရှိသူများကိုလည်း တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဂုဏ်ဆောင် နိုင်ငံတော်၏ရတနာ သားကောင်းသမီးမွန်များ

## တာဝန်ယူစောင့်ရှောက်ရသည့် မိခင်နှင့်ရင်သွေးတိုင်း အဖိတ်အစဉ်မရှိစေရန် ကြိုးပမ်းခဲ့သည့် စေတနာမိခင် စွမ်းအားရှင် ဒေါ်နန်းသန်းသန်းဦး

**လင်းအောင်**

(ယမန်နေ့မှအဆက်)

**စွမ်းဆောင်ကြိုးပမ်း ပြည်သူ့ဝန်ထမ်း**

ဤကဲ့သို့ စွမ်းစွမ်းတမံ ကြိုးပမ်းခဲ့သည့်အတွက် ဆရာမ နန်းသန်းသန်းဦးအနေဖြင့် သင်တန်းဆင်းသစ်လွင်သားဖွားဆရာမလေးအဖြစ် စတင်ထမ်းဆောင်ခဲ့သည့် ၁၉၈၂ ခုနှစ် ဒီဇင်ဘာလမှ ၁၉၈၇ ခုနှစ် ဇူလိုင်လအထိ ထင်းရှူးတောင်ကျေးရွာတွင် တာဝန်ထမ်းဆောင်သည့် ငါးနှစ်ကာလအတွင်း ပထမသုံးနှစ်အတွင်း လူတစ်ဦးတစ်ယောက်မျှ သေဆုံးမှုမရှိဘဲ လေးနှစ်မြောက်တွင် အသက် ၁၁၄ နှစ်ရှိ အဘွားအိုတစ်ဦး သေဆုံးမှု၊ နောက်ပိုင်းတွင် ဘိန်းစွဲနေသည့် လူလတ်ပိုင်း ကျောက်တူးသမားတစ်ဦး ဘိန်းရှူစဉ် သွေးအန်သေဆုံးမှုသာ ရှိခဲ့သည်။ မိခင်နှင့် ငါးနှစ်အောက်၊ တစ်နှစ်အောက် ရင်သွေးငယ်များ အသက်ဆုံးရှုံးမှုမရှိခဲ့ပေ။

၁၉၈၇ ခုနှစ် ဇူလိုင်လတွင် ထင်းရှူးတောင်ကျေးရွာမှ မိုးကုတ်- မန္တလေးကားလမ်းဘေးရှိ ကင်းကျေးလက်ကျန်းမာရေးဌာန လက်အောက်ရှိ ရွှေညောင်ပင် ကျေးလက်ကျန်းမာရေးဌာနခွဲသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်။ ရှမ်း၊ ကချင်၊ လီဆူကျေးရွာများရှိ တိုင်းရင်းသားမိခင်မွေးလူနာများအတွက် နေ့ညမရှောင် မနားမနေ တာဝန်ထမ်းဆောင်ရင်း ဦးနှောက်အတွင်း ငှက်ဖျားပိုးရောက်ပြီး နှစ်ရက်ခန့် သတိလစ်၍ ဆေးရုံတက်ရောက်ကုသမှု ခံယူခဲ့ရသည်။ ရွှေညောင်ပင် ကျေးလက်ကျန်းမာရေးဌာနခွဲတွင် ၁၉၈၉ ခုနှစ် ဇူလိုင်လအထိ နှစ်နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ရာတွင်လည်း မိခင်များနှင့် ငါးနှစ်အောက်၊ တစ်နှစ်အောက်ရင်သွေးငယ်များ အသက်ဆုံးရှုံးမှုမရှိစေရန် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်။

**တောင်ပိုင်း ရှမ်းပြည်နယ် အင်းလေးဒေသသို့**

ဒေါ်နန်းသန်းသန်းဦးသည် ၁၉၈၉ ခုနှစ် ဇူလိုင်လတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးကန်ဒေသအတွင်းရှိ မင်းချောင်းကျေးလက်ကျန်းမာရေးဌာန (Rural Health Centre- RHC) လက်အောက်ရှိ ကျွန်းကြီးကျေးလက်ကျန်းမာရေးဌာနခွဲ (Sub Centre) သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပြီး ကျွန်းကြီးကျေးရွာအုပ်စုရှိ ကျွန်းကြီး (တောင်)၊ ကျွန်းကြီး (မြောက်)၊ ရေမဲပင်၊ ရှမ်းလည်ပြန်၊ ရှမ်းရွာနှင့် မြေနီကုန်းကျေးရွာများအတွက် ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ခဲ့သည်။

ဒေါ်နန်းသန်းသန်းဦး ရောက်ရှိတာဝန်ထမ်းဆောင်ခဲ့သည့် ညောင်ရွှေမြို့နယ်သည် ထိုစဉ်က မြန်မာနိုင်ငံ မြို့နယ် ၁၃ မြို့နယ်၏ ကာကွယ်ဆေးထိုးလုပ်ငန်းများနှင့် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုတွင် ပထမရရှိထားသောမြို့နယ်ဖြစ်ခဲ့သည်။ ညောင်ရွှေဆေးရုံအုပ်ကြီး ဒေါက်တာအောင်သန်းမောင်၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးမှူးများ၊ Lady Health Visitor –LHV များ၊ သားဖွားဆရာမများအား လစဉ် လစာထုတ်ရက်တိုင်း ရက်တိုသင်တန်းများပေးပြီး လက်တွေ့လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရန် အသိပညာပေးသည်။ ပြည်သူလူထုအကြား ကျန်းမာရေးအခြေခံအသိပညာများ၊ ကျွမ်းကျင်မှုများ ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်စေရန် အရန်သားဖွား (Auxiliary midwife- AMW) သင်တန်းကို စီမံကိန်းတစ်ရပ်အဖြစ် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိနေခဲ့သည်။



ဒုတိယအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ညီလာခံတွင် ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီ သီရိဒ္ဓိနှင့် တွေ့ဆုံနှုတ်ဆက်နေသော ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် မယ်ယန်းကျေးလက်ကျန်းမာရေးဌာန လွယ်စတုံကျေးလက်ကျန်းမာရေးဌာနခွဲမှ ကျန်းမာရေးဝန်ထမ်း သားဖွားဆရာမ ဒေါ်နန်းသန်းသန်းဦး။

၁၉၉၂ ခုနှစ်တွင် ဒေါ်နန်းသန်းသန်းဦးသည် မိမိတာဝန်ယူရသည့် ရေမဲပင်ရွာ၌ ဝမ်းသွားပြီး အန်၍ ကြွက်တက်လျက်ရှိသော လူနာတစ်ဦးတွင် ကာလဝမ်းရောဂါ (Cholera) ဖြစ်ပွားမှုကို စတင်တွေ့ရှိခဲ့ရာ ခာတ်ဆားရည်တိုက်၊ အရေးပေါ် ပြုစုကုသပေးပြီး ဒေသတွင်း ကြီးမားစွာကျရောက်လာမည့် ကူးစက်ရောဂါအန္တရာယ်ကို ရိပ်စားမိခဲ့သည့်အတွက် လူနာအခြေအနေကို ကျေးလက်ကျန်းမာရေးမှူးနှင့် မြို့နယ်ဆရာဝန်ကြီးထံ ဆက်လက်သတင်းပို့၍ ဆေးရုံသို့ အမြန်ပို့ဆောင်ပေးခဲ့သည်။ အင်းလေးဒေသသည် ရေနှင့် ဆက်စပ်နေထိုင်ကြသည့် ဒေသဖြစ်သောကြောင့် အစားအစာနှင့် ရေမှတစ်ဆင့် ကူးစက်တတ်သည့် ရောဂါဖြစ်သည့် ကာလဝမ်းရောဂါပိုး ထိန်းချုပ်နိုင်ရေးသည် ဒေသတွင်းကြီးမားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်ရာ ကုသရေး၊ ကာကွယ်တားဆီးရေး လုပ်ငန်းများကို ချက်ချင်းအရေးယူဆောင်ရွက်ခဲ့ကြရသည်။

မြို့နယ်ဆရာဝန်ကြီး၏ ဦးဆောင်မှုဖြင့် ဒေါ်နန်းသန်းသန်းဦးအပါအဝင် ကျန်းမာရေးဝန်ထမ်းများသည် ရောဂါကူးစက်ဖြစ်ပွားသော လူနာများကို ဆေးရုံသို့ အချိန်မီပို့ဆောင်ခြင်း၊ အတူနေမိသားစုများ၏ ဝမ်းနမူနာ (Anal Swab) ရယူခြင်း၊ ရေတွင်းကို Bleaching ပေါင်ဒါဖြူး၍ ဆေးခတ်ခြင်း၊ ဆေးဖျန်းခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ ဒေသအာဏာပိုင်များနှင့်ပူးပေါင်း၍ ဒေသတွင်း ဧည့်သည်ဝင်ရောက်မှုကို ပိတ်ပင်ပြီး Quarantine ပြုလုပ်ခြင်းစသည့် ကာကွယ်တားဆီးရေးလုပ်ငန်းများကို အထူးကြပ်မတ်လျက် နေ့ရောညပါ မနားမနေဆောင်ရွက်ခဲ့ရာ နောက်ဆုံးတွင် အင်းလေးနယ်မြေဒေသအတွင်း လူနာ အဖိတ်အစဉ် နည်းပါးစွာဖြင့် ကပ်ရောဂါဘေးဆိုးကြီးကို ကျော်လွှားနိုင်ခဲ့ကြပါသည်။ ဤအခြေအနေတွင် ဒေါ်နန်းသန်းသန်းဦးသည် တစ်ဖက်၌ ငယ်ရွယ်သေးသည့် တတိယမြောက်သားငယ် အတူရှိနေလျက်နှင့် မိသားစုကျန်းမာရေးကိုပါ အထူးဂရုပြု၍ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ခဲ့ခြင်းဖြစ်သည်။

**ရွှေတြိဂံနယ်မြေ တောင်ပေါ်ရွာတွေကြားက စက်ဘီးတစ်စီးဖြင့် ဆရာမ**

၁၉၉၄ ခုနှစ်တွင် ဝန်ထမ်းသက် ၁၂ နှစ်ရှိခဲ့ပြီဖြစ်သော ဒေါ်နန်းသန်းသန်းဦးသည် ရှမ်းပြည်နယ် အရှေ့ပိုင်း ရွှေတြိဂံဒေသတွင်း တောင်ပေါ်ကျေးရွာများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အဘက်ဘက်မှ ခေတ်နောက်ကျနေမှုများကိုကြားသိခဲ့ပြီး ကိုယ်တိုင်ဆန္ဒပြုချက်ဖြင့် ပြောင်းရွှေ့ခွင့်တင်ပြခဲ့ရာ တာချီလိတ်မြို့နယ်မှ ၂၇ မိုင် ဝေးကွာသည့် တာလေမြို့နယ်ခွဲ မိုင်းလင်းကျေးလက်ကျန်းမာရေးဌာန လက်အောက်ခံ ဝမ်တုံကျေးလက်ကျန်းမာရေးဌာနတွင် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့် ရရှိခဲ့သည်။

တာလေမြို့နယ်ခွဲနှင့် ဝမ်တုံရွာသို့ လမ်းခရီးမှာ ခုနစ်မိုင်ဝေးကွာသော်လည်း တောတောင်ထူထပ်သည့် တောင်ပေါ်ခရီးကြမ်းဖြစ်ရုံမက လမ်းတွင် ကျော်ဖြတ်ရသော နမ့်မွေချောင်းမှာလည်း မိုးရာသီ တောင်ကျရေ စီးဆင်းချိန်၌ ရေပြင်အကျယ်ပေ ၁၅၀/ ပေ ၂၀၀ ကျယ်ပြီး ရေစီးပြင်းထန်သဖြင့် ဖောင်ဖြင့် ကူးဖြတ်ရသည်။ (နန့်မွေချောင်းကို ကျော်ဖြတ်သည့် နမ့်မွေတံတားကို ၂၀၀၃ ခုနှစ်သို့ရောက်ရှိမှသာ စတင်တည်ဆောက်နိုင်ခဲ့ပါသည်။) ၁၉၉၂ ခုနှစ် မေလ၌ ဝမ်တုံကျေးရွာသို့ ဒေါ်နန်းသန်းသန်းဦးရောက်ရှိချိန်တွင် ဆေးခန်းမရှိသေးသည့်အတွက် ကျေးရွာသူကြီးအိမ်၌ လေးလခန့်ခေတ္တတည်းခိုပြီး ဆေးခန်းအသစ်ကို စတင်ဆောက်လုပ်ခဲ့ရပါသည်။

ထိုစဉ်ကာလက နယ်မြေဒေသအတွင်း လက်နက်ကိုင်အဖွဲ့များ ဖြတ်သန်းလှုပ်ရှားမှုများကြောင့် သတိပြုသွားလာရသော်လည်း ဒေါ်နန်းသန်းသန်းဦးသည် မိမိတာဝန်ယူရသည့် ဝမ်တုံ၊ ပန်ပဲ (အထက်/ အောက်)၊ နမ့်ဆမ်၊ နမ့်ခင်း၊ ကော်ဝမ့်မီ၊ ကော်မိုင်းဟုန်းကျေးရွာ ခုနစ်ရွာအပြင် မိမိနယ်မြေအပြင်စည်းနှင့် ဆက်စပ်နေသည့် ကျကာ၊ အင်ကျပါး၊ နမ့်ခင်းဘိုရွာများရှိ ရှမ်း၊ လားဟူ၊ အခါ တိုင်းရင်းသူမိခင်လောင်းများကို ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုပေးခြင်း၊ မွေးကင်းစကလေးများအတွက် ကာကွယ်ဆေးထိုးခြင်း၊ ဆေးတိုက်ခြင်း လုပ်ငန်းများကို ရာနှုန်းပြည့်အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ကလေးသူငယ်များ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးစီမံကိန်း (Universal Childhood Immunization- UCI) က သားဖွားဆရာမအတွက် ထုတ်ပေးသည့် စက်ဘီးနောက်တွင် ကာကွယ်ဆေးထည့်ရေခဲပုံးကို တင်ဆောင်ပြီး တောင်ပေါ်ရွာများ၏ကုန်းတက်၊ ကုန်းဆင်းများတစ်လျှောက် တစ်ရွာဝင်တစ်ရွာထွက် မရပ်မနားသွားလာ၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့သည်။

**ဝမ်တုံမှသည် လွယ်စတုံသို့**

၂၀၀၀ ပြည့်နှစ် ဇူလိုင်လတွင် ဒေါ်နန်းသန်းသန်းဦးသည် ဝမ်တုံကျေးလက်ကျန်းမာရေးဌာနခွဲ(SC)မှ မယ်ယန်းကျေးလက်ကျန်းမာရေးဌာန (RHC) လက်အောက်ခံ လွယ်စတုံကျေးလက်ကျန်းမာရေးဌာနခွဲ (SC) သို့ ပြောင်းရွှေ့ထမ်းဆောင်ခဲ့သည်။ ဒေါ်နန်းသန်းသန်းဦး တာဝန်ယူရသည့် လွယ်စတုံကျေးလက်ကျန်းမာရေးဌာနခွဲရှိ အပိုင်ရွာကိုးရွာတွင် ထိုစဉ်က လူဦးရေ ၄၉၄၂ ဦး၊ ဧည့်သည် လူဦးရေ ခန့်မှန်း ၃၀၀၀ ကျော်ခန့်ရှိခဲ့သည်။

အဆိုပါ ဒေသခံပြည်သူများအတွက် တစ်နှစ်လျှင် ပျမ်းမျှကိုယ်ဝန်ဆောင် ၁၂၀/ ၁၃၀ ခန့်ကို ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုပေးခဲ့ရပြီး ဒေသခံအိမ်ရှင်နှင့်ဧည့်သည်များ၏ ပျမ်းမျှ တစ်နှစ်အောက်ကလေးငယ် ၂၀၀ ကျော်ကို ကာကွယ်ဆေးထိုးပေးခြင်း၊ ကျေးရွာတိုင်းသို့ တစ်လလျှင် အနည်းဆုံးနှစ်ကြိမ်သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း (စီမံချက်ဝင်လုပ်ငန်းများအားလုံး)၊ ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ရာနှုန်းပြည့် ပြည့်မီရေးအတွက် အရန်သားဖွားဆရာမကိုးဦး၊ ငှက်ဖျားကျန်းမာရေးလုပ်သားတစ်ဦး၊ ပြည်သူလူထုအထောက်အကူပြုလုပ်သား (CSG) အင်အား ၃၀ နှင့် စေတနာ့ဝန်ထမ်းများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

**စာမျက်နှာ ၂၁ သို့** ❁

**တာလေမြို့နယ်ခွဲနှင့် ဝမ်တုံရွာသို့ လမ်းခရီးမှာ ခုနစ်မိုင်ဝေးကွာသော်လည်း တောတောင်ထူထပ်သည့် တောင်ပေါ်ခရီးကြမ်းဖြစ်ရုံမက လမ်းတွင်ကျော်ဖြတ်ရသော နမ့်မွေချောင်းမှာလည်း မိုးရာသီ တောင်ကျရေစီးဆင်းချိန်၌ ရေပြင်အကျယ်ပေ ၁၅၀/ ပေ ၂၀၀ ကျယ်ပြီး ရေစီးပြင်းထန်သဖြင့် ဖောင်ဖြင့် ကူးဖြတ်ရသည်။ (နန့်မွေချောင်းကို ကျော်ဖြတ်သည့် နမ့်မွေတံတားကို ၂၀၀၃ ခုနှစ်သို့ ရောက်ရှိမှသာ စတင်တည်ဆောက်နိုင်ခဲ့ပါသည်။) ၁၉၉၂ ခုနှစ် မေလ၌ ဝမ်တုံကျေးရွာသို့ ဒေါ်နန်းသန်းသန်းဦးရောက်ရှိချိန်တွင် ဆေးခန်းမရှိသေးသည့်အတွက် ကျေးရွာသူကြီးအိမ်၌ လေးလခန့်ခေတ္တတည်းခိုပြီး ဆေးခန်းအသစ်ကို စတင်ဆောက်လုပ်ခဲ့ရ။**

❁ စာမျက်နှာ ၂၀ မှ

တစ်နည်းအားဖြင့် ဒေါ်နန်းသန်းသန်းဦးနှင့် လုပ်ဖော်ကိုင်ဖက် ကျန်းမာရေးဝန်ထမ်းများ၏ မိမိတို့တာဝန်ကျရာနယ်မြေဒေသအတွင်း မနားမနေ အကောင်အထည်ဖော် ကြိုးပမ်းမှုများသည် ၂၀၀၀ ပြည့်နှစ်၌ ကျေးလက်ဒေသနေ တိုင်းရင်းသားများအပါအဝင် ပြည်သူအားလုံးအနေဖြင့် ကျန်းမာရေးဝန်ထမ်းများထံမှ ပဏာမကျန်းမာရေးစောင့်ရှောက်မှု ရရှိနိုင်ရေး ရည်မှန်းထားသည့် "အားလုံးကျန်းမာသက္ကရာဇ် ၂၀၀၀ မှာ" (The Goal of Health for All) ရည်မှန်းချက်အောင်မြင်ရေးကို ကြိုးပမ်းခဲ့ကြခြင်းပင် ဖြစ်သည်။

တစ်ချိန်တည်းမှာပင် ၁၉၇၈ ခုနှစ်က ယခင်ဆိုဗီယက်ပြည်ထောင်စု ကာဇက်စတန်တွင် ကျင်းပခဲ့သော ပဏာမကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ညီလာခံ၏ Declaration of Alma-Ata ကြေညာချက်မှ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ရည်မှန်းချက်များကိုလည်းကောင်း၊ လွတ်လပ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် "China's barefoot doctors" အစီအစဉ်များကဲ့သို့ လည်းကောင်း ဒေါ်နန်းသန်းသန်းဦး၏ ဆောင်ရွက်မှုများသည် မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များကို လက်တွေ့မြေပြင်တွင် အကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးပမ်းမှုများပင် ဖြစ်ခဲ့သည်။

**မျိုးဆက်ပွား ကျန်းမာရေးသတင်းစနစ် ဆောင်ရွက်မှု ထူးချွန်စံပြဝန်ထမ်း**

ဒေါ်နန်းသန်းသန်းဦး ပြောင်းရွှေ့ရောက်ရှိခဲ့သော ရွှေတြိဂံဒေသသည် ထိုစဉ်က ခုခံအားကျဆင်းမှုကူးစက်ရောဂါကျရောက်ခံစားနေကြရသည့် နယ်မြေဖြစ်ရာ တာဝန်ယူရသည့်နယ်မြေ ကျေးရွာများအတွင်း အိတ်ချ်အိုင်ဗွီကူးစက်ရောဂါပိုးဝင်ရောက်ထားသူ လူနာ ၂၀ ရှိခဲ့သည်။ မျှော်လင့်ချက်မရှိသကဲ့သို့ ဖြစ်နေကြသည့် ဝေဒနာရှင်များအတွက် ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် မိခင်မှသန္ဓေသားသို့ ရောဂါကူးစက်ခြင်းကို ကာကွယ်ခြင်း (Prevention of Mother to Child Transmission- PMCT)လုပ်ငန်းများကိုပါ တာဝန်ယူဆောင်ရွက်ပေးရသည်။

မိခင်မှ ကလေးငယ်သို့ ရောဂါ မကူးစက်စေရေးအတွက် ကိုယ်ဝန်ဆောင်မိခင် မီးမဖွားမီ နီဗာရာပင်း (Neverapine) ဆေးဝါးတိုက်ကျွေးခြင်း၊ မွေးကင်းစကလေးငယ်ကို ဆေးစက်ချ တိုက်ကျွေးခြင်း၊ နှစ်သိမ့်ဆွေးနွေးခြင်း လုပ်ငန်းသစ်များကို ဆောင်ရွက်ပေးရသည်။

ထိုစဉ်က ဒေါ်နန်းသန်းသန်းဦး တာဝန်ယူခဲ့ရသော မွေးလူနာ ၁၁ ဦးအနက် မီးဖွားစဉ် ကူးစက်ခြင်းမရှိခဲ့ဘဲ မွေးဖွားပြီး ကိုးလအရွယ်နှင့် တစ်နှစ်ကျော်တွင် ကလေးငယ် နှစ်ဦးတွင် ပေါ့စတစ်တွေ့ရှိခဲ့ပြီး အစဉ်တစိုက် ဂရုစိုက်စောင့်ရှောက်ပေးမှုကြောင့် ကလေးများအားလုံး ကျန်းကျန်းမာမာ ရှိခဲ့ကြသည်။ ဒေါ်နန်းသန်းသန်းဦးသည် မိမိတာဝန်ယူရသည့် လွယ်စတုံကျေးရွာနယ်မြေအတွင်း အပတ်စဉ်သောကြာနေ့တိုင်း ကိုယ်ဝန်ဆောင်မိခင်များကို စမ်းသပ်စောင့်ရှောက်မှု (AN Care) ဆောင်ရွက်ပေးမှုနှင့်အတူ ကျန်းမာရေးဟောပြောပွဲများ ကျင်းပ၍ "မျိုးဆက်ပွားကျန်းမာရေး လူတိုင်းရရှိအောင်ပညာပေး" ဆောင်ပုဒ်နှင့်အညီ မိခင်တစ်ဦးတည်းသာမက ခင်ပွန်းသည်နှင့် မိသားစုအားလုံးသိရှိနိုင်ရေးအတွက် ပညာပေးလုပ်ငန်းများကို ဒေသအခြေအနေနှင့်ကိုက်ညီအောင် ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့အပြင် တနင်္ဂနွေနေ့ ဘုရားရှိခိုးကျောင်း (Church) ၌ ဘုရားရှိခိုးအပြီးတွင် ဆယ်ကျော်သက်လူငယ်များအား ကျန်းမာရေးပညာပေးဟောပြောပွဲကို တစ်လတစ်ကြိမ် ဆောင်ရွက်ပေးခဲ့သည်။




**ဒုတိယအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ညီလာခံ (2nd Global Forum on Human Resource for Health) တွင် ကမ္ဘာ့ထူးချွန်ကျန်းမာရေးဝန်ထမ်းဆု (Global Health Workforce Alliance Award) ဆုရုပ်တုကို လက်ခံရယူနေသော ကျန်းမာရေးဝန်ထမ်း သားဖွားဆရာမ ဒေါ်နန်းသန်းသန်းဦး။**

ဘုရားရှိခိုးကျောင်းအပြီး ဟောပြောပွဲ၌ ကျေးရွာလူကြီးများ၏ အကူအညီဖြင့် ခရစ်ယာန်ဘာသာဝင် မဟုတ်သော အခြားဘာသာဝင်များပါ တက်ရောက်နိုင်ရေးအတွက် စီစဉ်ပေးပြီး ခုခံအားကျဆင်းမှုရောဂါ၏ အန္တရာယ်ရှိသောလက္ခဏာများ သိရှိရေး၊ မျိုးဆက်ပွားကျန်းမာရေး (သားဆက်ခြား) နှင့် အာဟာရပညာပေးခြင်း၊ မွေးကင်းစကလေး စောင့်ရှောက်ခြင်း၊ ခုခံအားကျဆင်းမှုရောဂါ တိုက်ဖျက်ရေးလုပ်ငန်းဆိုင်ရာ အသိပညာပေး ဟောပြောမှုများကို ဒေသခံတိုင်းရင်းသားများအတွင်း သက်ဆိုင်ရာဘာသာစကားများဖြင့် ရှင်းလင်းပြောကြားပေးခဲ့သည်။

ဤကဲ့သို့ မိခင်မှ သန္ဓေသားသို့ ရောဂါကူးစက်ခြင်းကို ကာကွယ်ခြင်း (Prevention of Mother to Child Transmission- PMCT) လုပ်ငန်း၊ နှစ်သိမ့်ဆွေးနွေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် အကျုံးဝင်မြို့နယ် ၇၂ မြို့နယ်အနက် အောင်မြင်စွာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် တစ်နိုင်ငံလုံးရှိ ကျန်းမာရေးဝန်ထမ်း ၂၀ ကို ၂၀၀၂ ခုနှစ်အတွက် မျိုးဆက်ပွားကျန်းမာရေးသတင်းစနစ်ဆောင်ရွက်မှု ထူးချွန်စံပြဝန်ထမ်းများအဖြစ် ထိုစဉ်က ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကုလသမဂ္ဂ UNFPA က ရွေးချယ်ချီးမြှင့်ခဲ့သည်။ ယင်းသို့ ချီးမြှင့်ရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် လွယ်စတုံ ကျေးလက်ကျန်းမာရေးဌာနခွဲတွင် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် သားဖွားဆရာမ ဒေါ်နန်းသန်းသန်းဦးကို ထူးချွန်စံပြကျန်းမာရေးဝန်ထမ်းတစ်ဦးအဖြစ် ရွေးချယ်ခဲ့ပြီး ၂၃-၄-၂၀၀၃ ရက်နေ့၌ ရန်ကုန်မြို့တွင် ထိုစဉ်က ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့်က ထူးချွန်ဆုချီးမြှင့်ခဲ့ပါသည်။

**ပါရမီဖြည့်ဖက် ခင်ပွန်းသည်နှင့် ကျေးလက်ကျန်းမာရေးကော်မတီ**

ဒေါ်နန်းသန်းသန်းဦးသည် ရောက်ရှိတာဝန်ထမ်းဆောင်ရာဒေသများ၌ လုပ်ငန်းတာဝန်များ အောင်မြင်စွာထမ်းဆောင်နိုင်သည်မှာ မိုးကုတ်ဆေးရုံတွင် ဖူးစာဆုံခဲ့သော ခင်ပွန်းဖြစ်သူ ဓာတ်ခွဲခန်းပညာရှင် ဦးအောင်ကျော်ထွန်း (၂၀၂၀ ပြည့်နှစ်ကွယ်လွန်) ၏ ပါရမီဖြည့်ဖက်အဖြစ် ပံ့ပိုးကူညီမှုများလည်း အဓိကကဏ္ဍမှ ပါဝင်ခဲ့သည်။ ပြောင်းရွှေ့ရောက်ရှိရာဒေသတိုင်းတွင် ရပ်ရေးရွာရေး ပရဟိတလုပ်ငန်းများကို စိတ်ဝင်တစား ပါဝင်ဆောင်ရွက်သည့် ခင်ပွန်းသည် ဦးအောင်ကျော်ထွန်းကို ရပ်ရွာက လေးစားခင်မင်ကြသည်။

ခင်ပွန်းသည် ဦးအောင်ကျော်ထွန်း၏ ရပ်ရွာလူမှုရေးလုပ်ငန်းများတွင် အကြံဉာဏ်ပေးနိုင်မှု၊ ဦးဆောင်ပေးနိုင်မှုတို့ကြောင့် လွယ်စတုံကျေးလက်ကျန်းမာရေးဌာနခွဲ (Sub center) ၏ ကျေးရွာများရှိ ကျေးရွာလူကြီးများ၊ ရပ်မိရပ်ဖများ၊ အရန်သားဖွားဆရာမများ၊ ပြည်သူလူထုအထောက်အကူပြုလုပ်သားများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ ပါဝင်သည့် ကျေးရွာကျန်းမာရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်ထားနိုင်ခဲ့သည်။

ဤကဲ့သို့ ကော်မတီဖွဲ့စည်းဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း လူမှုစီးပွားရေးအခြေအနေများအရ ကိုယ်ဝန်ဆောင်မိခင်လောင်းမှာ ဆင်းရဲနွမ်းပါးခြင်း၊ ကိုယ်ဝန်ဆောင်ချိန်နှင့် မီးဖွားချိန်တွင် ခင်ပွန်းသည်နှင့် မိသားစုအဝေးရောက်နေခြင်းတို့ကြောင့် ကိုယ်ဝန်မအပ်နိုင်ခြင်း စသည့်ပြဿနာများကို ထိုကော်မတီကတစ်ဆင့် အဆင့်ဆင့်သတင်းပေးပို့နိုင်လာသည်။ ကော်မတီဝင်အားလုံးအနေဖြင့် ဒေါ်နန်းသန်းသန်းဦးကို ဗဟိုပြု၍ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြရာ လွယ်စတုံကျေးလက်ကျန်းမာရေးဌာနခွဲနယ်မြေနှင့် ဆက်စပ်နယ်မြေများအတွင်း ကိုယ်ဝန်ဆောင်မိခင်လောင်းများကို အကြားအလပ်မရှိ ဖော်ထုတ်နိုင်ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်လောင်းအားလုံးအနေဖြင့် ကိုယ်ဝန်အပ်နိုင်အောင် ကူညီစောင့်ရှောက်ခြင်းတို့ကို အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ကျေးရွာကျန်းမာရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်မှုမှတစ်ဆင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုအောက်သို့ ရောက်ရှိလာသော မိခင်နှင့်ကလေးငယ်များကို ကာကွယ်ဆေးထိုးရန် လှုံ့ဆော်ခြင်း၊ အာဟာရမျှတစွာ စားသုံးရန် ကူညီပံ့ပိုးခြင်း၊ ကျန်းမာရေးဆိုင်ရာ အန္တရာယ်ရှိသောလက္ခဏာများ နားလည်စေရန်နှင့် ဆေးရုံ/ ဆေးခန်းများတွင် ကျွမ်းကျင်သူနှင့် မွေးဖွားရန် ပညာပေးခြင်း၊ ခရီးစရိတ်မရှိပါက ကျေးရွာရန်ပုံငွေမှ ကူညီခြင်း၊ ဆင်းရဲနွမ်းပါးသော ကိုယ်ဝန်ဆောင်များကို ထောက်ပံ့ကူညီရန် စေတနာရှင်များရှာဖွေပေးခြင်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်း(NGO)များနှင့် ဆက်သွယ်ခြင်း စသည့်ကျန်းမာရေးဝန်ထမ်း တစ်ဦးတစ်ယောက်တည်းက တစ်ချိန်တည်းတစ်ပြိုင်တည်း ဆောင်ရွက်ရန် မလွယ်ကူသည့်လုပ်ငန်းများကို ကော်မတီဝင်များ၏စုပေါင်းပံ့ပိုးကူညီမှုကို ရယူလျက် ကိုယ်ဝန်ဆောင်မိခင်နှင့် မီးဖွားပြီး တစ်နှစ်အောက်/ ငါးနှစ်အောက် ကလေးငယ်များ သေဆုံးမှုမရှိစေရန် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်လာနိုင်ခဲ့သည်။

ဤကဲ့သို့ ကော်မတီဖွဲ့စည်း၍ ပူးပေါင်းဆောင်ရွက်နိုင်မှုများမှတစ်ဆင့် ဒေါ်နန်းသန်းသန်းဦး တာဝန်ယူဆောင်ရွက်သည့် မယ်ယန်းကျေးလက်ကျန်းမာရေးဌာန လွယ်စတုံကျေးလက်ကျန်းမာရေးဌာနခွဲ နယ်မြေအတွင်းရှိ ကျေးရွာများတွင် သားဖွားဆရာမတစ်ဦးအနေဖြင့် ပုံမှန်ဆောင်ရွက်မှုတာဝန်မဟုတ်သော တီထွင်မှုတစ်ခုအဖြစ် **"မိခင်သေဆုံးမှုမရှိသောကျေးရွာ"** အဖြစ် ဆိုင်းဘုတ်များ စိုက်ထူချိတ်ဆွဲနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြပါသည်။

**ကူးစက်ရောဂါ တားဆီးကာကွယ်ရေးလုပ်ငန်းများ**

၂၀၀၉ ခုနှစ်၌ ဒေါ်နန်းသန်းသန်းဦး တာဝန်ယူဆောင်ရွက်နေသည့် ရန်အောင်မြင်ကျေးရွာ၌ တစ်ရွာလုံး ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားခဲ့ရာ ဖွဲ့စည်းထားသော ကျေးရွာကျန်းမာရေးကော်မတီ၏ ပံ့ပိုးကူညီမှုများဖြင့်လည်းကောင်း၊ ယခင်အင်းလေးဒေသတွင် တာဝန်ယူစဉ်က ရောဂါတိုက်ဖျက်တားဆီးရေးအတွေ့အကြုံများကို အသုံးချ၍လည်းကောင်း ရောဂါကုသရေး၊ ကာကွယ်တားဆီးရေးလုပ်ငန်းများကိုကြိုးပမ်းခဲ့ကြရာ တစ်ရွာလုံးအသေအပျောက်မရှိဘဲ အောင်မြင်စွာကျော်လွှားနိုင်ခဲ့သည်။

ဒေါ်နန်းသန်းသန်းဦး တာဝန်ယူဆောင်ရွက်ခဲ့သည့် ရွှေတြိဂံဒေသသည် တစ်ဖက်နိုင်ငံများနှင့် ထိစပ်နေသောဒေသဖြစ်သည့်အားလျော်စွာ ပြည်ပနိုင်ငံများ၌ SARS ရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါ (H5N1)စသည့် နယ်နိမိတ်ဖြတ်ကျော် အရေးပေါ်ကူးစက်ရောဂါများ ကျရောက်ချိန် သတိပေးနှိုးဆော်သည့်အခါမျိုးတွင်လည်း မြို့နယ်တာဝန်ရှိသူများက ပို့ချသည့် ရက်တိုသင်တန်းများ တက်ရောက်ပြီး သီးခြားညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ကြရသည်။

တောင်ပေါ်ဒေသဖြစ်သဖြင့် ငှက်ဖျားရောဂါကာကွယ်ရေးအတွက် ဆေးစိမ်ခြင်ထောင်ဝေငှခြင်း၊ ခြင်ထောင်များ ဆေးစိမ်ပေးခြင်း၊ ရောဂါဖြစ်ပွားသူများကို အချိန်မီဆေးရုံရောက်ရန် ပို့ဆောင်ခြင်း၊ သွေးလွန်တုပ်ကွေးရာသီတိုင်းတွင် ကျေးရွာ ကိုးရွာလုံးရှိ အိမ်ခြေ ၁၀၀၀ ကျော်ကို နေ့စဉ် ဖုံး၊ သွန်၊ လဲ၊ စစ်နှင့် ခြင်နှိမ်နင်းရေးဆေးမှုတ်တမ်းလုပ်ငန်းများကို ကျေးရွာကျန်းမာရေးကော်မတီဝင်များက အင်တိုက်အားတိုက် ဆောင်ရွက်ပေးခဲ့ကြသည်။ ဒေသတွင်းကျေးရွာအားလုံး၌ ရောဂါကာကွယ်ရေးလုပ်ငန်းများကို လွှမ်းခြုံဆောင်ရွက်ထားနိုင်ခဲ့သဖြင့် ရောဂါဖြစ်ပွားမှု သိသာစွာကျဆင်းခဲ့သည့်အပြင် သံသယရှိသူလူနာများကိုလည်း ဆေးရုံသို့ အချိန်မီပို့ပေးနိုင်သဖြင့် အသေအပျောက် ကင်းဝေးခဲ့သည်။

**ကမ္ဘာ့ကျန်းမာရေးဝန်ထမ်းထူးချွန်ဆု (Global Health Alliance Award)**

မြန်မာနိုင်ငံအနေဖြင့် ခေတ်သစ်စနစ်သစ်ကာလတစ်ရပ်သို့ ကူးပြောင်းရန် ပြင်ဆင်နေခဲ့ချိန်ဖြစ်သည့် ၂၀၁၀ ပြည့်နှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ထိုင်းနိုင်ငံ Prince Mahidol Award Foundation အထိမ်းအမှတ်အဖြစ် ချီးမြှင့်မည့် ကမ္ဘာ့ကျန်းမာရေးဝန်ထမ်းထူးချွန်ဆု (Global Health Workforce Alliance Award) ကို နိုင်ငံအသီးသီးရှိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ဆရာဝန်၊ သူနာပြု၊ သားဖွားဆရာမ၊ အခြေခံကျန်းမာရေးဝန်ထမ်းများအားလုံးအနက်မှ မြန်မာနိုင်ငံကိုယ်စားပြု ထူးချွန်ကျန်းမာရေးဝန်ထမ်းနှစ်ဦးကို ရွေးချယ်ပေးရန် ပြည်ထောင်စုမြန်မာနိုင်ငံကျန်းမာရေးဝန်ကြီးဌာနသို့ အကြောင်းကြားခဲ့ပါသည်။ ကျန်းမာရေးဝန်ကြီးဌာနသည် အဆိုပါဆုရွေးချယ်ရေးအတွက် နိုင်ငံတစ်ဝန်းလုံးရှိ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ထူးချွန်စွာဆောင်ရွက်လျက်ရှိသည့် တိုင်းနှင့်ပြည်နယ်အသီးသီးမှ ကျန်းမာရေးဝန်ထမ်းများကို ရွေးချယ်ပြီး အမည်စာရင်းအချိန်မီပေးပို့ရန် တိုင်း/ ပြည်နယ်ကျန်းမာရေးဦးစီးဌာနများသို့ ဆက်လက်အကြောင်းကြားခဲ့သည်။ **(ဆက်လက်ဖော်ပြပါမည်)**

# မေ ၂၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၆ ဦး တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၃-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၂-၅-၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၃-၅-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆၇၈)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၆) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း(၂,၆၁၀,၇၄၇)ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၃,၂၃၄) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၇) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၁၉၄) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၂၃-၅-၂၀၂၁) ရက်နေ့၊ ည (၈: ၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၁၃၇) ခု | (၃) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၆၄) ခု | - |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၁၈) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၉၉) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၅၈) ခု | (၂) ဦး |
| **စုစုပေါင်း** | **(၆၇၈) ခု** | **(၆) ဦး** |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၈၈၂၄၄၉ | ၂၇၄၇၁၂၄၂ | ၆၀၃၈၇၇ |
| ၂။ | အိန္ဒိယ | ၂၆၅၃၀၁၃၂ | ၂၃၄၂၅၄၆၇ | ၂၉၉၂၉၆ |
| ၃။ | ဘရာဇီး | ၁၆၀၄၇၄၃၉ | ၁၄၄၆၂၄၃၂ | ၄၄၈၂၉၁ |
| ၄။ | ပြင်သစ် | ၅၅၉၃၉၆၂ | ၅၁၉၅၇၈၁ | ၁၀၈၅၂၆ |
| ၅။ | တူရကီ | ၅၁၇၈၆၄၈ | ၅၀၁၃၁၁၁ | ၄၆၀၇၁ |
| ၆။ | ရုရှား | ၅၀၀၁၅၀၅ | ၄၆၁၇၇၆၂ | ၁၁၈၄၈၂ |
| ၇။ | ဗြိတိန် | ၄၄၆၀၄၄၆ | ၄၂၉၉၈၈၉ | ၁၂၇၇၁၆ |
| ၈။ | အီတလီ | ၄၁၈၈၁၉၀ | ၃၇၇၉၂၉၃ | ၁၂၅၁၅၃ |
| ၉။ | ဂျာမနီ | ၃၆၅၃၀၁၉ | ၃၃၉၇၁၀၀ | ၈၇၉၆၀ |
| ၁၀။ | စပိန် | ၃၆၃၆၄၅၃ | ၃၃၅၆၂၇၂ | ၇၉၆၂၀ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၇၇၅၂၂၀ | ၁၆၃၃၀၄၅ | ၄၉၃၂၈ |
| ၂။ | ဖိလစ်ပိုင် | ၁၁၇၉၈၁၂ | ၁၁၀၉၂၂၆ | ၁၉၉၅၁ |
| ၃။ | မလေးရှား | ၅၁၂၀၉၁ | ၄၅၂၈၂၁ | ၂၂၄၈ |
| ၄။ | မြန်မာ | ၁၄၃၂၃၄ | ၁၃၂၁၉၄ | ၃၂၁၆ |
| ၅။ | ထိုင်း | ၁၂၉၅၀၀ | ၈၄၅၃၅ | ၇၇၆ |
| ၆။ | စင်္ကာပူ | ၆၁၈၂၄ | ၆၁၂၇၇ | ၃၂ |
| ၇။ | ကမ္ဘောဒီးယား | ၂၅၂၀၅ | ၁၇၇၀၁ | ၁၇၆ |
| ၈။ | ဗီယက်နမ် | ၅၂၁၇ | ၂၇၂၁ | ၄၂ |
| ၉။ | လာအို | ၁၈၀၁ | ၁၀၇၄ | ၂ |
| ၁၀။ | ဘရူနိုင်း | ၂၃၅ | ၂၂၄ | ၃ |



# ကဆုန်လပြည့်ဗုဒ္ဓနေ့ မျှဝေအပ်ရာ ဓမ္မဒေသနာ

မိုးကေနိုင်



ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူသော အဆုံးအမတရားတော်များအတိုင်း လိုက်နာကျင့်ကြံကြိုးကုတ်အားထုတ်ကြကုန်သော ဗုဒ္ဓဘာသာဝင်များအတွက် အမွှမ်းတင်ဂုဏ်ယူရမည့် နေ့တစ်နေ့ဖြစ်သော ဤကဆုန်လပြည့်ဗုဒ္ဓနေ့သည်ကား ကုသိုလ်ရေးအတွက် ပူဇော်အထူး အာရုံပြုရမည့် နေ့တစ်နေ့ပင်ဖြစ်သည်။

**ကမ္ဘာ့ဗုဒ္ဓဘာသာနေ့တစ်နေ့**

ကုလသမဂ္ဂ၏ဆုံးဖြတ်ချက်နှင့်အတူ ကမ္ဘာ့ဗုဒ္ဓဘာသာနေ့တစ်နေ့အဖြစ် ကမ္ဘာကြီးက ဂုဏ်ပြုသတ်မှတ်ထားသည်မှာ ထေရအနွယ်ဝင် သူတော်စင်တို့အတွက် အထူးဂုဏ်ယူစရာဖြစ်သည်။ လူသားတစ်ဦးချင်း တစ်ဦးချင်းစီ၏ ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသော ချမ်းသာမှုဖြင့် ကမ္ဘာ့လူသားအားလုံးအတွက် အလိုအပ်ဆုံးသော ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းပေးနိုင်သည်မှာ နှစ်ပေါင်း ၂၅၀၀ ကျော် ကာလတိုင် သက်တမ်းရှည်ကြာ ကိန်းဝပ်နေသော ဂေါတမမြတ်စွာဘုရား၏ ဗုဒ္ဓသာသနာပင်ဖြစ်သည်။

ဤအချက်သည် ကမ္ဘာ့ဗုဒ္ဓဘာသာနေ့တစ်နေ့ဖြစ်ပေါ်လာရေးအတွက် ယုံကြည်လက်ခံလာကြသည့် သာဓကတစ်ခုလည်းဖြစ်သည်။ လိုက်နာကျင့်ကြံစောင့်ထိန်းမှုဖြင့် မကောင်းသော ကိလေသာတရားဆိုးများကို ဖယ်ရှားရှင်းလင်းနိုင်မည့်တရားကား ဗုဒ္ဓ၏ ဓမ္မတည်းဟု ဗုဒ္ဓဘာသာဝင်တို့၏ စိတ်အစဉ်ဝယ် စွဲမြဲစွာယုံကြည်ကြသလို ကမ္ဘာကြီးကလည်း ယုံကြည်လာကြပြီဖြစ်သည်။ ထိုယုံကြည်ချက်အတိုင်း ငြိမ်းချမ်းရေးအဆုံးအမတရားတော်များကို ဘုရား၏သားတော် သံဃာတော်များက သီလလုံ့စွာဖြင့် မြော်တွေးညွှန်ပြဟောကြားပေးလျက်ရှိသလို အပြည်ပြည်ဆိုင်ရာ ရုံးပိတ်ရက်တစ်ရက်ဖြစ်သော ဤကဆုန်လပြည့်ဗုဒ္ဓနေ့ကို ဗုဒ္ဓ၏ အမွေအနှစ်တစ်ခုသဖွယ် ခံစားမိသည်။

**ဗုဒ္ဓသာသနာ အစွန့်ရှည်ပါစေ**

သာသနာတော် အစွန့်ရှည်ပါစေဟု ရတနာသုံးပါး ဦးထိပ်ထား၍ အမြဲပူဇော်နေသလို ငြိမ်းချမ်းရေးလည်းရကြပါစေ၊ အေးချမ်းမှုလည်း ရှိကြပါစေဟု ဆုတောင်းမိပါသည်။ ယနေ့ မိမိတို့နေထိုင်ရာ ကမ္ဘာကြီးကား ငြိမ်းချမ်းမှုထက် မငြိမ်းချမ်းမှု၊ မတည်ငြိမ်မှုက ပိုများနေသည်ဟု ခံစားမိသည်။ လောဘ၊ ဒေါသ၊ မောဟ အထွေထွေဖြင့် မတည်ငြိမ် မအေးချမ်းမှု၏ မြစ်ဖျားခံရာကို ရှာဖွေရန် ပညာနတ္ထိ ဖြစ်နေကြသည်။ အမုန်းတရားအခြေခံ ငြင်းခုံမှုများ၊ ရန်လိုမှုများ၊ တိုက်ခိုက်မှုများကြား အမှန်တရားကို မမြင်နိုင်ကြ၊ ဓမ္မသံဝေဂတရားနှင့် သင်ခန်းစာယူရန် နှောင့်နှေးနေဆဲဖြစ်သည်။

အယူစွဲ၊ ဝါဒစွဲ၊ အဖွဲ့စွဲ၊ ပုဂ္ဂိုလ်စွဲကြီးလွန်းမှုက ဘာသာတရား၏ အဆုံးအမများကို လျစ်လျူရှုသလိုဖြစ်နေသည်။ အမုန်တရားမှ သွေဖည်၍ အစွန်းရောက်သည်အထိ ဦးတည်နေပြီး အမှောင်အောက်တွင် လမ်းပျောက်နေသည်။ ကိုယ့်အားကိုယ်ကိုး၍ အလင်းကို သွားရမည့်အစား အမှောင်ကို ပြန်လျှောက်သလိုဖြစ်နေသည်။ စိတ်ကမ္ဘမ်း သဘောကကွဲ၍ အတွေးအခေါ်ဟောင်းများကြား ကတိမ်းကပါးဖြစ်သွားမည် စိုးရပါသည်။ ဤသို့ ဤသို့သော အနုတ်လက္ခဏာဆောင်သော အတွေးများကို ပိုက်ထွေးထားနေသည့် လူသားအားလုံး၏ အပူမီးသောကများကို ရှောင်ကွင်းတားဆီးပေးနိုင်သည်မှာ လောကဥ္စ အသာဆုံး အမြတ်ဆုံးဖြစ်သော မြတ်ဗုဒ္ဓ၏ တရားဓမ္မသည်သာ ဖြစ်ပါလိမ့်မည်။

**သာသနာကြုံခိုက် အားထုတ်စိုက်စေချင်**

ကဆုန်လပြည့်ဗုဒ္ဓနေ့သည် ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာဝင်အပေါင်းအတွက် အောင်ပွဲနေ့တစ်နေ့အဖြစ်လည်း မည်ပါသည်။ မြတ်စွာဘုရား မာရ်နတ်ရန်ကို အောင်မြင်တော်မူ၍ ဤရက် ဤအခါကို “ကဆုန်လပြည့် မာရ်အောင်နေ့”အဖြစ် တင်စားခေါ်ဝေါ်ကာ အောင်မြင်မှုကို တွေးမျှော်ခဲ့ကြသည်။ အမှန်တကယ်လည်း တည်ငြိမ်အေးချမ်းမှုကို ဦးတည်သည့် အောင်မြင်မှုကို ယုံကြည်ချက် ခံယူချက်အပြည့်ဖြင့် မျှော်မှန်းမိပါသည်။ အားလုံးအတွက် အပါယ်ဘေးမှ လွတ်ကင်းအောင် အကုသိုလ်အကြောင်းတရားများကို ရှောင်ရှားနိုင်ဖို့၊ ထို့အတူ ကပ်ရောဂါဘေးအနှောင့်အယှက်မှ ကင်းဝေးနိုင်ကြစေဖို့အတွက်လည်း ဗုဒ္ဓနေ့ကို အာရုံယူ၍ ဆုတောင်းမိပါသည်။ ဘယ်အရာမဆို ဖြစ်ပြီး ပျက်တတ်တဲ့၊ ဆုတ်ယုတ်တတ်တဲ့ အနိစ္စသဘောမှာ သာသနာလည်း ပါသည်ကိုး။

**ကျွန်တော်တို့အားလုံး ဗုဒ္ဓဘာသာတိုင်းပြည်တစ်ခုမှာ ဗုဒ္ဓဘာသာဝင် ဖြစ်နေကြသည်မှာ ရွေး** ကုသိုလ်ကံကောင်းခဲ့၍ ဖြစ်ပါသည်။ အကျိုးကောင်းအနေဖြင့် သာသနာပြုခွင့်ကြုံခိုက်၊ ပူဇော်ခွင့်ရခိုက် ကျေးဇူးရှင်မြတ်စွာဘုရား၏ ဓမ္မတရားနာယူခွင့်များကိုရယူ၍ လူငယ်လူရွယ်များအနေဖြင့် မိမိဘဝအတွက် အကောင်းဆုံး အသုံးချစေချင်ပါသည်။ ယခုလိုကာလမျိုးတွင် ကြီးငယ် ယုတ်လတ်မရွေး ကိုယ်တိုင်ကျင့်ကြံအားထုတ်ကြခြင်းဖြင့် ကောင်းမြတ်သော အခွင့်အရေးများကို ရယူဆုပ်ကိုင်စေချင်ပါသည်။ နောင်ကာလ နောင်ဘဝဆိုသည့် မသေချာသောအရေးတွင် ယခုကာလ ကဆုန်လပြည့် ဗုဒ္ဓနေ့အခါသမယသည်ကား အသေချာဆုံးပင် မဟုတ်ပါလား။

> ✻ **ကျွန်တော်တို့အားလုံး ဗုဒ္ဓဘာသာတိုင်းပြည်တစ်ခုမှာ ဗုဒ္ဓဘာသာဝင်ဖြစ်နေကြသည်မှာ ရွေးကုသိုလ်ကံကောင်းခဲ့၍ ဖြစ်ပါသည်။ အကျိုးကောင်းအနေဖြင့် သာသနာပြုခွင့်ကြုံခိုက်၊ ပူဇော်ခွင့်ရခိုက် ကျေးဇူးရှင်မြတ်စွာဘုရား၏ ဓမ္မတရားနာယူခွင့်များကိုရယူ၍ လူငယ်လူရွယ်များအနေဖြင့် မိမိဘဝအတွက် အကောင်းဆုံးအသုံးချစေချင်ပါသည်။ ယခုလိုကာလမျိုးတွင် ကြီးငယ်ယုတ်လတ်မရွေး ကိုယ်တိုင်ကျင့်ကြံအားထုတ်ကြခြင်းဖြင့် ကောင်းမြတ်သော အခွင့်အရေးများကို ရယူဆုပ်ကိုင်စေချင်ပါသည်။ နောင်ကာလ နောင်ဘဝဆိုသည့် မသေချာသောအရေးတွင် ယခုကာလ ကဆုန်လပြည့်ဗုဒ္ဓနေ့ အခါသမယသည်ကား အသေချာဆုံးပင် မဟုတ်ပါလား။**

**ကြာပင်အနားက ဖားသူငယ်လို မဖြစ်စေလို**

မိမိတို့၏ ဗုဒ္ဓသာသနာကို မိမိတို့ကိုယ်တိုင် မယုံကြည်၊ မချစ်မြတ်နိုးတတ်ပါက ထိုသာသနာသည် တကယ်ယုံကြည်နှစ်သက်သူများထံသို့သာ တဖြည်းဖြည်း ဆိုက်ရောက်ရောက်ရှိသွားတော့မည်ဟူသော တရားတစ်ပုဒ်ကို နာကြားမိဖူးပါသည်။ ယုံကြည်ရန် အထောက်အထားများလည်း ရှိပါသည်။ အကုသိုလ်တွေများ၍ မတော်တဆ ခြေချော်လက်ချော် အောက်ဘုံဘဝများသို့ ရောက်ရှိသွားလျှင်သော်မှ အပေါ် အထက်ဘုံများသို့ ပြန်တက်နိုင်ဖို့ဆိုတာ အတော်မသေချာ မရေရာသော အခြေအနေတစ်ခုပင်ဖြစ်သည်။ အပေါ်ဘုံဘဝများသို့ ပြန်တက်လာဖြစ်လျှင်တောင်မှ ဆိုလိုသည်မှာ – လူပြန်ဖြစ်လာလျှင်တောင်မှ သာသနာကွယ်နေသည့်အရပ်၊ သာသနာနှင့်မကြုံသည့်နေရာများသို့ ရောက်ခဲ့လျှင်ဆိုသော အတွေးသည် ပညာဉာဏ်ကြီးသူတို့အတွက် ချောက်ချားစရာအတွေးတစ်ခု ဖြစ်နေပါလိမ့်မည်။

“ကြာပင်အောက်က ဖားတွေလိုပင်” ကြာပင်အနား နားခိုနေရသော်လည်း ကြာဝတ်ဆံကို သုံးစွဲခွင့်မရသော ဖားသူငယ်လို၊ သုံးခွင့်ရလျှင်သော်မှ သုံးစွဲနိုင်သည့် ပညာဉာဏ်မရှိသူလို အဝေးကြီးကလာသော်လည်း သုံးစွဲတတ်သည့်ပညာဉာဏ်ကြီးသူအဖို့မှာ ကြာပင်၏ ကြာဝတ်ဆံကို သုံးစွဲခွင့်ရသကဲ့သို့ပင် ဖြစ်သည်။ ထို့အတွက် အချိန်ရှိခိုက် သတိ၊ ပညာ၊ လုံ့လစိုက်၍ အကုသိုလ်ကို ဖယ်ခွာပြီး ကုသိုလ်ရေးကိုမြော်တွေးစေလိုသည်မှာ ဗုဒ္ဓဘာသာဝင်တို့၏ မွန်မြတ်သောစေတနာကောင်းတစ်ခုပင် ဖြစ်သည်။

**ကောင်းခြင်းများနှင့် ပြည့်နေသော ဗုဒ္ဓနေ့**

ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်အပေါင်းအတွက် နေ့ထူးနေ့မြတ်ကြီးတစ်ခုဖြစ်သည်မှာ အားလုံးအသိပင်ဖြစ်သည်။ ဘုရားအလောင်းတော် သုမေဓာရသေ့ ဗျာဒိတ်ခံယူသောနေ့သည် ကဆုန်လပြည့်နေ့ဖြစ်သလို ဤနေ့တွင်ပင် ဂေါတမဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားဖွားမြင်ခဲ့သည်။ ဤနေ့မှာပင် ဂေါတမဘုရားပွင့်တော်မူခဲ့ပြီး နောက်တစ်နှစ်တွင် ဗုဒ္ဓဝင်အကျဉ်းဟောတော်မူခဲ့သည်မှာလည်း ဤလပြည့်နေ့တွင်ဖြစ်သည်။ နောက်ဆုံး မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်သည်ပင် ဤနေ့ဤရက်တွင် ဖြစ်ခဲ့သည်မှာ အလွန်ထူးမြတ်သော ဗုဒ္ဓဝင်မှတ်တမ်းများအဖြစ် တင်ကျန်ရစ်ပါသည်။

ထူးခြားချက်တို့နှင့် ပြည့်နှက်နေပြီး ကောင်းမှုအားလုံးတို့နှင့် တိုက်ဆိုင်နေသည့် ဤနေ့ဝန်းကျင် ယခုလို အခါသမယမျိုးတွင်မြန်မာပြည်သူပြည်သားဗုဒ္ဓဘာသာဝင် လူအများတို့သည် ဗုဒ္ဓနေ့ကို မမေ့လျော့ဘဲ အလေးအနက်ထား မပျက်မကွက် အာရုံပြုကာ ပူဇော်အထူးပြုစေချင်ပါသည်။ အမုန်းတွေကိုဖယ် သံသယတွေကိုပယ်ကာ ကြုံတောင့်ကြုံခဲ မဟာကုသိုလ်ထူးကို ရယူစေချင်လှပါသည်။ “အစွဲ၊ အမုန်း”တွေ ခေတ္တပယ်၍ ဓမ္မအရေး ရင်ဝယ်တွေးကာ ညစ်ညူးနေသောစိတ်များကို သန့်စင်လျှော်ဖွပ်၍ ဖြူစင်စိတ်ထားထာဝရ ထားရှိစေချင်ပါသည်။

**ကုသိုလ်အရေး ပါဝင်ဆောင်ရွက်ကြစေလို**

ယခုလိုအချိန်ကာလသည် ဒါန၊ သီလ၊ ဘာဝနာတရားများ အားထုတ်ရန် အချိန်အခါကောင်းတစ်ခုဖြစ်သည်။ ကုသိုလ်တရားများ ပွားများရန် အခွင့်အလမ်းကောင်းများ ဖန်တီးပေးစေလိုပါသည်။ သဗ္ဗညုတဉာဏ်တော်ကိုရပြီး ဘုရားဖြစ်တော်မူခဲ့သည့် ဌာနေဗောဓိပင်ကိုအာရုံပြု၍ ကဆုန်ညောင်ရေသွန်းပွဲတော်ကို ရိုးရာအစဉ်အလာမပျက် စည်စည်ကားကား သွန်းလောင်းကြသည်ကို မြင်တွေ့လိုပါသည်။ ဤနေ့ဤရက်တွင် “မိမိတို့အိမ်ရှိ ဗုဒ္ဓရုပ်ပွားတော်များကို အနေကဇာတင်နိုင်က မင်္ဂလာဆင်ယင် တင်လှူပူဇော်ကြပါစို့”၊ “ဆွမ်းဟင်းလောင်းလှူ၊ သီလခံယူဆောက်တည်၍ ပရိတ်တရားတော်များ အတူတကွ နာကြားကြပါစို့”၊ “ဇီဝိတဒါန ငါးလွှတ်၊ ငှက်လွှတ်ပွဲများ၊ တိရစ္ဆာန်ဘေးမဲ့လွှတ်ပွဲများ တပျော်တပါးကျင်းပကြပါစို့”ဟု တိုက်တွန်းနှိုးဆော်ချင်ပါသည်။

စေတီ၊ ဘုရားပုထိုး၊ ဘုန်းကြီးကျောင်းကန်များတွင် သန့်ရှင်းရေးများ စုပေါင်းပြု၍ ကုသိုလ်ယူနိုင်ကြပါသည်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးဦးတင်ရွက်၍ စေတီပုထိုးများတွင် ဆီမီးများ ထွန်းညှိပူဇော်နိုင်ပါသည်။ ပန်း၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းနိုင်ပါသည်။

စာမျက်နှာ ၂၄ သို့ ✪

# ဘားအံမြို့၌ စူဠဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**ဘားအံ မေ ၂၃**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီက ကြီးမှူး၍ ၂၀၂၁ ခုနှစ် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို မေ ၂၂ ရက် မွန်းလွဲ ၁ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးသိန်းကိုကို၊ ပြည်နယ်ဥပဒေချုပ် ဦးရဲလွင်၊ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညို၍ စာအောင်သံဃာတော်များအား အောင်လက်မှတ်နှင့် စာအောင်ဆု အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။



ရှေးဦးစွာ "နမော တဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ပြည်နယ် သံဃနာယက အဖွဲ့ဥက္ကဋ္ဌ မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဥတ္တရ ဓမ္မဝါသီကျောင်းတိုက် ဆရာတော်များထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြကာ ဆရာတော်သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက သာသနာရေးဆိုင်ရာများ လျှောက်ထားတင်ပြပြီး အထူးပင့်သံဃာနှစ်ပါးနှင့် ဓမ္မာစရိယစာအောင်သံဃာနှစ်ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် စာအောင်ဆု အောင်လက်မှတ်၊ အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးသိန်းကိုကို၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများက အထူးပင့်သံဃာများနှင့် စာအောင်သံဃာများ၊ စာအောင်သီလရှင်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ၊ စာအောင်ဆု အောင်လက်မှတ်နှင့် အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး ယခုနှစ် ကရင်ပြည်နယ် ဘားအံစာဖြေဌာနအနေဖြင့် ဓမ္မာစရိယကျမ်းပြီး ၁၁ ပါး၊ ပထမကြီးတန်း ၂၉ ပါး၊ ပထမလတ်တန်း အပါး ၅၀၊ ပထမငယ်တန်း ၆၄ ပါး၊ အခြေပြုမူလတန်း ၁၀၇ ပါး စုစုပေါင်း ၂၁၆ ပါးအားအောင်လက်မှတ်နှင့်စာအောင်ဆု အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် ပြည်နယ်သံဃနာယကအဖွဲ့ (မူလဒွါရ) ဥက္ကဋ္ဌ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဂုဏာလင်္ကာရ ရဲကျောင်းဆရာတော်ထံမှ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ယနေ့ပြုလုပ်သည့် စူဠဘွဲ့နှင်းသဘင် အခမ်းအနားအတွက် တောင်ကလေးဆရာတော် အရှင်ပညာသာမိက ငွေကျပ်သိန်းငါးဆယ်၊ မြို့နယ်သံဃနာယကအဖွဲ့(သုဓမ္မာ)က ငွေကျပ် လေးဆယ့်တစ်သိန်းကိုးထောင်၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီက ငွေကျပ် လေးဆယ့်ကိုးသိန်းရှစ်သောင်းခြောက်ထောင် စုစုပေါင်းငွေကျပ် သိန်းတစ်ရာ့လေးဆယ့်ကိုးသောင်းငါးထောင်တိတိကို ထည့်ဝင်လှူဒါန်းခဲ့ပြီး ကိုဗစ်-၁၉ ဆိုင်ရာ ကာကွယ်ထိန်းချုပ်ရေးစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရသဖြင့် စာအောင်သံဃာအားလုံးကို ပင့်ဖိတ်နိုင်ခြင်းမရှိဘဲ အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း စာအောင်သံဃာများအား ပြည်နယ် သာသနာရေးမှူးနှင့် ဝန်ထမ်းများက စာသင်တိုက်များသို့ သွားရောက်ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ❒ ကျောဖုံးမှ

ဝင်ကြေးအနေနဲ့ လူကြီး ၂၀၀ ကျပ်၊ ကလေး ၁၀၀ကျပ် ကောက်ခံပြီး မနက် ၇ နာရီခွဲကနေ ညနေ ၅ နာရီအထိ လာရောက် လည်ပတ်နိုင်ပါတယ်။ မြနန်းစံကျော်ရွှေနန်းတော် အပါအဝင် ကျောက်စာရုံ၊ အမြောက်ပြတိုက်၊ မင်းတုန်းမင်း ဂူဗိမာန်ပုံစံငယ်ပြတိုက်၊ ဒင်္ဂါးသွင်းစက်ရုံများကို လာရောက်လေ့လာနိုင်ပါတယ်" ဟု ၎င်းက ပြောသည်။

မြနန်းစံကျော်ရွှေနန်းတော်ကြီးကို ညီလာခံသဘင်ခန်းမဆောင်ကြီးများ၊ မှန်နန်းဆောင်၊ နန်းမြင့်မျှော်စင် အပါအဝင် အဆောင်ခန်းမ အဆောက်အအုံပေါင်း ၈၉ ခုဖြင့် ပြန်လည်တည်ဆောက်ထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ■ လေဖိအားနည်းရပ်ဝန်းမှ

လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။

မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၆ ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်ထားသည်။

**မိုး/ဇလ**

## ညောင်ရေသွန်းချိန်

❀ ညီညာမသွေ ပေါင်းစုဝေ
ချစ်ဆွေသားချင်း ဖော်တစ်သင်း
ရင်းနှီးကြည်ဖြူ ဖေးမကူ
အလှူဒါန စောင့်သီလ
ပြုကြသူငါ ပီတိဖြာ
ခုခါအေးချမ်း စိတ်ရွှင်လန်း
လန်းတယ်လေလေ့ လန်းတယ်လေ့။

❀ တောအုပ်ညိုညို စိမ်းစိုစို
ညောင်ညိုပင်နော ပင်စုံတော
အမောပြေစေ ဤရပ်မြေ
စည်ဝေချိုတေး ပန်းစုံမွှေး
မွှေးတယ်လေလေ့ မွှေးတယ်လေ့။

❀ ကဆုန်လပြည့် ဤယနေ့
ကြည်မွေ့ဖွယ်ရာ တေးသံသာ
ရပ်ရွာအတွင်း ချစ်ဖွယ်ခင်း
သားချင်းမိတ်ဖော် အလှူတော်
ဖိတ်ခေါ်ကျွေးမွေး ပြုံးပန်းမွှေး
မွှေးတယ်လေလေ့ မွှေးတယ်လေ့။

❀ ဓလေ့ရိုးရာ မမေ့ပါ
ဤခါဤရက် စဉ်အဆက်
ဖွားဖက်တော်တွင် ညောင်ညိုပင်
ဖြစ်စဉ်ရည်ညွှန်း ညောင်ရေသွန်း
သွန်းတယ်လေလေ့ သွန်းတယ်လေ့။ ။

**နှင်းဇာခြည်မြင့် (ရွှေကျွန်းမြေ)**

❂ စာမျက်နှာ ၂၃ မှ

**ဗုဒ္ဓဘာသာဝင်တို့၏ အဆောင်တိုင်း၊ အိမ်တိုင်းတွင် သာသနာ့အလံများ ဝင့်ကြွားလွင့်ထူ၍ ဗုဒ္ဓပွဲတော်များ ဆင်ယင်ကျင်းပနိုင်ကြပါသည်။ အချိုရည်၊ မုန့်ပဲသရေစာ၊ စတုဒိသာအလှူများဖြင့် သဒ္ဓါကြည်ဖြူစေတနာအဖြူထည်ဖြင့် ကုသိုလ်ယူနိုင်ကြပါသည်။**

**"ငါ"အစွဲမထား မမြဲဤတရား**

မည်သို့ပင်ဖြစ်ပါစေ "ငါ"ဟူ၍ တပ်နေသမျှ၊ မှတ်နေသမျှ အတ္တနှင့်မကင်းနိုင်ပါ။ "ငါ"ဟူသော အစွဲသည် ကိုယ်ကျင့်တရားနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ "ငါ"ဟူသော အတ္တကို ဖယ်ထုတ်နိုင်သည်နှင့်အမျှ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုသော ကောင်းမြတ်သော ဗြဟ္မဝိဟာရတရားများ ကိန်းအောင်းရန် မခက်ခဲတော့ပါ။ ဗြဟ္မစိုရ်တရား ဤလေးပါးကသာ အမှောင်ကိုခွင်း၍ အလင်းကို ဆောင်နိုင်ပါသည်။ လောင်မြိုက်အကုသိုလ်ကို ရှောင်နိုင်ပြီး ထာဝရကုသိုလ်ကို ဆောင်နိုင်မည်ဖြစ်သည်။ အပါယ်ဘေးဝေး၍ လူချမ်းသာ၊ နတ်ချမ်းသာ၊ မဂ်ဖိုလ် နိဗ္ဗာန်အရေး မြော်တွေးနိုင်မည်ဖြစ်သည်။

အတ္တ၏ဆန့်ကျင်ဘက် အနတ္တသဘောကို ရှေးရှုကျင့်ကြံလိုက်နာရန် လိုအပ်သကဲ့သို့ "အနိစ္စတရား" မမြဲသော သင်္ခါရသဘောကိုလည်း သတိမပြတ်ရန် လိုအပ်ပါသည်။ အရာရာသည် "ဖြစ်ပြီးပျက်"ဆိုသည့် "ဒုက္ခ"သဘောချည်းသာ ဖြစ်သည်ကို ဆင်ခြင်သုံးသပ်နေရန် လိုအပ်လှပါသည်။ ဤသို့ မြတ်စွာဘုရား ဆုံးမတော်မူသော ထိုလက္ခဏာရေး သုံးပါးကို အလေးအနက်သိရှိထားပါက ဇာတိ၊ ဇရာ၊ မရဏဖြင့် ဆက်နေသော ဘဝအဆက်ဆက်သည် ဘာများ မက်မောတွယ်တာစရာရှိတော့မည်နည်း။ ဤသို့ဆင်ခြင်၍ ရခဲလှစွာသော ဤလူ့ဘဝတွင်ပင် နောင်သံသရာကောင်းအတွက် ဒါန၊ သီလ၊ ဘာဝနာ မျိုးစေ့ကောင်းများသာ ချစိုက်အားထုတ်ရန် ဝန်လေးတော့မည်မဟုတ်ဟု ယုံကြည်မိပေသည်။

မိမိတို့၏ကျေးဇူးရှင် မြတ်ဗုဒ္ဓ၏ ကျင့်ကြံတရား မဂ္ဂင်(၈)ပါးအနက် "သမ္မာဒိဋ္ဌိ" မှန်ကန်သောအယူသည် အရေးကြီးသော မဂ္ဂင်တစ်ပါး ဖြစ်သည်။ မှန်ကန်စွာမြင်မှ အကြံကောင်းဉာဏ်ကောင်း ရရှိနိုင်မည်။ အမှန်ကိုတွေးမှသာ မှန်သောစကားကို ဆိုနိုင်မည်ဖြစ်ကာ၊ မမှားသော ကာယကံအမှုများမှ ရှောင်ရှားနိုင်မည်ဖြစ်သည်။ အမြင်မှန်မှသာ ဒေါသ

**ထူးခြားချက်တို့နှင့် ပြည့်နှက်နေပြီး ကောင်းမှုအားလုံးတို့နှင့် တိုက်ဆိုင်နေသည့် ဤနေ့ဝန်းကျင် ယခုလိုအခါသမယမျိုးတွင် မြန်မာပြည်သူပြည်သား ဗုဒ္ဓဘာသာဝင်လူအများတို့သည် ဗုဒ္ဓနေ့ကို မမေ့လျော့ဘဲ အလေးအနက်ထား မပျက်မကွက်အာရုံပြုကာ ပူဇော်အထူးပြုစေချင်ပါသည်။ အမုန်းတွေကိုဖယ် သံသယတွေကိုပယ်ကာ ကြံ့ကြံ့တောင့်ကြံ့ခံ မဟာကုသိုလ်ထူးကို ရယူစေချင်လှပါသည်။ "အစွဲ၊ အမုန်း"တွေ ခေတ္တပယ်၍ ဓမ္မအရေး ရင်ဝယ်တွေးကာ ညစ်ညူးနေသောစိတ်များကို သန့်စင်လျှော်ဖွပ်၍ ဖြူစင်စိတ်ထားထာဝရထားရှိစေချင်။**

ရှေ့ထား အမှားများကို ကာကွယ်နိုင်ပါမည်။ ကိလေသာတရားများဖြင့် အိပ်မောကျနေသူသည် နိုးထရန်ခက်ပါသည်။

ဤကမ္ဘာ့ဗုဒ္ဓဘာသာနေ့ဖြစ်သော ကဆုန်လပြည့်ဗုဒ္ဓနေ့ အခါသမယဝယ် လူသတ္တဝါအားလုံး ကြီးပွားချမ်းသာပြီး အေးချမ်းသာယာကြပါစေ။ မိမိတို့၏ မမြဲသောဘဝဘဝများ မပျက်စီးမီ၊ မကွယ်ပျောက်မီ ကျန်းမာဉာဏ်ရွှင် အလင်းရောင်ရှိခိုက်တွင် အကုသိုလ်တရားများမှ ရှောင်ရှားနိုင်ကြပြီး ကုသိုလ်အမှုများ အမြောက်အမြားပြုနိုင်ကြပါစေ၊ အပါယ်ဘေးကင်းဝေးကြပါစေဟူ၍ ဆုမွန်တောင်း ဓမ္မဒေသနာပြုလိုက်ရပါသည်။ ။

# ဒီမိုကရေစီနှင့်ဖီလာဆန့်ကျင်သည့် အကြမ်းဖက်လုပ်ရပ်များ - သတိထား

ငြိမ်းချမ်းမောင်

ယနေ့အချိန်ကာလတွင် ဒီမိုကရေစီဟုဆိုသည့် ဆန္ဒထုတ်ဖော်တောင်းဆိုလှုပ်ရှားမှုများ ကြိုးကြား ကြိုးကြားနှင့် လျော့ပါးလာပြီဖြစ်သည်။ ဒီမိုကရေစီရေး ဆန္ဒပြမှုများအစား ဒီမိုကရေစီအမည်ခံ၍ အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်လာကြသည်။

ယနေ့ကာလတွင် မြို့ရွာများ၌ Protester အဖြစ်မှ Terrorist အဖြစ်သို့ ပြောင်းလဲသွားကြသည်။ "ဒီမိုကရေစီရရှိရေး" မှ "အာဏာရှင်စနစ်ကျဆုံးရေး"၊ "အာဏာရှင်စနစ်ကျဆုံးရေး"မှ "နိုင်ငံအလုံးစုံ ပျက်သုဉ်းရေး"ကို ဦးတည်လာကြသည်။

**အကြမ်းဖက်အုပ်စုများ**

အလုံးစုံပျက်သုဉ်းရေးမှာ ဒီမိုကရေစီဝါဒမဟုတ်ပေ။ ဒီမိုကရေစီစနစ်ကို တန်ဖိုးထားသော၊ အကောင်အထည်ဖော်နေသော နိုင်ငံရေးပါတီကြီးသည် မိမိအာဏာရရေးအတွက် မိမိတန်ဖိုးထားသည့် ဒီမိုကရေစီကိုပင် ဖျက်ဆီးဖို့ ကြိုးစားနေသည်။ အစိုးရဟူသော အခွင့်အာဏာဖြင့် ရွေးကောက်ပွဲစံနှုန်းများနှင့် မလျော်ညီသည့် အမှုများကို လုပ်ဆောင်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်၍ အာဏာယူရန် ကြိုးပမ်းခဲ့သည်။

တပ်မတော်သည် ပါတီစုံဒီမိုကရေစီလမ်းကြောင်း သွေဖည်မသွားစေရေးအတွက် ထိန်းသိမ်းကာကွယ်ခဲ့သည်။ နိုင်ငံ့တာဝန်ကို မလွှဲမရှောင်သာဘဲ လွှဲပြောင်းယူပြီး စစ်မှန်သည့် ပါတီစုံဒီမိုကရေစီစနစ်ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်နေသည်။ အာဏာလက်လွှတ်လိုက်ရသည်ကို မခံမရပ်နိုင်ဖြစ်၍ အလုံးစုံပျက်သုဉ်းရေးလမ်းကြောင်းပေါ်သို့ ရောက်လာကြသည်။

တိုင်းပြည်အလုံးစုံ ပျက်သုဉ်းရေးကို ဖန်တီးကြသူများမှာ ယနေ့မတရားအသင်းအဖြစ် ကြေညာထားသော အဖွဲ့အစည်းများဖြစ်သည်။ NLD မှ လွှတ်တော်ကိုယ်စားလှယ်အချို့နှင့် နိုင်ငံရေးအစွန်းရောက်များ ပါဝင်ဖွဲ့စည်းသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw–CRPH) နှင့် ၎င်းက ထပ်မံဖွဲ့စည်းထားသော အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government–NUG)၊ ၎င်းမှ ထပ်မံဖွဲ့စည်းသည့် ပြည်သူ့ကာကွယ်ရေးတပ်မတော် (People Defence Force–PDF)၊ ၎င်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများအားလုံးဖြစ်သည်။ ၎င်းတို့သည် တိုင်းပြည်ကို ဖျက်ဆီးသည့် မတရားအသင်းများဖြစ်သလို အကြမ်းဖက်အုပ်စုများလည်း ဖြစ်သည်။

**အစဉ်တစိုက်လှုံ့ဆော်**

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ (င)နှင့် ပုဒ်မ ၇၂ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူညီချက်ဖြင့် အထက်ပါအဖွဲ့များအား အကြမ်းဖက်အုပ်စုများအဖြစ် မေလ ၈ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ မတရားအသင်းအဖြစ် ကြေညာထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)၊ ယင်းကဖွဲ့စည်းထားသော အမျိုးသားညီညွတ်ရေးအစိုးရ (NUG) တို့သည် Civil Disobedience Movement–CDM တွင် ပါဝင်သူများကို အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရန် အစဉ်တစိုက် လှုံ့ဆော်အားပေးခဲ့သည့်အဖွဲ့များဖြစ်သည်။

ယင်းတို့၏ လှုံ့ဆော်မှုကြောင့် နိုင်ငံအတွင်းရှိ နေရာများစွာတွင် အကြမ်းဖက်မှုအမျိုးမျိုး



ပေါက်ခေါင်းမြို့နယ်ရှိ မြို့နယ်ပညာရေးမှူးရုံး မီးလောင်ပျက်စီးဆုံးရှုံးမှုအား တွေ့ရစဉ်။

ဖြစ်ပေါ်လာခဲ့ရသည်။ CRPH နှင့် NUG တို့မှ ဦးဆောင်သူများ၏ လှုံ့ဆော်အားပေးမှုကြောင့် အစိုးရ၏ အုပ်ချုပ်ရေးယန္တရား ပျက်ပြားစေရန် CDM ပြုလုပ်ကြခြင်း၊ ခြိမ်းခြောက်ခြင်း၊ မီးရှို့ခြင်း၊ ဗုံးခွဲခြင်း၊ တိုက်ခိုက်ခြင်း၊ လူသတ်ခြင်းများပါ ပြုလုပ်လာကြသည်။ ထို့အပြင် NUG အဖွဲ့သည် ပြည်သူ့ကာကွယ်ရေးတပ်မတော် (People Defence Force–PDF) ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ CRPH နှင့် NUG တို့၏ လှုံ့ဆော်စည်းရုံးမှုကြောင့် ဒေသန္တရကာကွယ်ရေးတပ်ဖွဲ့ဟု အမည်တပ်ကာ မြို့ရွာအချို့တွင် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့် လုပ်ဆောင်မှုများ ပေါ်ပေါက်လာသည်။

**အကြမ်းဖက်လုပ်ရပ်များ**

အဆိုပါ မတရားအသင်းအဖြစ် သတ်မှတ်ထားသော အဖွဲ့များ၏ သွေးထိုးလှုံ့ဆော်ခြင်းခံထားရသည့် နိုင်ငံအတွင်း၌ ကဏ္ဍပေါင်းစုံမှ နိုင်ငံရေးမှိုင်းမိနေသူများသည် နိုင်ငံ့ဝန်ထမ်းများနှင့် ပြင်ပဝန်ထမ်းများကိုပါ CDM ပြုလုပ်ရန် စည်းရုံးလှုံ့ဆော်ခြင်း၊ CDM မပြုလုပ်သူများကို ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်း၊ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ကျောင်းမတက်ရန် လှုံ့ဆော်ခြင်း၊ ကျောင်းတက်သူများကို ခြိမ်းခြောက်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံခြင်း၊ အကြမ်းဖက်လုပ်ရပ်များတွင် ပါဝင်လုပ်ဆောင်ရန် ကြံစည်အားထုတ်ခြင်းတို့ကို ပြုလုပ်လာကြသည်။

အကြမ်းဖက်မှုနှင့်ပတ်သက်၍ ၂၀၁၄ ခုနှစ် ဇွန်လ ၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်မှ ဥပဒေအမှတ် ၂၃ ဖြင့် အတည်ပြုပြဋ္ဌာန်းထားသည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၁၃)အရ အများပြည်သူအတွင်း ထိတ်လန့်ကြောက်ရွံ့မှုကို ဖြစ်စေခြင်း၊ အစိုးရ သို့မဟုတ် ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းတစ်ခုခုအား ဥပဒေနှင့်မညီသည့် လုပ်ရပ်တစ်ခုခုကို အတင်းအကျပ်ပြုလုပ်စေခြင်း သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ရမည်ကို မပြုလုပ်ဘဲ ရှောင်ရှားစေခြင်းတို့ကို ရည်ရွယ်၍ ပြုလုပ်မှုများသည် အကြမ်းဖက်မှုများတွင် အကျုံးဝင်လျက်ရှိသည်။ ထို့ကြောင့် ၎င်းအဖွဲ့များနှင့် လက်အောက်ခံအဖွဲ့အစည်းအားလုံးကို အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာခဲ့ခြင်းဖြစ်သည်။

**ပြစ်ဒဏ်ကျခံရနိုင်**

ထို့အပြင် **အကြမ်းဖက်သမားတစ်ဦးဦးနှင့် အကြောင်းဆက်စပ်သော ပြည်သူများအနေဖြင့် အထူးသတိပြုရမည့် ဥပဒေများကိုလည်း သိရှိထားသင့်သည်။ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်အား ဖမ်းဆီး၍ အရေးယူခြင်း မပြုနိုင်စေရန်ဖြစ်စေ၊ လွတ်မြောက်စေရန်အတွက်ဖြစ်စေ ထိမ်ချန်ခြင်း သို့မဟုတ် သိလျက်နှင့် ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် ပုန်းအောင်းခွင့်ပေးခြင်း၊ ယာယီတည်းခိုနေထိုင်ခွင့်ပေးခြင်း သို့မဟုတ် ဝှက်ထားခြင်းတို့ကို ပြုလုပ်ပါက အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂ (က) အရ အနည်းဆုံး ထောင်ဒဏ်သုံးနှစ်မှ အများဆုံး ထောင်ဒဏ် ခုနစ်နှစ်အထိ ပြစ်ဒဏ်ကျခံရနိုင်ပေသည်။**

ထိုမျှသာမက အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်အား အဆောက်အအုံနှင့် နေရာတစ်ခုခုကို အသုံးပြုခွင့်၊ စုဝေးခွင့်၊ အစည်းအဝေးပြုလုပ်ခွင့်ပေးရန်၊ အကြမ်းဖက်မှုဆိုင်ရာ လေ့ကျင့်သင်တန်းပေးရန် သို့မဟုတ် သယ်ယူပို့ဆောင်ရေး စီစဉ်ဆောင်ရွက်ပေးရန် ပြုလုပ်မှုများဆောင်ရွက်ပါက အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂ (က)နှင့် ငြိစွန်းပါသည်။

ထို့အပြင် **အကြမ်းဖက်အုပ်စုတစ်ခုခုက အသုံးပြုရန် ရည်ရွယ်၍ဖြစ်စေ၊ အသုံးပြုမည်ဟု သိလျက်နှင့်ဖြစ်စေ ငွေကြေးကောက်ခံခြင်း၊ လက်ခံခြင်း၊ ထောက်ပံ့ခြင်း၊ ပေးပို့ခြင်း၊ လွှဲပြောင်းခြင်းတို့ကို ပြုလုပ်ပါက အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၄၁ (က)အရ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်းဆိုင်ရာ ဥပဒေမြောက်သဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀ (ည) အရ အနည်းဆုံးထောင်ဒဏ် ၁၀ နှစ်မှ အများဆုံးထောင်ဒဏ်တစ်သက်အထိ ချမှတ်ခံရနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။**

**ကြံရာပါအဖြစ်ပါဝင်**

ထို့အပြင် ငွေကြေး၊ ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကို အကြမ်းဖက်အုပ်စုတစ်ခုခုက တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် အသုံးပြုခြင်း သို့မဟုတ် အသုံးပြုရန် ရည်ရွယ်၍သော်လည်းကောင်း၊ အသုံးပြုမည်ဟု သိရန်အကြောင်းရှိလျက်နှင့်သော်လည်းကောင်း ဥပဒေနှင့်မညီဘဲ လက်ဝယ်ထားရှိပါက အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၄၁ (ခ)အရ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုမြောက်သဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀ (ည)အရ အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိ ပြစ်ဒဏ်ချမှတ်ခြင်း ခံရနိုင်သည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၄၁ ပါ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုတစ်ခုခုကျူးလွန်ရန် အားထုတ်ခြင်း၊ အားပေးကူညီခြင်း၊ လှုံ့ဆော်မှု ပြုလုပ်ခြင်း၊ စည်းရုံးခြင်း၊ ပေးကမ်းထောက်ပံ့ခြင်း၊ အခြားသူများကို ညွှန်ကြားခြင်း၊ ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်ခြင်း ပြုပါကလည်း အလားတူပြစ်ဒဏ်များ ကျခံရနိုင်သည်ကို သိရှိထားရမည်ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံတွင် အကြမ်းဖက်မှုများ ဖြစ်ပေါ်နေသည်။ အကြမ်းဖက်မှုများဖြစ်ပေါ်စေရန်အတွက် တွန်းအားပေးလှုံ့ဆော်ကြသူများသည် လွတ်ရာလွတ်ကြောင်း လွတ်မြောက်ရာနယ်မြေမှ လုပ်ဆောင်နေခြင်းဖြစ်ပြီး ၎င်းတို့၏ စည်းရုံးမှု၊ လှုံ့ဆော်မှုကို နားယောင်ကြသော ပြည်တွင်းမှ အစွန်းရောက်များ၊ ဒုစရိုက်သမားများက အကြမ်းဖက်မှုများကို ပြုလုပ်ကြသည်။ မကောင်းမှုဒုစရိုက်ဟူသည် ပြေးလွတ်ရိုးထုံးစံ မရှိသဖြင့် ဖမ်းဆီးအရေးယူခြင်း ခံကြရမည်သာဖြစ်သည်။

စာမျက်နှာ ၂၆ သို့ ❖

**အကြမ်းဖက်သမားတစ်ဦးဦးနှင့် အကြောင်းဆက်စပ်သော ပြည်သူများအနေဖြင့် အထူးသတိပြုရမည့် ဥပဒေများကိုလည်း သိရှိထားသင့်သည်။ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်အား ဖမ်းဆီး၍ အရေးယူခြင်း မပြုနိုင်စေရန်ဖြစ်စေ၊ လွတ်မြောက်စေရန်အတွက်ဖြစ်စေ ထိမ်ချန်ခြင်း သို့မဟုတ် သိလျက်နှင့် ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် ပုန်းအောင်းခွင့်ပေးခြင်း၊ ယာယီတည်းခိုနေထိုင်ခွင့်ပေးခြင်း သို့မဟုတ် ဝှက်ထားခြင်းတို့ကို ပြုလုပ်ပါက အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂ (က)အရ အနည်းဆုံး ထောင်ဒဏ် သုံးနှစ်မှ အများဆုံး ထောင်ဒဏ် ခုနစ်နှစ်အထိ ပြစ်ဒဏ်ကျခံရနိုင်။**

# ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ်ရှိ မိုးဗြဲရဲကင်းစခန်းအား လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့က လာရောက်တိုက်ခိုက်သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ကျဆုံးကာ တပ်ဖွဲ့ဝင်အချို့ ပျောက်ဆုံး

**နေပြည်တော် မေ ၂၃**

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်အုပ်ချုပ်မှု ယန္တရားများပျက်ပြားစေရန်နှင့် ဒေသတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်ရည်ရွယ်၍ အင်အားအနည်းငယ်သာရှိသော ရဲကင်းစခန်းများကို ချောင်းမြောင်းတိုက်ခိုက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီ ၂၅ မိနစ်ခန့်တွင် ဖယ်ခုံမြို့နယ် မိုးဗြဲရဲကင်းစခန်းအား လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့ အင်အား ၇၀ ခန့်က ရဲစခန်းတောင်ဘက်နှင့် အနောက်တောင်ဘက် ပွဲကုန်းရပ်ကွက်နှင့် ပေါ်ဦးရပ်ကွက်များရှိ လူနေအိမ်တိုက်များပေါ်မှ လက်နက်ကြီး/လက်နက်ငယ်များဖြင့် လာရောက်စီးနင်းတိုက်ခိုက်ခဲ့သည့်အပြင် နံနက် ၁၁ နာရီခန့်တွင် မိုးဗြဲဆည်အတွင်းမှ စက်လှေ သုံးစင်းဖြင့် လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အင်အား ၃၀ ခန့် ထပ်မံရောက်ရှိပူးပေါင်းပြီး ရဲကင်းစခန်းအား ဝိုင်းဝန်းပိတ်ဆို့၍ တိုက်ခိုက်ခဲ့သည်။

**ပြန်လည်ခုခံပစ်ခတ်**

တိုက်ပွဲဖြစ်ပွားလျက်ရှိသည့် ရဲကင်းစခန်းအား လိုအပ်သော လုံခြုံရေးအင်အားများ ထပ်မံတိုးမြှင့်ပေးရန်အတွက် ဖယ်ခုံမြို့နှင့် လွိုင်ကော်မြို့တို့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အဆိုပါ ရဲကင်းစခန်းသို့ ထွက်ခွာလာစဉ် ကုန်းသာကျေးရွာနှင့် ခေါင်မှိုင်းကျေးရွာတို့အရောက်၌ လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များက ဖြတ်တောက်ပိတ်ဆို့ပစ်ခတ်တိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ရှင်းလင်းခဲ့ပြီး ဆက်လက်ထွက်ခွာခဲ့ရာ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ ခန့်တွင် မိုးဗြဲရဲကင်းစခန်းသို့ ရောက်ရှိပူးပေါင်းနိုင်ခဲ့သည်။

တိုက်ပွဲဖြစ်ပွားစဉ်အတွင်း မိုးဗြဲရဲကင်းစခန်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ကျဆုံးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ပျောက်ဆုံးလျက်ရှိကြောင်း သိရကာ ပျောက်ဆုံးတပ်ဖွဲ့ဝင်များအား ပြန်လည်ရှာဖွေတွေ့ရှိနိုင်ရေးနှင့် လာရောက်စီးနင်းတိုက်ခိုက်ခဲ့သည့် လက်နက်ကိုင်သောင်းကျန်းသူများအား ပိတ်ဆို့ချေမှုန်းနိုင်ရေးတို့အတွက် တပ်မတော်စစ်ကြောင်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပူးပေါင်းကာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကျိုက်လတ်မြို့နယ် ကတက်ကွင်းကျေးရွာ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဂုဏ်သိက္ခာညှိုးနွမ်းစေရန် မဟုတ်မမှန်သတင်းများကို လုပ်ကြံဖန်တီးဖြန့်ချိသူကို ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၃**

လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းစွာ နေထိုင်လိုသော မိဘပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံမှုရှိစေရေးတို့အတွက် နေ့၊ ညမပြတ် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ အဖျက်အမှောင့်ဆောင်ရွက်လိုသူများက အဆိုပါ လှုပ်ရှားမှုများအပေါ် ဂုဏ်သိက္ခာထိခိုက်ညှိုးနွမ်းစေရန်ရည်ရွယ်ပြီး မဟုတ်မမှန်သတင်းများ လုပ်ကြံဖန်တီးဖြန့်ချိခြင်းများကို နည်းလမ်းပေါင်းစုံဖြင့် ပြုလုပ်ဆောင်ရွက်လျက်ရှိသည်။



တရားခံ မဌေးဌေးဝင်း(ခ)ဌေးဌေးအား တွေ့ရစဉ်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ဖောင်ရိုးဆိပ်ကျေးရွာအုပ်စု ကတက်ကွင်းကျေးရွာနေ မဌေးဌေးဝင်း(ခ)ဌေးဌေး (ဘ) ဦးကျင်ဖေက ၎င်း၏ ငွေကျပ် ၂၆၀၀၀၀၊ ရွှေလက်စွပ် တစ်ကွင်းနှင့် ရွှေနားကပ် တစ်ရံ တို့ကို ကျိုက်လတ်မြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များက သိမ်းယူခဲ့ကြောင်း မဟုတ်မမှန် သတင်းကို ၎င်းနေထိုင်ရာ ကျေးရွာအတွင်း ပျံ့နှံ့အောင် လုပ်ကြံစွပ်စွဲ သတင်းဖြန့်ချိခြင်းများ ပြုလုပ်ခဲ့သည်။

**ဖမ်းဆီးထိန်းသိမ်း**

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် ကျေးရွာနေပြည်သူများကို ကြောက်ရွံ့ထိတ်လန့်စေရန် မဟုတ်မမှန်သတင်းများ လုပ်ကြံဖန်တီးဖြန့်ဝေပြောဆိုသူ မဌေးဌေးဝင်းကို မေ ၂၂ ရက်တွင် ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ကျိုက်လတ်မြို့မရဲစခန်းမှ ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ လက်ဝယ်ထားရှိသူများနှင့်အတူ ဆက်လက်ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် မေ ၂၃**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ ပြုလုပ်သူ၊ လက်ဝယ်ထားရှိသူများအား ဆက်လက်ဖော်ထုတ်ထိန်းသိမ်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မေ ၂၂ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် အသုတ်မြို့ (၅)ရပ်ကွက်နေ ဦးမြဦး(စိစစ်ဆဲ)၏ နေအိမ်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သတင်းအရ ဝင်ရောက်ရှာဖွေရာ ဦးမြဦး၏ ဇနီးဖြစ်သူ ဒေါ်မြတ်မွန်ကြူ(ခ)ခင်နှင်းသက်(၅၀)နှစ် (ဘ)ဦးကိုသန်းအား တွေ့ရှိထိန်းသိမ်းပြီး နေအိမ်အတွင်းမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် နိုင်ငံတော်ဆန့်ကျင်ရေးစာသားပါ ဗီနိုင်း သုံးခု၊ ဓားရှည် တစ်ချောင်း၊ သံပိုက်ဖြင့်ပြုလုပ်ထားသည့် ဒူးလေး တစ်လက်၊ မြားတံ ၂၅ ချောင်းတို့အား သိမ်းဆည်းရမိခဲ့သည်။



ရေကြည်မြို့နယ်၌ အမျိုးသမီးတစ်ဦးအား ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။

အလားတူ ညနေ ၆ နာရီခွဲတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့ ရွှေချီရပ်ကွက် "ရွှေစံ" လက်ဖက်ရည်ဆိုင်၌ ဖောက်ခွဲရေးပစ္စည်းများထားရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ ဆိုင်ပိုင်ရှင်ဖြစ်သူ နေထွဋ်ခေါင်စံ(၁၉)နှစ် (ဘ)ဦးဉာဏ်ထွန်းအောင်အား တွေ့ရှိထိန်းသိမ်းပြီး ဆိုင်အတွင်းမှ အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ဖောက်ခွဲရေးပစ္စည်းများ ဝယ်ယူရာတွင် ရေးသားထားသောစာရွက်တစ်ရွက်တို့နှင့်အတူ သိမ်းဆည်းရမိခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား လက်ဝယ်ထားရှိသူများနှင့် သိုဝှက်သိမ်းဆည်းထားရှိသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❖ စာမျက်နှာ ၂၅ မှ

အထူးသတိပြုရန်လိုအပ်သည်မှာ စိတ်ခံစားချက်များသူများနှင့် နားယောင်လွယ်သော ပြည်သူများအနေဖြင့် အကြမ်းဖက်မှု ကျူးလွန်သူများနှင့် ပတ်သက်၍ စိတ်ပါ၍ဖြစ်စေ၊ ခံစားချက်ကြောင့်ဖြစ်စေ၊ ပေါ့ပေါ့တန်တန်ဖြစ်စေ၊ အမှုမဲ့အမှတ်မဲ့ဖြစ်စေ မပတ်သက်မိစေရန် အရေးကြီးပါသည်။ တစ်နည်းတစ်ဖုံ၊ အလွယ်တကူပတ်သက်မိပါက ဖမ်းဆီးခြင်း၊ အရေးယူခြင်း၊ ထောင်ကျခြင်းခံရနိုင်ပေသည်။

**အထူးသတိပြုရန်လိုအပ်သည်မှာ စိတ်ခံစားချက်များသူများနှင့် နားယောင်လွယ်သော ပြည်သူများအနေဖြင့် အကြမ်းဖက်မှု ကျူးလွန်သူများနှင့်ပတ်သက်၍ စိတ်ပါ၍ဖြစ်စေ၊ ခံစားချက်ကြောင့်ဖြစ်စေ၊ ပေါ့ပေါ့တန်တန်ဖြစ်စေ၊ အမှုမဲ့အမှတ်မဲ့ဖြစ်စေ မပတ်သက်မိစေရန် အရေးကြီးပါသည်။ တစ်နည်းတစ်ဖုံ၊ အလွယ်တကူပတ်သက်မိပါက ဖမ်းဆီးခြင်း၊ အရေးယူခြင်း၊ ထောင်ကျခြင်းခံရနိုင်။**

**စစ်ပြေးမြေလှန်စနစ်**

လက်သည်သည် ဒီမိုကရေစီဟု ကြွေးကြော်ခဲ့သော အစွန်းရောက်နိုင်ငံရေးသမားများဖြစ်ကြသည်ကို လက်တွေ့လုပ်ရပ်များအရ ဆိုရမည်ဖြစ်သည်။ တစ်ပါတီအာဏာလွှမ်းမိုးနေသည့် အခြေအနေမှ အာဏာလက်မဲ့ဖြစ်ရသောအခါ တပ်မတော်ကို ဒီမိုကရေစီဖျက်ဆီးသူများ၊ စစ်အာဏာရှင်များ၊ ပြည်သူလူထုအား အကြောင်းမဲ့ ရက်စက်သတ်ဖြတ်နေသူများဟု စွပ်စွဲပြီး ပြည်သူတို့အား တည်ဆဲအစိုးရကို ဆန့်ကျင်တိုက်ဖျက် ဖြုတ်ချပစ်နိုင်ရန် ဝါဒမှိုင်းတိုက်ပေးလေသည်။

အစွန်းရောက်နိုင်ငံရေးသမားများ၊ ပြည်တွင်း/ပြည်ပ တိုင်းပြည်ဖျက်ဆီးလိုသူများ၏ တပ်မတော်မုန်းတီးရေး၊ တပ်မတော်ဖြုတ်ချရေး ဝါဒမှိုင်းသည် ပြည်သူများကြားတွင် ဖုံးလွှမ်းသွားခဲ့သည်။ အမှားကို အမှားပါဟု ရှင်းပြခွင့်ပင်မရနိုင်တော့ဘဲ အမှားကို အမှန်ထင်ကာ အမှားသံသရာတွင် ဝဲလည်၍ တိုင်းပြည်အလုံးစုံပျက်သုဉ်းစေမည့် အကြမ်းဖက်လုပ်ရပ်များတွင် ပါဝင်သူများရှိနေလေသည်။

ဒီမိုကရေစီသည် လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ ငြိမ်းချမ်းခြင်းကို ဆောင်သော်လည်း ဒီမိုကရေစီကို ခုတုံးလုပ်ကာ အကြမ်းဖက်လုပ်ရပ်များအထိ လုပ်ကိုင်လာကြသည်မှာ တိုင်းပြည်ကို ဖျက်ဆီးခြင်းသာဖြစ်သည်။ ယနေ့ ဖြစ်ပေါ်နေသော အကြမ်းဖက်လုပ်ရပ်များသည် ဒီမိုကရေစီစနစ်ကို ဖျက်ဆီးနေကြခြင်းဖြစ်သည်။ မိမိတို့အာဏာလက်လွှတ်လိုက်ရသဖြင့် စစ်ပြေးမြေလှန်စနစ်၊ ကြွက်မနိုင်ကျီမီးနှင့်ရှို့သည့်စနစ်၊ မစားရသည့်အမဲ သဲနှင့်ပက်သည့်စနစ်၊ ကြောက်ကျွဲခတ်သည့်စနစ်ကို အကောင်အထည်ဖော်၍ အလုံးစုံပျက်သုဉ်းရေးလမ်းကြောင်းပေါ်သို့ တွန်းပို့နေခြင်းသာ ဖြစ်သည်ဟု သုံးသပ်မိပါသည်။

ဒီမိုကရေစီစနစ်နှင့် ဖီလာဆန့်ကျင်သည့် အန္တရာယ်များသော အကြမ်းဖက်လုပ်ရပ်များတွင် ပါဝင်ပတ်သက်မိခြင်းမရှိစေရန် အသိပေးရေးသားတင်ပြလိုက်ရပါသည်။ ။

**❖ အက်သလက်တီကိုမက်ဒရစ်အသင်းမှ**

အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ဟာ စပိန်လာလီဂါပြိုင်ပွဲမပြီးဆုံးမီ တစ်ပွဲအလိုမှာ နှစ်မှတ်စီကွာဟနေပြီး နောက်ဆုံးပွဲစဉ်မှာလည်း ရီးယဲလ်မက်ဒရစ်အသင်းက ဗီလာရီးယဲလ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့သလို အက်သလက်တီကိုမက်ဒရစ်အသင်းကလည်း ဗယ်လာဒိုးလစ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ပြိုင်ပွဲပြီးဆုံးချိန်မှာ ရမှတ်နှစ်မှတ်ကွာအနေအထားနဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းက စပိန်လာလီဂါဖလားကို ရယူဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

အက်သလက်တီကိုမက်ဒရစ်အသင်းဟာ ဗယ်လာဒိုးလစ်အသင်းနဲ့ ကစားခဲ့တဲ့ လာလီဂါပြိုင်ပွဲနောက်ဆုံး ပွဲစဉ်မှာ ပွဲကစားချိန် ၅၇ မိနစ်မှာ သွင်းယူခဲ့တဲ့ ကော်ရီရာရဲ့ သွင်းဂိုး၊ ပွဲကစားချိန် ၆၇ မိနစ်မှာ သွင်းယူခဲ့တဲ့ ဆွာရတ်ဇ်ရဲ့ သွင်းဂိုးတွေနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး ဗယ်လာဒိုးလစ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုတော့ ပွဲကစားချိန် ၁၈ မိနစ်မှာ ပလာနိုက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ယခုပွဲစဉ်မှာ အက်သလက်တီကိုမက်ဒရစ်အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဆွာရတ်ဇ်ဟာ အခုနှစ်ဘောလုံးရာသီမှာ အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့အတူ သွင်းဂိုး ၂၁ ဂိုးအထိ သွင်းယူနိုင်ခဲ့သူလည်းဖြစ်ပါတယ်။ တိုက်စစ်မှူး ဆွာရတ်ဇ်ဟာ အက်သလက်တီကိုမက်ဒရစ်အသင်း၊ ဘာစီလိုနာအသင်းတို့နဲ့အတူ စပိန်လာလီဂါဖလားကို ရယူဆွတ်ခူးနိုင်ခဲ့တဲ့ တတိယမြောက်ကစားသမားဖြစ်လာခဲ့ပြီး ဒေးဗစ်ဗီလာနဲ့ အာဒါတူရန်တို့ဟာလည်း အက်သလက်တီကိုမက်ဒရစ်အသင်း၊ ဘာစီလိုနာအသင်းတို့နဲ့အတူ စပိန်လာလီဂါဖလားကို ရယူဆွတ်ခူးထားနိုင်ခဲ့ကြတာဖြစ်ပါတယ်။

အက်သလက်တီကိုမက်ဒရစ်အသင်းဟာ ယခု ၂၀၂၀-၂၀၂၁ ဘောလုံးရာသီမှာ စပိန်လာလီဂါဖလားကို ရယူနိုင်ခဲ့ခြင်းဟာ အသင်းရဲ့ သမိုင်းတစ်လျှောက်မှာ စပိန်လာလီဂါဖလားကို ၁၁ ကြိမ်မြောက် ရယူဆွတ်ခူးနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

စပိန်လာလီဂါပြိုင်ပွဲသမိုင်းတစ်လျှောက်မှာတော့ ရီးယဲလ်မက်ဒရစ်အသင်းက စပိန်လာလီဂါဖလားကို ၃၄ ကြိမ်နဲ့ ဘာစီလိုနာအသင်းက ၂၆ ကြိမ် အသီးသီးရယူဆွတ်ခူးထားနိုင်ခဲ့တာဖြစ်ပါတယ်။ ယခုနှစ် ဘောလုံးရာသီရဲ့ စပိန်လာလီဂါပြိုင်ပွဲပြီးဆုံးချိန်မှာ အက်သလက်တီကိုမက်ဒရစ်အသင်း၊ ရီးယဲလ်မက်ဒရစ်အသင်း၊ ဘာစီလိုနာအသင်းနဲ့ ဆီဗီလာအသင်းတို့ဟာ လာမယ့်ဘောလုံးရာသီအတွက် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိ ခဲ့ပြီး ရီးယဲလ်ဆိုစီဒက်အသင်းနဲ့ ရီးယဲလ်ဘတ်တစ်အသင်းတို့ဟာ ယူရိုပါလိဂ်ဝင်ခွင့်ရရှိခဲ့ကာ ဟူစကာအသင်း၊ ဗယ်လာဒိုးလစ်အသင်းနဲ့ အီဘားအသင်းတို့ကတော့ စပိန်လာလီဂါပြိုင်ပွဲကနေ တန်းဆင်းခဲ့ရတာဖြစ်ပါတယ်။

**ငွေကြယ်**

# သောက်သုံးရေ အခက်ကြုံတွေ့နေသည့် ပြည်သူများအား သောက်သုံးရေများ လှူဒါန်း



**ညောင်ဦး မေ ၂၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ရွာသစ်တောင်ကျေးရွာရှိ ဒေသခံပြည်သူများ သောက်သုံးရေ အခက်ကြုံတွေ့နေကြောင်းသိရ၍ ယမန်နေ့နံနက်ပိုင်းက ရွာသစ်တောင်ကျေးရွာနေပြည်သူများ သောက်သုံးရေ အဆင်ပြေစေရန်အတွက် ညောင်ဦးမြို့နယ် အေးမေတ္တာပရဟိတ ရေအလှူတော်အသင်း (တောင်ဇင်း)မှ ဦးဝင်းမင်းထွန်း ဦးဆောင်သော ပရဟိတရေလှူအဖွဲ့က သောက်သုံးရေဂါလန် ၁၂၀၀ အား အိမ်ထောင်စုအလိုက် စနစ်တကျ ခွဲဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။ ယခုရက်ပိုင်း ရာသီဥတု အပူချိန်မြင့်တက်မှုကြောင့် ညောင်ဦးမြို့နယ်အတွင်းရှိ အညာကျေးလက်ဒေသများတွင် သောက်သုံးရေ အခက်အခဲများကြုံတွေ့နေရပြီး ရပ်ဝေးရပ်နီးမှ စေတနာရှင် ပြည်သူများအနေဖြင့် သောက်သုံးရေ ကုသိုလ်အဖြစ် လှူဒါန်းလိုပါက ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာနေ ဦးဝင်းမင်းထွန်း ဖုန်း-၀၉-၄၂၀၃၈၀၇၇၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

**❁ မြန်မာအသင်းမှ**

ရွေးချယ်ကာ ကျင်းပသွားမည်ဖြစ်ပြီး ခြေစစ်ပွဲယှဉ်ပြိုင်မည့်အသင်းများအနေဖြင့် သက်ဆိုင်ရာနိုင်ငံများမှ မလာရောက်မီ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးရသလို ခြေစစ်ပွဲကစားမည့်နိုင်ငံသို့ ရောက်ရှိချိန်တွင်လည်း လေဆိပ်၌ ရောဂါထပ်မံစစ်ဆေးရခြင်းဖြစ်သည်။ ထို့အတူ မြန်မာ့လက်ရွေးစင်အသင်းမှာလည်း ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များအတိုင်း နေထိုင်လုပ်ဆောင်နေရပြီး မြန်မာနိုင်ငံမှ မထွက်ခွာမီနှင့် ဂျပန်နိုင်ငံသို့ ရောက်ရှိချိန်တွင် ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးခဲ့ရသည်။ မြန်မာအသင်းပါဝင်သော အုပ်စု (F) ပွဲစဉ်များကို ဂျပန်နိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စုလက်ကျန်ပွဲများဖြစ်သော ဂျပန်၊ ကာဂျစ္စတန်၊ တာဂျစ်ကစ္စတန်အသင်းတို့နှင့် ကစားရမည့် လက်ကျန်သုံးပွဲမတိုင်မီ စစ်ဆေးရမည်ဖြစ်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလားခြေစစ်ပွဲ ဒုတိယအဆင့်အုပ်စုပွဲများကို တစ်နှစ်ကျော်ကြာနောက်ဆုတ်ခဲ့ရပြီး နှစ်ကုန်ပိုင်းတွင် ၂၀၂၂ ကမ္ဘာ့ဖလား (အာရှဇုန်) တတိယအဆင့်ခြေစစ်ပွဲနှင့် ၂၀၂၃ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲများ ကျင်းပရန်ရှိသဖြင့် ဇွန်လလယ်တွင် အပြီးကျင်းပရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

**ကိုညီလေး**

## သတိပြုရမည့်အပူဒဏ်အန္တရာယ်များ

### အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhasustion)

- ဂဏှာမငြိမ်ခြင်း
- ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း
- ကြွက်တက်ခြင်းနှင့် နုံးချိပျော့ခွေခြင်း
- အလွန်အမင်းရေဆာခြင်း
- ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း

### အပူဒဏ်ကြောင့်သတိလစ်ခြင်း (Heat Stroke)

- ခန္ဓာကိုယ်အပူချိန်အလွန်အကျွံမြင့်တက်လာခြင်း
- အရေပြားပူ၍ခြောက်သွေ့ခြင်း(သို့) ချွေးခမ်းခြောက်ခြင်း
- ကယောင်ကတမ်းဖြစ်ခြင်း

သတိလစ်ခြင်း၊ တက်ခြင်း

### အရေးပေါ် ရှေးဦးပြုစုခြင်း

- လူနာကိုအရိပ်ရအေးမြသောနေရာသို့ ရွှေ့ထားပါ။ လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ။ မရှိပါကယပ်ခတ်ပေးပါ။
- လူနာ၏ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ။
- လူနာ၏အဝတ်အစားများကို ချွတ်ပါ။
- လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့ကို ရေပတ်တိုက်ပါ။
- လူနာကောင်းစွာသတိရနေပါက ရေအေးအေး (သို့) ဓါတ်ဆားရည်တိုက်ပါ။



အပူဒဏ်ကြောင့် သတိလစ်ခြင်းဖြစ်ပွားမည့်လက္ခဏာများ ပေါ်ပေါက်ပါက အသက်အန္တရာယ် ထိခိုက်နိုင်ပါသည်။

နီးစပ်ရာဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်းပို့ဆောင်ပါ။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
မတ်လ၊ ၂၀၂၁

## ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်

### လိုက်နာဆောင်ရွက်ရန် အချက်များ

- အရိပ်ရ၍ အေးမြသောနေရာများတွင်သာနေပါ။
- မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပုခုံးတို့ကိုပါလုံခြုံသော အရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များကိုဝတ်ဆင်ပါ။
- နေ့ခင်းနေ့လည်အပြင်သွားပါက ထီး၊ ဦးထုပ်ဆောင်းပါ။ နေကာမျက်မှန်တပ်ဆင်ပါ။
- ရေများများသောက်ပါ။






### ရှောင်ကြဉ်ရန်အချက်များ


- နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်းနေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။
- ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။
- နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ။
- ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ခြင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ခြင်းထွက်ခြင်းတို့ကို ရှောင်ကြဉ်ပါ။






ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
မတ်လ၊ ၂၀၂၁

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



ရေပန်းအကြီး



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက် (၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
## ဒုတိယဗိုလ်မှူးကြီး ကောင်းဇော်ဦး (ငြိမ်း)
## အသက် (၆၃) နှစ်

[ဗိုလ်မှူးကြီး ထွန်းလွင် (ညွှန်ကြားရေးမှူး၊ ပြည်သူ့စစ်နှင့် ပြည်သူ့ဆက်ဆံရေး၊ ကက-ကြည်း) - ဒေါ်ကြည်ကြည်ထွေး] တို့၏သားကြီး၊ မုံရွာမြို့၊ ရုံးကြီးရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ ဒေါ်မြမြတင် (Central Fashion Shop) ၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုရဲဝင်းမြတ် - မခိုင်မာလာထွန်း (သီရိရွှေစင် အဆောက်အဦပစ္စည်း ရောင်းဝယ်ရေး)၊ ဒေါက်တာ ခိုင်ယုမွန်ဇော် (M.B.,B.S–MDY) တို့၏ ချစ်လှစွာသော ဖခင်၊ မအိမ့်ပြည့်စုံသာ၊ မောင်မင်းပြည့်စုံသာတို့၏ ဘိုးဘိုးကြီး ဒုတိယဗိုလ်မှူးကြီး ကောင်းဇော်ဦး(ငြိမ်း)သည် ၂၃-၅-၂၀၂၂ (တနင်္လာနေ့) နံနက် ၆:၃၀ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၂၅-၅-၂၀၂၂ (အင်္ဂါနေ့)နံနက် ၁၀ နာရီတွင် ဆားဂျင်း တရုတ်သုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိခြင်း
## ဒေါ်ရင်မြ အသက်(၈၅)နှစ်
### (အမရပူရမြို့)

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ အမှတ်(၁/၉၂)၊ နန်းတော်ရာ စံပြရပ်ကွက်သစ်နေ ဒေါ်ရင်မြ နာမကျန်းဖြစ်စဉ် ဂရုတစိုက်ကုသ စောင့်ရှောက်မှုပေးခဲ့ပါသော တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)နေပြည်တော်မှ တပ်မှူး၊ လိုအပ်သည်များကို လိုလေသေးမရှိ ကူညီစောင့်ရှောက်ပေးခဲ့ပါသော တပ်မတော်ဆေးသုတေသနတပ်မှ ဒုတိယတပ်မှူးဗိုလ်မှူးကြီး သိန်းဇော်၊ ဦးနှောက်နှင့်အာရုံကြောအထူးကုဆရာဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ကျော်စိုးဝင်း၊ အထူးကုဆရာဝန်ကြီးများနှင့် အထူးကြပ်မတ်ကုသဆောင်မှ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၊ နာမကျန်းဖြစ်နေစဉ်နှင့် ကွယ်လွန်ပြီးနောက် ဖုန်းဖြင့်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ သတင်းစာများတွင် ဝမ်းနည်းကြောင်း ထည့်ပေးကြပါသော လူပုဂ္ဂိုလ်များနှင့် ဌာနအဖွဲ့အစည်းများအားလည်းကောင်း၊ စစ်တက္ကသိုလ်(၂၆) မိသားစုများအားလည်းကောင်း၊ သတင်းမေး အားပေးကြသော ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများ၊ နာရေးကိစ္စအဝဝအား ကူညီဆောင်ရွက်ပေးကြသူများ၊ နာရေးလိုက်ပါပို့ဆောင်ကြသော ဝန်ထမ်းမိသားစုများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ကွယ်လွန်သူအား ရည်စူး၍ ၂၃-၅-၂၀၂၂ရက် နံနက် ၈နာရီတွင် အထက်ပါနေအိမ်၌ ပြုလုပ်သော ရက်လည်ဆွမ်းကျွေး တရားတော်နာသို့ ကြွရောက်ကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျန်ရစ်သူမိသားစုမှ လှိုက်လှိုက်လှဲလှဲ ကျေးဇူး အထူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ယာဉ် ဒါယိကာမကြီး
## ဒေါ်ကြိုင်(ဖျာပုံ/မော်လမြိုင်)
## အသက်(၉၅)နှစ်

ဖျာပုံမြို့နေ(ဦးဘိုးတင်-ဒေါ်ကြင်မြိုင်)တို့၏သမီး၊[ဦးဦးတင် (လဝကဦးစီးမှူး)] ၏ချစ်လှစွာသောဇနီး၊ [ဗိုလ်ကြီးကိုကိုကြီး (OTS-၆၆)]၊ ဦးကိုကိုလေး(ဒု-ညွှန်ချုပ်၊ ကုန်သွယ်/ဦးစီး)-ဒေါ်သိန်းနုခိုင်(ဒု-ညွှန်မှူး၊ကုန်သွယ်/ဦးစီး)၊ ဦးဝင်းဟန်(ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ လယ်/ဆည်ဝန်ကြီးဌာန)-ဒေါ်ကေသီ(ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်)၊ ဦးကိုကိုထွေး(MD, K & K Maha Co.,Ltd)၊ ဒေါ်အေးအေးခိုင်(ဦး/ရှိ-ငြိမ်း၊ FERD) တို့၏ ကျေးဇူးရှင်မွေးသမိခင်၊မပန်းမြတ်သန္တာ(Grade-11-A, ထ-၅၊ ဗိုလ်တထောင်) ၏ ချစ်လှစွာသောအဘွားသည် ၂၂-၅-၂၀၂၂ (စနေနေ့) ညနေ ၃:၄၅ နာရီတွင် SSC ဆေးရုံ၌ လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၂၂ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

(အမှတ်-၃၇၊ နီလာလမ်း၊ မြန်မာ့ဂုဏ်ရောင်အိမ်ရာဝင်း၊ သံသုမာလမ်း နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးနိုင်ဦး(B.Ag 83 Batch)
## အသက်(၆၁)နှစ်
### ညွှန်ကြားရေးမှူး(ငြိမ်း)၊ ပဲခူးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ စန္ဒကူးလမ်း၊ အမှတ်(၉)နေ [ဦးကြည်ဝင်း (အင်/ယာမှူးကြီး-ငြိမ်း) - ဒေါ်ရင်ကြည်]တို့၏ သား၊ ဝါးခယ်မမြို့နေ (ဦးသန်းမြင့်)-ဒေါ်ကြည်ကြည်မြင့်(ရွှေမြင်းပျံ သက်န်းတိုက်) တို့၏သားသမက်၊ ဒေါ်သီတာဦး (B.Ag 85 Batch)၏ခင်ပွန်း၊ ကိုပြည့်ဖြိုးကျော်(MEP Engineer, HAGL Myanmar Co.,Ltd.)၊ မဇွန်ပွင့်ဖြူ(ခေတ္တ-စင်ကာပူ)တို့၏ဖခင်၊ ဒေါ်ခင်မို့မို့(ညွှန်ကြားရေးမှူး-ဇဟိုစာရင်းအင်းအဖွဲ့၊ နေပြည်တော်)၏ အစ်ကိုသည် ၂၃-၅-၂၀၂၂(တနင်္လာနေ့) နံနက် ၄:၁၅နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁:၃၀နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၅-၂၀၂၂ရက် နံနက် ၆နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာမည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ကိုချစ်ကို

အိမ်ခြံမြေအကျိုးဆောင်မှ

အင်္ဂုမြို့သစ် (မြောက်ပိုင်း/တောင်ပိုင်း/အရှေ့ပိုင်း/ဆိပ်ကမ်း)မြေကွက်များ

ဈေးကောင်းပေးဝယ်ပါသည်။

ပွဲခပေးရန်မလိုပါ။

09-5094084

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ယာဉ် ဒါယိကာမကြီး
## ဒေါ်ကြိုင်(ဖျာပုံ/မော်လမြိုင်)
## အသက်(၉၅)နှစ်

ဦးဝင်းဟန်(ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ လယ်/ဆည်ဝန်ကြီးဌာန)-ဒေါ်ကေသီ(ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်)တို့၏ ကျေးဇူးရှင်မိခင်ကြီးသည် ၂၂-၅-၂၀၂၂ ရက် ညနေ ၃:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်**
**အရာထမ်း၊ အမှုထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ယာဉ် ဒါယိကာမကြီး
## ဒေါ်ကြိုင် (ဖျာပုံ/မော်လမြိုင်)
## အသက် (၉၅) နှစ်

ဦးကိုကိုလေး(ဒု-ညွှန်ချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန)-ဒေါ်သိန်းနုခိုင် (ဒု-ညွှန်မှူး၊ ကုန်သွယ်ရေးဦးစီးဌာန)တို့၏ ကျေးဇူးရှင်မိခင်ကြီးဒေါ်ကြိုင်သည် ၂၂-၅-၂၀၂၂ ရက် ညနေ ၃:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**ကုန်သွယ်ရေးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ယာဉ် ဒါယိကာမကြီး
## ဒေါ်ကြိုင် (ဖျာပုံ/ မော်လမြိုင်)
## အသက် (၉၅)နှစ်

ဦးဝင်းဟန် [ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ လယ်/ဆည်ဝန်ကြီးဌာန]-ဒေါ်ကေသီ [ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်]တို့၏မိခင် ဒေါ်ကြိုင်သည် ၂၂-၅-၂၀၂၂ (စနေနေ့) ညနေ ၃:၄၅ နာရီတွင် SSC ဆေးရုံ၌ လူကြီးရောဂါဖြင့် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်သင်တန်းအမှတ်စဉ်(၇၀)မှ**
**သူငယ်ချင်းများနှင့် မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ယာဉ် ဒါယိကာမကြီး
## ဒေါ်ကြိုင် (ဖျာပုံ/ မော်လမြိုင်)
## အသက် (၉၅)နှစ်

ဦးဝင်းဟန် [ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ လယ်/ဆည်ဝန်ကြီးဌာန]-ဒေါ်ကေသီ [ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်]တို့၏ မိခင် ဒေါ်ကြိုင်သည် ၂၂-၅-၂၀၂၂ (စနေနေ့) ညနေ ၃:၄၅ နာရီတွင် SSC ဆေးရုံ၌ လူကြီးရောဂါဖြင့် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်မောင်ဝင်း-ဒေါ်ထွေးထွေး**
**အမရပူရမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ စစ်ကိုင်းတိုင်းဒေသကြီး(အနောက်)၊ ချင်းတွင်းဖောင်ဖွဲ့ရေးဒေသတွင် ၂၀၂၀-၂၀၂၂ဘဏ္ဍာနှစ်အတွင်း သစ်လုံးများကို ရေယာဉ်ဖြင့် သစ်ဆိပ်ပြောင်းသယ်ယူပို့ဆောင်ခြင်း ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ သာမန်အသုံးစရိတ်ဖြင့် ဝန်ဆောင်မှုရယူလိုပါသဖြင့် ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | Lot. No. | ခရီးစဉ် | | သစ်တန် | မှတ်ချက် |
|---|---|---|---|---|---|
| | | မှ | သို့ | | |
| ၁။ | Lot.1 | လောင်းမင်း | ရန်ကုန် | ၅၀၀၀ | ရေယာဉ်ဖြင့် |
| ၂။ | Lot.2 | လောင်းမင်း | မုံရွာ | ၈၈၆၇ | သယ်ပို့ခြင်း |
| ၃။ | Lot.3 | ကုက္ကိုချောင်း | ရန်ကုန် | ၅၀၀၀ | သယ်ပို့ခြင်း |
| ၄။ | Lot.4 | ကုက္ကိုချောင်း | မုံရွာ | ၃၂၄၈ | သယ်ပို့ခြင်း |
| ၅။ | Lot.5 | အင်းဒေါင့်စွယ် | ရန်ကုန် | ၁၀၀၀၀ | သယ်ပို့ခြင်း |
| ၆။ | Lot.6 | အင်းဒေါင့်စွယ် | ရန်ကုန် | ၁၀၀၀၀ | သယ်ပို့ခြင်း |
| ၇။ | Lot.7 | အင်းဒေါင့်စွယ် | ရန်ကုန် | ၁၀၀၀၀ | သယ်ပို့ခြင်း |
| ၈။ | Lot.8 | အင်းဒေါင့်စွယ် | မုံရွာ | ၂၀၆၅ | သယ်ပို့ခြင်း |
| ၉။ | Lot.9 | ပန်းသာ | ရန်ကုန် | ၅၄၁၀ | သယ်ပို့ခြင်း |
| ၁၀။ | Lot.10 | တွန်းပင် | ရန်ကုန် | ၂၀၇၉ | သယ်ပို့ခြင်း |
| ၁၁။ | Lot.11 | တွန်းပင် | ဆင်မင်း | ၆၀၂၂ | သယ်ပို့ခြင်း |

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအတိုင်း တင်သွင်းရန်ဖြစ်ပါသည်-
- (က) တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၂၄-၅-၂၀၂၂ ရက်
- (ခ) တင်ဒါပိတ်မည့်ရက် - ၂၃-၆-၂၀၂၂ ရက်၊ ၁၆:၀၀ နာရီ
- (ဂ) တင်ဒါဖွင့်မည့်ရက် - ၂၅-၆-၂၀၂၂ ရက်
- (ဃ) လျှောက်လွှာရောင်းချမည့်နေရာ - ဒုတိယအထွေထွေမန်နေဂျာ၊ စစ်ကိုင်းတိုင်းဒေသကြီး(အနောက်)ရုံး

၃။ 'လ'အလိုက် သယ်ယူပို့ဆောင်ပေးရမည့် သစ်တန်ပမာဏနှင့် တင်ဒါစည်းကမ်းချက်များအား တင်ဒါလျှောက်လွှာဝယ်ယူမည့်နေရာတွင် တစ်ပါတည်း ထုတ်ယူနိုင်ပါသည်။

၄။ Lot တစ်ခုချင်းအလိုက် သစ်တန်အတိုး/အလျှော့ရှိနိုင်ပါသည်။

၅။ အသေးစိတ်အချက်အလက်များသိရှိလိုပါက
- (က) မြန်မာ့သစ်လုပ်ငန်းဝက်ဆိုဒ် - www.mte.com.mm
- (ခ) ဒုတိယအထွေထွေမန်နေဂျာ စစ်ကိုင်းတိုင်းဒေသကြီး(အနောက်)မုံရွာမြို့ - ဖုန်း-၀၉-၄၀၀၃၀၁၆၀၁
- (ဂ) လက်ထောက်အထွေထွေမန်နေဂျာ၊ ချင်းတွင်းဖောင်ဖွဲ့ရေးဒေသ - ဖုန်း-၀၉-၂၁၃၂၈၀၀
- (ဃ) လက်ထောက်မန်နေဂျာ(ရုံး)၊ ချင်းတွင်းဖောင်ဖွဲ့ရေးဒေသ - ဖုန်း-၀၉-၂၁၁၀၅၀၃

**တင်ဒါခေါ်ယူရေးကော်မတီ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးလှတင် (ဘီးလင်း၊ ကော့ကဒွတ်)
## အသက်(၈၉)နှစ်

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ကော့ကဒွတ်ရွာနေ (ဦးတူး-ဒေါ်ညိမ်းမေ)တို့၏ သား၊ မော်လမြိုင်မြို့နေ (ဦးသိန်းဖေ-ဒေါ် မာ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ အမှတ်(၆၉)၊ ပထမထပ်နေ (ဒေါ်နုယဉ်)၏ ခင်ပွန်း၊ ဦးစိုးမြင့်သိန်း-ဒေါ်ခင်အေးမော်၊ (ဒေါ်အေးအေးမော်)၊ ဦးတင်ဝင်းနိုင်-ဒေါ်နှင်းနှင်းအေး(အထက-၃၊ စမ်းချောင်း)၊ ဒေါက်တာ မျိုးမျိုးခိုင်(ပါမောက္ခဌာနမှူး၊ ပထဝီဝင်ဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)၊ ဦးတင်ဝင်း-ဒေါ်သန္တာရွှေတို့၏ ချစ်လှစွာသောဖခင်၊ မမြင့်မြတ်ခိုင် (Pharmacist)၊ မမေသူဟံတို့၏ အဘိုးသည် ၂၃-၅-၂၀၂၂ (တနင်္လာနေ့) နံနက် ၆:၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၅-၂၀၂၂ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးအောင်တင့်(မာန်အောင်)
### အ.ထ.ပြ(ငြိမ်း)၊ နာယက၊ မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)
## အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ဆောင်းဟေမာန်အိမ်ရာ၊ တိုက်(၁)၊ အခန်း(၆)နေ ဒေါ်မမကြီး၏ ခင်ပွန်း၊ (ဦးခင်မောင်ဝင်း-ဒေါ်ခင်လေးတင့်)၊ ဦးတင်မင်းအောင်-ဒေါ်ညွှန့်ညွှန့်သိန်း၊ ဦးကိုလေး-ဒေါ်နှင်းယုယုအေး၊ ဦးဇော်ထူးလင်း(ခ) ညီညီ-ဒေါ်သီရိမေဇွန် တို့၏ ဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၂၃-၅-၂၀၂၂ (တနင်္လာနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၅-၂၀၂၂ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါ နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကြိုင် (ဖျာပုံ/မော်လမြိုင်)
## အသက် (၉၅)နှစ်

ဦးကိုကိုထွေး (MD,K&K Maha Co.Ltd.) ၏မိခင် ဒေါ်ကြိုင် အသက် (၉၅)နှစ်သည် ၂၂-၅-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်စက်မှုတက္ကသိုလ် 1987-91**
**မြို့ပြအင်ဂျင်နီယာ သူငယ်ချင်းများ**

## သက်ဆိုင်သူများကန့်ကွက်နိုင်ရန် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅/သစ်ထည်)ရပ်ကွက်၊ ဦးတင်အေးလမ်း၊ အမှတ် (P)၊ မြေအကျယ်အဝန်း အလျား(၈၀)ပေxအနံ(၆၀)ပေ၊ ဧရိယာ(၀.၁၁၀)ဧက၊ (၄၈၀၀) စတုရန်းပေရှိ ရဲမှူးကြီးကျော်မြင့် အမည်ဖြင့် နှစ်(၆၀)ဂရန်မြေနှင့်ယင်းမြေပေါ်တွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထား အမည်ပေါက်ပိုင်ဆိုင်ကာ ရောင်းချခွင့်ရှိသူ ရဲမှူးကြီးကျော်မြင့်(ငြိမ်း) [၁၂/ကမတ(နိုင်)၀၀၈၂၇၄] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးတင်မော်အောင် [၁၂/ရကန(နိုင်)၀၁၅၃၂၁]နှင့် ဒေါ်စောမြတ်မြတ်မိုး [၁၂/ရကန(နိုင်)၀၁၁၅၈၆]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို (၂၂-၅-၂၀၂၂)ရက်တွင် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအောင်မျိုးချစ်(LL.B)** | **ဒေါ်သက်ဝေအောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၆၂၇၄)** | **(စဉ်-၅၀၀၁၆)** |

**ဖုန်း-09-778849700, 09-773562082**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ကြီးပွားရေး(တောင်)၊ မြေကွက်အမှတ် ၅/က၊ မြေကွက်တည်နေရာအမှတ် (၅/က)၊ အောင်သပြေလမ်း၊ ကြီးပွားရေး/တောင်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ (ဦးဗစံ AB-၀၅၇၃၃၂) အမည်ပေါက် နှစ်(၆၀) မြေအား အမည်ပေါက် ဦးဗစံသည် လူပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် အတူနေ တူမဖြစ်သူ ဒေါ်အေးအေးခိုင်ကို (တရားပြိုင်)ထားကာ ဦးခင်မောင်သိန်း၏ အခွင့်ရကိုယ်စားလှယ် ဒေါ်ဖူးပွင့်အောင်မှ (တရားလို)ပြုလုပ်၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ပေးစေလိုမှုဖြင့် စွဲဆိုသော ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် (၈၁၈/၂၀၁၈)၏ စီရင်ချက်နှင့် ဒီကရီ၊ တရားမဇာရီမှုအမှတ် (၂၂၃/၂၀၁၉)၏အမိန့်၊ (၁၆-၁၂-၂၀၁၉)ရက်စွဲပါ တရားရုံးဘီလစ်ခန့်စာ၊ ဂရန်မူရင်းတို့တင်ပြ၍ ဘီလစ်ဒေါ်နိုနိုဝင်းကို [၇/ညလပ(နိုင်)၁၃၇၃၆၄]မှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအပေါ် တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်ရှုစိန်(ခ)အခိန်း(ကုန်းလမ်းပို့ဆောင်ရေး-ငြိမ်း)
## အသက်(၇၁)နှစ်
### ညောင်တန်း-စက်ာပူ

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၂)ရပ်ကွက်၊ ဇမ္ဗူသီရိ(၂)လမ်း၊ အမှတ်(၆)နေ (ဦးချိန်ဟုတ်- ဒေါ်ကြင်စိန်)တို့၏သမီး၊ ဦးမောင်မောင်အေး(ကုန်းလမ်းပို့ဆောင်ရေး-ငြိမ်း)၏ဇနီး၊ ဦးသူရအောင်- ဒေါ်ခိုင်ပွင့်ဖြူ(KBZ-Bank)တို့၏မွေးသမိခင်၊ မြေးနှစ်ယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၂၃-၅-၂၀၂၂ (တနင်္လာနေ့) နံနက် ၆:၅၀နာရီတွင် ဇ၆ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် အမိုးနီသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမြင့်သိန်း (လ/ပြ-ငြိမ်း)
### အလက(၄)ရန်ကင်း၊ အလက(၂)ရန်ကင်း
## အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဖြိုးမ္ဘစိုရ်လမ်း၊ အမှတ်(၆၉၀) နေ (ဦးစံရင်-ဒေါ်ထွေးတင်)တို့၏ တစ်ဦးတည်းသောသား၊ (ဦးစံလှအောင်-ဒေါ်သိန်း) တို့၏ သားသမက်၊ ဦးအုံ့ဇော်-ဒေါ်ခင်ခင်ဌေး၊ ဦးသက်နောင်-ဒေါ်စန်းစန်းဌေး၊ ဦးယဉ်ဦး-ဒေါ်ဆွေဆွေအောင်တို့၏ဖခင်၊ မသိမ့်သိမ့်သူ၊ မောင်ဝဏ္ဏအောင်၊ မအေးမဥ္ဇူအောင်၊ မောင်မင်းချမ်းမြေ့၊ မောင်စိုးထက်အောင်-မလှဲ့ရည်မွန်ဦး၊ မောင်ဖုံသာအောင်၊ မနှင်းဆုရတီဦးတို့၏အဘိုး၊ မသန့်သီရိခေတ်၏ဘိုးဘိုး၊ ဒေါ်ဌေးဌေး၏ ချစ်လှစွာသောခင်ပွန်းသည် ၂၂-၅-၂၀၂၂ (စနေနေ့) ည ၁၁:၀၇ နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ၂၄-၅-၂၀၂၂(တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀:၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၅-၂၀၂၂ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့် အသက်ကယ်ပါ

**ကြေးမုံ ယနေ့ ဖတ်စရာ**

**တရုတ်နိုင်ငံရှိ တောင်ပေါ်မာရသွန် အပြေးပြိုင်ပွဲ၌ ရာသီဥတုဆိုးရွားမှုကြောင့် ပြိုင်ပွဲဝင် ၂၁ ဦးသေဆုံး**



စာမျက်နှာ » ၁၂

--------------------

**တောင်ကိုရီးယားနိုင်ငံ၌ Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထုတ်လုပ်မည်**

စာမျက်နှာ » ၁၃

--------------------

**ဒီမိုကရေစီနှင့် ဖီလာဆန့်ကျင်သည့် အကြမ်းဖက်လုပ်ရပ်များ - သတိထား**

စာမျက်နှာ » ၂၅




# တစ်နှစ်ကျော်ကြာပိတ်ထားသည့် မြနန်းစံကျော် ရွှေနန်းတော်ကြီး ကဆုန်လပြည့်နေ့မှစတင်၍ ပြန်လည်ဖွင့်လှစ်မည်

**မန္တလေး မေ ၂၃**

တစ်နှစ်ကျော်ကြာပိတ်ထားခဲ့သည့် မန္တလေးမြို့နန်းတွင်းရှိ မြနန်းစံကျော် ရွှေနန်းတော်ကြီးအား မေ ၂၅ ရက် (ကဆုန်လပြည့်)နေ့မှစတင်ကာ ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါမြနန်းစံကျော်ရွှေနန်းတော်ကြီးကို ကိုဗစ် -၁၉ ရောဂါထိန်းချုပ်ရန်အတွက် ၂၀၂၀ ပြည့်နှစ် မတ်လကုန်ပိုင်းမှစတင်ကာ အများပြည်သူဝင်ရောက်လည်ပတ်ခွင့်ကို ပိတ်ထားခဲ့ရာမှ ကဆုန်လပြည့်နေ့ (မေ ၂၅ ရက်)မှစတင်ကာ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းက ပြောသည်။

"တစ်နှစ်ကျော်ကြာပိတ်ထားတဲ့ ရွှေနန်းတော်ကြီးကို လာမယ့် ကဆုန်လပြည့်နေ့မှာ ပြန်လည်ဖွင့်လှစ်သွားမှာပါ။ **စာမျက်နှာ ၂၄ ကော်လံ ၁ သို့** ❐



## အက်သလက်တီကိုမက်ဒရစ်အသင်း စပိန်လာလီဂါဖလား ၁၁ ကြိမ်မြောက်ဆွတ်ခူး

စပိန်လာလီဂါအမှတ်ပေးပြိုင်ပွဲရဲ့ နောက်ဆုံးပွဲစဉ်ဖြစ်တဲ့ ပွဲစဉ် ၃၈ မှာ အက်သလက်တီကိုမက်ဒရစ်အသင်းက ဗယ်လာဒိုးလစ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီးနောက် အက်သလက်တီကိုမက်ဒရစ်အသင်းဟာ စပိန်လာလီဂါဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။ စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ❖

## နိုင်ငံတကာပြိုင်ပွဲများအတွက် မြန်မာ့ရိုးရာလှေအားကစားသမားများ ပြင်ဆင်နေ

**ရန်ကုန် မေ ၂၃**

မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်သည် နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရန်အတွက် မြန်မာ့ရိုးရာလှေအားကစားသမားများကို ရွေးချယ်လေ့ကျင့်ပေးလျက်ရှိသည်။ ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် လှေလှော်အားကစားနည်း၌ ရိုးရာလှေပြိုင်ပွဲမပါဝင်သဖြင့် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်အနေဖြင့် လာမည့်နှစ်တွင် ယှဉ်ပြိုင်ရမည့် နိုင်ငံတကာအားကစားပြိုင်ပွဲအတွက် ရည်ရွယ်ပြင်ဆင်နေခြင်းဖြစ်သည်။ **စာမျက်နှာ ၇ ကော်လံ ၅ သို့** ❍

## မြန်မာအသင်းယှဉ်ပြိုင်မည့် ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲ လက်ကျန်ပွဲများ မကစားမီ ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးရမည်

**ရန်ကုန် မေ ၂၃**

ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ကျင်းပခြင်းဖြစ်သောကြောင့် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလားခြေစစ်ပွဲ ဒုတိယအဆင့် အုပ်စုလက်ကျန်ပွဲ မကစားမီ ကိုဗစ်-၁၉ ကပ်ရောဂါ ရှိ၊ မရှိ စစ်ဆေးရမည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလားခြေစစ်ပွဲ ဒုတိယအဆင့်အုပ်စုလက်ကျန်ပွဲ ၆၀ ကို မေ ၂၈ ရက်မှ ဇွန် ၁၅ ရက်အတွင်း ပြုလုပ်မည်ဖြစ်ပြီး ကပ်ရောဂါကူးစက်မှုမပြန့်ပွားစေရန်နှင့် ရောဂါထိန်းချုပ်နိုင်ရန်အတွက် ပွဲတစ်ပွဲမကစားမီတိုင်း ရောဂါစစ်ဆေးသွားမည်ဖြစ်သည်။ ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလားခြေစစ်ပွဲ ဒုတိယအဆင့်ကို အုပ်စုရှစ်ခုခွဲ၍ ကျင်းပလျက်ရှိပြီး အုပ်စုတစ်ခုချင်းစီအလိုက် အိမ်ရှင်တစ်နိုင်ငံ **စာမျက်နှာ ၂၇ ကော်လံ ၃ သို့** ❁

## လေဖိအားနည်းရပ်ဝန်းအခြေအနေ

**ရန်ကုန် မေ ၂၃**

ယနေ့နံနက် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ နောက် ၁၂ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိပြီးနောက် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားကာ မေ ၂၄ ရက်တွင် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ **စာမျက်နှာ ၂၄ ကော်လံ ၂ သို့** ■